# ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်၊ တနင်္ဂနွေနေ့၊ (29-3-2015) (၈၁၅၉)


## အေးစေ မြဲစေ မေတ္တာရေ

❁ နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး။
❁ မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြုတ်ဆုံး။
❁ အေးစေမြဲစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး။
❁ မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး။
❁ မေတ္တာရနံ့၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်မဆုံး။
❁ မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး။
❁ တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှုံ့မမုန်း။
❁ တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း။
❁ မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မန်းတောင်ရိပ်အထွေထွေရောဂါကု ဆေးကုသဆောင်ဖွင့်ပွဲ တက်ရောက်

မန္တလေး မတ် ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်၊ ဦးစိုးဝင်း၊ ဒုတိယဝန်ကြီးဦးသန်းဆွေတို့နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်မှ မြန်မာအမျိုးသားလေကြောင်းဖြင့်ထွက်ခွာရာ မန္တလေးမြို့ ချမ်းမြသာစည်လေဆိပ်သို့ နံနက် ၉ နာရီတွင် ရောက်ရှိသည်။





ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မန်းတောင်ရိပ်အထွေထွေရောဂါကု ဆေးကုသဆောင်(၁၀)ထပ်ဆောင်သစ်ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့်အတူ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးအတွင်းရှိ မန်းတောင်ရိပ်အထွေထွေရောဂါကု ဆေးကုသဆောင် (၁၀)ထပ်ဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးမှ ဒေါက်တာမောင်ဝင်းနှင့် အလှူရှင်များက ဆေးကုသဆောင်(၁၀)ထပ်ဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**

## အရှေ့မြောက်လေအေးများ တိုးဝင်လာ ရေလုပ်သားများ ဂရုပြုရန်လိုအပ်

**ရန်ကုန် မတ် ၂၈**

ပြည်တွင်းသို့ တရုတ်ပြည်မကြီးဘက်မှ အရှေ့မြောက်လေအေးများ တိုးဝင်လာလျက်ရှိရာ ပင်လယ်ပြင်အတွင်း ငါးဖမ်းနေသော ရေလုပ်သားများ အထူးဂရုပြုရန်လိုအပ်ကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်ထံမှ သိရသည်။

အဆိုပါပင်လယ်ပြင်တွင် ကျားဖောင်များဖြင့် ငါးဖမ်းနေသော ရေလုပ်သားများသည် ကာလရှည်ကြာစွာ ပင်လယ်အတွင်းနေထိုင်လုပ်ကိုင်ကြရခြင်းကြောင့် မိုးလေဝသသတင်းများရရှိရန်အရေးကြီးကြောင်း သိရသည်။ လွန်ခဲ့သော ၂၀၁၁ခုနှစ် မတ်လတွင်းကလည်း ယင်းကဲ့သို့သော အရှေ့မြောက်လေအေးများ တိုးဝင်လာမှုကြောင့် ဖျာပုံဘက်မှ ပင်လယ်ပြင်ထွက်၍ ငါးဖမ်းသော ကျားဖောင်များနှင့်

**စာမျက်နှာ ၁၀ ကော်လံ ၃ သို့ ✻**

## ဘင်္ဂလားပင်လယ်အော်စပ်ကြားရှိ လိပ်ဂျိုင်ရေချိုကန်တွင် သင်္ကြန်ရေကစားပွဲဆင်နွှဲမည်

**ပုသိမ် မတ် ၂၈**

မြန်မာပြည်တစ်ခွင်၌ ထူးခြားအံ့ဖွယ် သဘာဝရေကန်များစွာရှိသည်။ ရှမ်းပြည်နယ်မှ အင်းလေးကန်၊ ကချင်ပြည်နယ်မှ အင်းတော်ကြီးကန်၊ ကယားပြည်နယ်ရှိ ဘုတ်တလုတ်ရေကန်တို့ ထင်ရှားခဲ့သလို ပုသိမ်မြို့နယ်အတွင်း၌လည်း ချောင်းသာ၊ ငွေဆောင် အပန်းဖြေစခန်းများကလည်း မြန်မာတွင်မက ကမ္ဘာတစ်ခွင်မှ ဧည့်သည်များပင် လွမ်းမောစရာ၊ စွဲမက်စရာအဖြစ် ကမ္ပည်းတွင်ရှိနေသည်။

ပုသိမ်ခရိုင် ငပုတောမြို့နယ် ငရုတ်ကောင်းမြို့ နံ့သာပုကျေးရွာအုပ်စု ငေါ်ရံဂျီကျွန်းနှင့် ဘင်္ဂလားပင်လယ်အော်စပ်ကြား၌ရှိသော လိပ်ဂျိုင်အတွင်းမှ ရေကန်သည် ပင်လယ်ရေနှင့် တစ်ဆက်တည်းရှိသော်လည်း လှိုင်းလေမရှိ ရေငန်စူးခြင်းမရှိ ပကတိရေချိုကဲ့သို့ ကြည်လင်အေးမြလျက်ရှိသည်။

ထိုအရပ်ဒေသနေ ကရင်၊ ရခိုင်၊ ဗမာတို့က အယူဝါဒကွဲပြားမှုရှိသော်လည်း

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**






**ကြေးမုံစာတည်းရှုထောင့်** **၂၉-၃-၂၀၁၅ (တနင်္ဂနွေနေ့)**

# ပြည်သူလူထုအခြေပြု ကျန်းမာရေး

မြန်မာနိုင်ငံတွင် နေရာဒေသအသီးသီး၊ လူတန်းစားအလွှာအသီးသီးမှ နိုင်ငံသားတိုင်းအား လူ့မျှော်မှန်းသက်တမ်းနှင့်အညီ တိုးမြင့်လာစေရန် နိုင်ငံတော်က အလေးထားဆောင်ရွက်ပေးနေသည်ကို တွေ့ရပါသည်။ ထို့ကြောင့် လူ့မျှော်မှန်းသက်တမ်းမှာ ယခင်ကာလနှင့်မတူ မြင့်မားလာသည်ကိုတွေ့ရသည်။ လူ့သက်တမ်းစေ့ ရှင်သန်ရပ်တည်နိုင်မှုတိုးလာပြီး အသက်ရှည်သူများ တိုးလာသည်ကို စစ်တမ်းများအရသိရသည်။

လူ့မျှော်မှန်းသက်တမ်းမြင့်မားအောင် ဆောင်ရွက်ရာ၌ ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကကျသောအချက်ဖြစ်ပါသည်။ ကာကွယ်ဆေးထိုးနှံရာ၌ လူသားဖွံ့ဖြိုးရေးအတွက် ဦးစွာအရေးပါသော အသက်ငါးနှစ်အောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များသည် အရေးကြီးပါသည်။ ထို့ကြောင့် အဆိုပါကျန်းမာရေး အစီအစဉ်ကို နိုင်ငံတော်က အလေးထားဆောင်ရွက်ပေးနေသောကြောင့် လူ့မျှော်မှန်းသက်တမ်းမြင့်မားလာရသည်ဟု ဆိုနိုင်ပါသည်။

ပြည်သူလူထုအခြေပြု ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းစဉ် ငါးရပ်တွင် ပဉ္စမကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံနိုင်ရေးလုပ်ငန်းစဉ် ပါဝင်ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှစတင်၍ နိုင်ငံတော်က ကျန်းမာရေးအသုံးစရိတ်ကို ပိုမိုတိုးမြှင့်ပေးပြီး ဆေးရုံ၊ ဆေးခန်းများတွင် အခမဲ့ဆေးကုသရေးကို ပြုလုပ်ပေးခဲ့ပါသည်။ ထို့ကြောင့် ပြည်သူများ၏ ကျန်းမာရေးအတွက် စိုက်ထုတ်ကုန်ကျငွေမှာ ၈၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့သည်ကို စစ်တမ်းများအရသိရသည်။

အခမဲ့ကုသရေးလုပ်ငန်းတွင် အစောပိုင်းကာလကတည်းက အပြည့်အဝဆောင်ရွက်နိုင်သည့်လုပ်ငန်းမှာ အရေးကြီးသော ကာကွယ်ဆေးထိုးလုပ်ငန်းဖြစ်ပါသည်။ ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှစတင်၍ ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် အသက်တစ်နှစ်အောက်ကလေးများအား ရောဂါရှစ်မျိုးကာကွယ်ဆေးများ တိုက်ကျွေးထိုးနှံပေးခဲ့ပြီး အသက်ငါးနှစ်အောက် ကလေးများ သေဆုံးမှုအများဆုံးဖြစ်စေသည့် ရောဂါများကို ကာကွယ်ပေးနိုင်ခဲ့ပါသည်။

ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ကာကွယ်ဆေး နှစ်ကြိမ်ထိုးပေးခြင်းဖြင့် မိခင်နှင့်မွေးကင်းစကလေး မေးခိုင်ရောဂါမှ ကာကွယ်ပေးနိုင်ပါသည်။ ကာကွယ်ဆေးလွှမ်းခြုံမှုမြင့်မားစေရန် ဆောင်ရွက်ပေးနိုင်မှုကြောင့် မြန်မာနိုင်ငံတွင် ၂၀၁၀ ခုနှစ်၌ မိခင်နှင့်မွေးကင်းစကလေး မေးခိုင်ရောဂါကို ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ်မှ ကင်းဝေးကြောင်း ကြေညာနိုင်ခဲ့သည်။

ထို့အပြင် ၂၀၁၀ ခုနှစ်တွင် ဝက်သက်ရောဂါကြောင့် သေဆုံးမှုကို ၁၉၉၀ ခုနှစ် သေဆုံးမှုနှုန်း၏ ၉၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့သည်။ ၂၀၁၄ ခုနှစ် မတ်လတွင် မြန်မာနိုင်ငံ၏ ပိုလီယိုကင်းစင်သည့်အခြေအနေကို အသိပေးနိုင်ခဲ့သည်။ ယင်းတို့သည် မြန်မာနိုင်ငံ၏ ကျန်းမာရေးအောင်မြင်မှု သမိုင်းမှတ်တိုင်များဖြစ်သည်။ ဆက်လက်၍ ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်းကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ယခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတွင် ဆောင်ရွက်နိုင်ခဲ့သည်။

တစ်နိုင်ငံလုံးတွင် အသက် ကိုးလမှ ၁၅ နှစ်အရွယ်အထိ ကလေး ၁၇ ဒသမ ၄ သန်းခန့်ကို ကာကွယ်ဆေးထိုးနိုင်ရန်လျာထားပြီး ၇ ဒသမ ၈ သန်းကို ဆေးထိုးပေးနိုင်ခဲ့သည်။ ပြည်သူလူထုအခြေပြု ကာကွယ်ဆေးထိုးအစီအစဉ်တွင် အသက်ငါးနှစ်အောက် ကလေးအပါအဝင် ကျောင်းပြင်ပရှိ ကလေး ၈ ဒသမ ၇ သန်းကို ဆေးထိုးပေးနိုင်ခဲ့၍ တစ်နိုင်ငံလုံး၏ ၉၅ ရာခိုင်နှုန်း ကျန်းမာရေးလွှမ်းခြုံမှုရရှိခဲ့သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် မျှော်မှန်းလူ့သက်တမ်းအတိုင်း ကျန်းမာစွာနေထိုင်နိုင်ရေးအတွက် အဓိကကျသည့် ကလေးငယ်များနှင့်မိခင်များ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို နိုင်ငံတော်က အောင်မြင်စွာ ဆက်လက်ဆောင်ရွက်ပေးနေပါသည်။ ထို့ကြောင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ ပြည်သူလူထုတစ်ရပ်လုံးက ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ဆက်လက်ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

# ဆုတံဆိပ်များ၊ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် စာရွက်စာတမ်းများ လာရောက်လှူဒါန်း

**ရန်ကုန် မတ် ၂၈**

နှစ်(၇၀)ပြည့် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် ဗိုလ်မှူးချုပ်စိုးမြင့်(ငြိမ်း)တိုင်းမှူး အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ မိသားစုက ဗိုလ်မှူးချုပ်စိုးမြင့် တပ်မတော်တွင် တာဝန်ထမ်းဆောင်စဉ် ရရှိခဲ့သော ဆုတံဆိပ်များ၊ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် စာရွက်စာတမ်းများအား အများပြည်သူအကျိုးအတွက် သုတေသီများ၊ ပြည်သူများလေ့လာနိုင်စေရန် မတ် ၂၇ ရက် ညနေ ၄ နာရီတွင် ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းရှိ အမျိုးသားမှတ်တမ်း မော်ကွန်းတိုက်သို့ လာရောက်လှူဒါန်းသည်။ **(အောက်ပုံ)**

အဆိုပါ လှူဒါန်းပွဲသို့ ပြည်သူ့လွှတ်တော်အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှု ကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**နေပြည်တော် မတ် ၂၈**

ပရိယတ္တိသာသနာတော် ထွန်းကားပြန့်ပွားစေရန်ရည်သန်၍ ဓမ္မာစရိယစာမေးပွဲများကို နှစ်စဉ်မပျက်ကျင်းပလျက်ရှိရာ ၂၀၁၅ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားစာဖြေဌာန မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်တော်ကြီး၌ မတ် ၂၅ ရက်မှစတင်ကျင်းပရာ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဦးသန်းငွေ၊ ဦးဖုန်းဇော်ဟန်၊ ဗိုလ်မှူးကြီး မြင့်အောင်သန်း၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူးနှင့် တာဝန်ရှိသူများ တက်ရောက်၍ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

# နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားစာဖြေဌာန၌ ဓမ္မာစရိယစာမေးပွဲကျင်းပ

စာမေးပွဲကာလအတွင်း စာဖြေသံဃာတော်များအား နေပြည်တော်ကောင်စီ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကအလှူရှင်များက နေ့စဉ်နေ့ဆွမ်းနှင့် အချိုပွဲများ ဆက်ကပ်လှူဒါန်းနိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

အဆိုပါဓမ္မာစရိယစာမေးပွဲကို မတ် ၂၅ ရက်မှ ဧပြီ ၃ ရက်အထိ ကိုးရက်တိုင်တိုင်ကျင်းပမည်ဖြစ်၍ စာဖြေသံဃာတော်များ အဆင်ပြေစွာ ကြွရောက်နိုင်ရေးအတွက် နေပြည်တော်ကောင်စီမှ ကြိုဆိုပို့ဆောင်ရေး မော်တော်ယာဉ်များ စီစဉ်ပေးထားကြောင်း သိရသည်။ **(ရွှေကူတို)**

## ဓမ္မာစရိယစာမေးပွဲ တတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၂၈**

သာသနာရေး ဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၁၅ ခုနှစ် ဓမ္မာစရိယစာမေးပွဲ တတိယနေ့ကို ဆက်လက်ကျင်းပရာ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၀ တွင် စာဖြေသံဃာတော်များနှင့် သီလရှင်များ စာရင်းသွင်း ၁၈၈၄၇ ပါးအနက် ၁၃၈၉၈ ပါး ဖြေဆိုကြသဖြင့် ၇၃ ဒသမ ၇၄ ရာခိုင်နှုန်း ဖြေဆိုကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**




since1984 အဖြူလေး 095146452
ဦးဟန်သာ အင်္ဂလိပ်စာ
တက္ကသိုလ် ဆရာဟောင်း
အမှတ်၅(၃လွှာ) ဦးထွန်းလင်းခြံလမ်း၊တာမွေရွှေတံလှည်းတန်း
၂၀၁၄-၁၅ ၁၀တန်းဖြေများအတွက်
ဆေးတက္ကသိုလ်ဝင်ခွင့်
အင်္ဂလိပ်စာ + အခြားနှစ်ဘာသာ
ရန်ကုန်တက္ကသိုလ် ၊ နည်းပညာတက္ကသိုလ်(စက်မှု) နှင့် အခြားတက္ကသိုလ်များ ဝင်ခွင့် March 30 စသင်မည်
ဝင်ခွင့်မရှိလျှင် သင်တန်းကြေးတစ်ကျပ်မကျန် ( ချွင်းချက်မရှိ ) ပြန်အမ်းမည် ။

Professor ဒေါက်တာယတြာလေဒီ
Ph.D( Tantra & Sastra )(Kol-India)
နေ့ဖြစ်တွေ၊ နောက်ဖြစ်တွေ လုပ်မနေနဲ့။ ဘာဖြစ်နေလဲ။ ဘာဖြစ်ချင်လဲ။ ဘာလုပ်ပေးရမလဲ။ လက်ရှိကြုံတွေ့နေတဲ့ အခက်အခဲတွေ ဖြေရှင်းဖို့ အတွက် ထိထိမိမိ ဓါတ်ရိုက်ဓါတ်ဆင် ယတြာ ဆောင်ရွက်လိုလျှင် ... 0950-10735, 0973-207174, 377990
အမှတ်(၆၆)၊ အခန်း(၄)၊ ၁-ထပ်(အယ်)၊ ကုန်ဈေးတန်းလမ်း၊ ဝန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

**စက်မှုဝန်ကြီးဌာန**
**အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**
**ကျောက်မီးသွေးတင်သွင်းလိုသူများဖိတ်ခေါ်ခြင်း**

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ သံမဏိစက်ရုံများကြီးကြပ်ရေးဌာနအောက်ရှိ အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)အတွက် ကျောက်မီးသွေးတန်ချိန်(၆၀၀၀၀)အား စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့်စိတ်ပါ ဝင်စားသူများနှင့် တွေ့ဆုံဆွေးနွေးလိုပါသည်။

ကျောက်မီးသွေးအမျိုးအစား - Sub-Bituminous
တွေ့ဆုံဆွေးနွေးလိုသည့်နေ့ရက် - ၆-၄-၂၀၁၅ရက်
တွေ့ဆုံဆွေးနွေးလိုသည့်နေရာ - အမှတ်(၂)၊ သံမဏိစက်ရုံ(ပင်းပက်)

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်-

သံမဏိစက်ရုံများ ကြီးကြပ်ရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၀၈၃၄၅

**ပျောက်ဆုံးကြောင်း**
ကျွန်တော် ဦးခင်မြင့် (၁၂/ဗတထ (နိုင်) ၀၃၀၈၅၁)၏ **PP No. MA-137354** သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့်တွေ့ ရှိကအကြောင်းကြားပေးပါရန်။ ဖုန်း -၀၉-၃၂၀၇၄၂၂၄

ပညာအရည်အချင်းနှင့် အလုပ်ကျွမ်းကျင်မှုရှိဖို့မလို
လစာ (၁၅)သိန်းဝန်းကျင်ခန့်ဖြင့်
သင် ကိုရီးယားနိုင်ငံတွင် အလုပ် လုပ်လိုပါသလား?
အစိုးရပြည့်ပအလုပ်အကိုင်အောဂျင်စီမှ ကြီးမှူးကျင်းပသော ... E.P.S (TOPIK)
ကိုရီးယားဘာသာအရည်အချင်းစစ် စာမေးပွဲ ဝင်ရောက်ဖြေဆိုမည့်သူများအတွက်
၂၀၀၈-ခုနှစ် မှ ၂၀၁၄-ခုနှစ်အတွင်း Skill Test ဖြေဆိုခွင့်ရထူးချွန်အောင်ကျောင်းသားထောင်ကျော်မွေးထုတ်ပေးခဲ့သောအောင်ချက်အကောင်းဆုံးသင်တန်းကျောင်း
တစ်ကြိမ်တည်းနှင့် အောင်ဖို့လိုပါသည်။
(၅)လပိုင်းစာမေးပွဲ အနီးကပ်သင်တန်းရှိသည်
အခြေခံမှစ၍ စာမေးပွဲဖြေဆိုနိုင်သည်ထိ သင်ကြားပေးမည်
ကိုထွေး-ကိုရီးယားဘာသာ သင်တန်းကျောင်း
အမှတ်(၂၃၅)၊ ဒုတိယထပ်၊ ၃၇လမ်း(အထက်ဘလောက်)၊
ကျောက်တံတားမြို့နယ်၊ ဖုန်း ၀၁-၃၉၉၇၄၀၊
၀၉-၄၅၀၀၂၀၃၃၇၊ ၀၉-၄၂၀၂၄၃၅၈၇၊

နိုင်ငံတကာ

## အီရန်နျူကလီးယားဆွေးနွေးပွဲ ကနဦးသဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးနိုင်ဖွယ်ရှိ

**လောဆန်း မတ် ၂၈**

အီရန်နျူကလီးယားဆွေးနွေးပွဲသည် နောက်ဆုံးသဘောတူညီမှုမရရှိမီ စာမျက်နှာ ၂/၃မျက်နှာပါရှိသည့် ကနဦးသဘောတူညီချက်တစ်ရပ်ကို နှစ်ဦးနှစ်ဖက်သဘောတူညီရန် နီးကပ်နေပြီဖြစ်ကြောင်း သိရသည်။

ပြင်သစ်နှင့် ဂျာမနီနိုင်ငံခြားရေးဝန်ကြီးတို့သည် နျူကလီးယားဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးရန် ဆွစ်ဇာလန်နိုင်ငံသို့ ယနေ့ရောက်ရှိနေပြီဖြစ်သည်။

လောဆန်းမြို့တွင် ရောက်ရှိနေကြသည့် အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီ၊ ရုရှားနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးများက အီရန်နျူကလီးယားအရေး အပြီးသဘောဆောင်သည့် သဘောတူညီမှုများရရှိရန် ဆွေးနွေးလျက်ရှိကြသည်။

'ကနဦးသဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်တယ်။ ပြည်သူတွေသိအောင်လည်း ချပြနိုင်တယ်' ဟု အီရန်အဆင့်မြင့်အရာရှိတစ်ဦးက ရိုက်တာသတင်းဌာနသို့ပြောသည်။ အခြားသော အီရန်အရာရှိများကလည်း ထိုသို့ ထပ်မံပြောကြားခဲ့ကြသည်။

ဆွေးနွေးပွဲတွင် အပြီးသဘောဆောင်သည့် သဘောတူညီချက်တစ်ခုထွက်ပေါ်ရန် မျှော်လင့်ကြောင်းနှင့် အီရန်နိုင်ငံသည် နျူစွမ်းအင်ကို ပြည်တွင်းလိုအပ်ချက်အတွက်သာ အသုံးပြုနိုင်ပြီး နျူကလီးယားလက်နက်ထုတ်လုပ်ရန် မဖြစ်နိုင်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက ၎င်း၏ထင်မြင်ချက်ကို ထုတ်ဖော်ပြောကြားခဲ့သည်။ **ရိုက်တာ။**



## ဆော်ဒီဦးဆောင်သည့် နိုင်ငံစုံတပ်ဖွဲ့ ယီမင်၌ ဆက်လက်တိုက်ခိုက်

**အေဒင်(ယီမင်) မတ် ၂၈**

ဆော်ဒီအာရေဗျ ဦးဆောင်သည့် နိုင်ငံစုံတပ်ဖွဲ့မှ စစ်လေယာဉ်များသည် ယီမင်နိုင်ငံကို တတိယညအဖြစ် ဆက်လက်တိုက်ခိုက်ရာတွင် အေဒင်မြို့တွင်းနှင့် အေဒင်ဆိပ်ကမ်းပတ်ဝန်းကျင်သို့ ချီတက်နေသော သူပုန်များအား ပစ်မှတ်ထားကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အဆိုပါသူပုန်များနှင့် သမ္မတအက်ဒရာဘတ်ချ်မန် ဆိုအာဟာဒီကို သစ္စာခံသောတပ်များသည် လမ်းများပေါ်၌ တိုက်ခိုက်လျက်ရှိကြသည်။ သမ္မတသည် အေဒင်မြို့မှ ထွက်ပြေးသွားခဲ့ပြီး အာရပ်အဖွဲ့ချုပ် ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်လျက်ရှိသည်။

ယခင်သမ္မတဟောင်း အလီအဗ္ဗဒူလာဆာလားက အပစ်အခတ်ရပ်စဲရေးကို တောင်းဆိုလျက်ရှိသည်။ ၎င်းအား ထောက်ခံသူများက သူပုန်များနှင့်လက်တွဲ၍ တိုက်ပွဲဝင်လျက်ရှိသည်။

ဆော်ဒီအာရေဗျနိုင်ငံက ဒေသတွင်းမှ ၎င်း၏ပြိုင်ဘက် ရှီးယိုက်တို့ကြီးစိုးသော အီရန်သည် ဟူသီသူပုန်တို့ကို အားပေးလျက်ရှိသည်ဟု စွပ်စွဲသည်။

ရှေ့သို့ချီတက်နေကြသော သူပုန်များ ဆုတ်ခွာသွားကြစေရန်အတွက် ပင်လယ်ကွေ့နိုင်ငံများနှင့် အီဂျစ်နိုင်ငံတို့ပါဝင်သော အရေးပေါ်စုစည်းထားသည့် နိုင်ငံစုံတပ်ဖွဲ့သည် "အဆုံးအဖြတ်မုန်တိုင်း"ဟု အမည်ပေးထားသော စစ်ဆင်ရေးတစ်ရပ်ကို ဆင်နွှဲလျက်ရှိသည်။

ပင်လယ်ကွေ့နိုင်ငံများသည် ယီမင်စစ်ပွဲ၌ အောင်မြင်မှုကို လွယ်ကူစွာသို့မဟုတ် မြန်ဆန်စွာမရနိုင်ကြောင်း သတင်းများက ပြောသည်။

အမေရိကန်သမ္မတ ဘာရက်အိုဘားမားက ဆော်ဒီဘုရင် ဆော်လ်မန်နှင့် သောကြာနေ့တွင် စကားပြောရာ၌ ဆော်ဒီ၏စစ်ရေးဆောင်ရွက်မှုကို ၎င်းကထောက်ခံသည်ဟုဆိုသည်။

သမ္မတအိုဘားမားနှင့် ဘုရင်ဆော်လ်မန်တို့သည် နိုင်ငံရေးအရ စေ့စပ်ဆွေးနွေးအဖြေရှာမှသာ ယီမင်နိုင်ငံ ထာဝရတည်ငြိမ်မှုရရှိမည်ဟူသောအချက်ကို သဘောတူညီကြသည်ဆို၏။

**ရိုက်တာ။**



## ထိုင်းနိုင်ငံ ဘန်ကောက်မြို့အနီးတွင် ရထားနှစ်စင်းတိုက်မိ၊ လူ ၂၀ ဒဏ်ရာရ

**ဗန်ကောက် မတ် ၂၈**

ထိုင်းနိုင်ငံ ဘန်ကောက်မြို့တော် မြောက်ဘက်ပိုင်းတွင် ရထားနှစ်စင်း တိုက်မိရာ ခရီးသည် ၂၀ ထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

မြောက်ဘက်ပိုင်းသို့ ထွက်ခွာလာသော ရထားတစ်စင်းက အခြားရထားတစ်စင်း၏ အမြီးပိုင်းကို တိုက်မိခဲ့သဖြင့် အပျက်အစီးများဖြစ်ပေါ်စေပြီး ခရီးသည်များထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ထိုင်းနိုင်ငံ ရထားပို့ဆောင်ရေးဌာနက ၎င်း၏ဖေ့စ်ဘွတ်စာမျက်နှာတွင် ထုတ်ပြန်ကြေညာထားသည်။



အဆိုပါ ရထားမတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ၂၂ ဦးခန့်ရှိကြောင်း ရဲမှူးနတ်တီပတ် သမ်မာရတ်ဆော်ဖုန်က ဆိုသည်။ ယင်းထိခိုက်ဒဏ်ရာရရှိသူများအနက် ၂၀ သည် စိုးရိမ်ဖွယ်မရှိရသော်လည်း ရထားမောင်းသူတစ်ဦးနှင့် စက်ပြင်ဆရာတို့မှာ အသက်အန္တရာယ်စိုးရိမ်ရကြောင်း ၎င်းက ပြောသည်။

ယင်းရထားနှစ်စင်းသည် ဘန်ကောက်မြို့သို့ ဦးတည်ခုတ်မောင်းလာခဲ့ကြောင်းနှင့် မတော်တဆဖြစ်စဉ်၏ အကြောင်းရင်းကို စုံစမ်းနေကြောင်း ရဲမှူးက ဆိုသည်။ **အေပီ။**

## အာရှအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးဘဏ်၏ မူလအဖွဲ့ဝင်နိုင်ငံအဖြစ် ရုရှားနိုင်ငံပါဝင်မည်

**မော်စကို မတ် ၂၈**

တရုတ်နိုင်ငံဦးဆောင်သော အာရှအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးဘဏ်၏ မူလအဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ရန် သဘောတူညီချက်တစ်ရပ်ကို ရုရှားနိုင်ငံက လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ရုရှားသတင်းဌာနများက မတ် ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

အာရှအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးဘဏ်၏ မတည်ငွေရင်းတွင် ထည့်ဝင်ရန် ရုရှားသမ္မတ ဗလာဒီမာပူတင်က ဆုံးဖြတ်လိုက်သည်ဟု မိမိက အသိပေးပြောကြားလိုကြောင်း ရုရှားဒုတိယဝန်ကြီးချုပ် အီဂေါ်ရှူမာလော့ဗ်က တရုတ်နိုင်ငံ၌ကျင်းပသော ဘိုအောဖိုရမ်အမည်ရှိ နိုင်ငံတကာဆွေးနွေးပွဲတွင် ပြောကြားသည်။

အာရှ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးဘဏ်ကို ထူထောင်ကြောင်း အောက်တိုဘာလတွင် ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းဘဏ်သည် အမေရိကန်ဦးဆောင်သော ကမ္ဘာ့ဘဏ်အား အန်တုယှဉ်ပြိုင်ခြင်းဖြစ်သည်ဟု အမေရိကန်အစိုးရက ရှုမြင်သည်။ **ပီတီအိုင်။**

## ဆိုမာလီဟိုတယ်တစ်ခုတွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွား၊ ၁၀ ဦး သေဆုံး

**မိုဂါဒစ်ရှူး မတ် ၂၈**

အယ်လ်ရှာဘတ်စစ်သွေးကြွများ ဝင်ရောက်စီးနင်းသည့် ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့မှ ဟိုတယ်ကို ပြန်လည်ထိန်းချုပ်နိုင်ရေးအတွက် ဆိုမာလီအစိုးရတပ်ဖွဲ့များသည် ဆက်လက်တိုက်ခိုက်လျက်ရှိကြောင်း ယနေ့ ရိုက်တာသတင်းတွင် ဖော်ပြသည်။

မာကာအဲလ်-မူကာရာမာဟိုတယ်၌ စစ်သွေးကြွများနှင့် အစိုးရတပ်များအကြား အပြန်အလှန်ပစ်ခတ်ကြရာတွင် ဆွစ်ဇာလန်နိုင်ငံဆိုင်ရာ ဆိုမာလီသံအမတ်ကြီး ယူဆွတ်ဆာရီဘာရီ အပါအဝင် ၁၀ ဦး သေဆုံးခဲ့သည်။

အခြားသော သံတမန်များမှာ ပြတင်းပေါက်များမှ ခုန်ချ၍ ထွက်ပြေးလွတ်မြောက်ခဲ့ကြသည်။

အမေရိကန်က လေ့ကျင့်ပေးထားသည့် ဆိုမာလီအထူးတပ်ဖွဲ့များသည် ဟိုတယ်၏ အစိတ်အပိုင်းအများစုကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့ကြသည်။

စစ်သွေးကြွများသည် ဟိုတယ်၏ အပေါ်ဆုံးထပ်နှင့် ခေါင်မိုးပေါ်တွင် ရှိနေခဲ့ကြပြီး သေနတ်ဖြင့်ပစ်ခတ်၍ လက်ပစ်ဗုံးများဖြင့် ပစ်ပေါက်ခဲ့ကြသည်။

ဟိုတယ်၏အပြင်ဘက်တွင် ကားဗုံးခွဲခြင်းဖြင့် တိုက်ပွဲကို စတင်ခဲ့ပြီး အစိုးရတပ်များက အဆောက်အအုံတစ်ခုကို ပြန်လည်ထိန်းချုပ်နိုင်ရေးအတွက် ဆက်လက်တိုက်ခိုက်နေခြင်းဖြစ်သည်။

အဆိုပါဟိုတယ်သည် အစိုးရတာဝန်ရှိပုဂ္ဂိုလ်များနှင့် စီးပွားရေးလုပ်ငန်းရှင်များအတွင်း နာမည်အကြီးဆုံးဟိုတယ်ဖြစ်သည်။

မာကာအဲလ်-မူကာရာမာဟိုတယ်သည် အစိုးရအရာရှိများ အထူးနှစ်သက်သဖြင့် ယင်းကို ဟိုတယ်ဟု မယူဆဘဲ အစိုးရအခြေစိုက်စခန်းအဖြစ် ယူဆကြောင်း အယ်လ်ရှာဘတ် ပြောရေးဆိုခွင့်ရှိသူက ဘီဘီစီသို့ ပြောကြားခဲ့သည်။

အေပီမှ ထပ်မံရရှိသောသတင်းများအရ ဆိုမာလီတပ်ဖွဲ့များသည် အသေခံဗုံးခွဲတိုက်ခိုက်ချိန်မှ ၁၂ နာရီကျော်အကြာတွင် ဟိုတယ်တစ်ခုလုံးကို ထိန်းချုပ်နိုင်ပြီဖြစ်ပြီး အနည်းဆုံး ၁၇ ဦး သေဆုံး၍ ဒဏ်ရာရသူ ဒါဇင်နှင့်ချီ၍ရှိသည်။

ယနေ့ဟိုတယ်အတွင်း၌ အလောင်းလေးလောင်းထပ်မံတွေ့ရှိကြောင်း၊ ယမန်နေ့က ၁၀ ဦးသေဆုံးကြောင်း အဆင့်မြင့်ရဲအရာရှိတစ်ဦးက ပြောသည်။ ဆေးရုံ၌ နောက်ထပ်လေးဦးသေဆုံးကြောင်း မိုဂါဒစ်ရှူးရှိ မာဒီနာဆေးရုံမှ ဆရာဝန်တစ်ဦးက ပြောသည်။

သေဆုံးသူများတွင် စစ်သွေးကြွ မည်မျှပါဝင်သည်ကိုမူ ချက်ချင်းမသိရသေးကြောင်း ၎င်းရဲအရာရှိက ပြောသည်။

**ရိုက်တာ။**



# လူငယ်နှင့် ငြိမ်းချမ်းရေးဖိုရမ် လွိုင်ကော်တွင်ကျင်းပ

**လွိုင်ကော် မတ် ၂၈**

Myanmar Peace Center မှကြီးမှူးကျင်းပသည့် လူငယ်နှင့်ငြိမ်းချမ်းရေးဖိုရမ်ကို ယနေ့နံနက် ၉ နာရီခွဲတွင် ကယားပြည်နယ် လွိုင်ကော်မြို့ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။**(ဓါတ်ပုံ)**

ရှေးဦးစွာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)ဒုတိယဥက္ကဋ္ဌ ဦးခူးဦးရယ်တို့က နှုတ်ခွန်းဆက် အမှာစကားပြောကြားကြသည်။

ဆက်လက်၍ အခမ်းအနားသို့တက်ရောက်လာကြသည့် လူငယ်မောင်မယ်များက သိရှိလိုသည်များ မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ဦးခင်ရီ၊ ဦးသန်းငွေ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာများ၊ ကယားပြည်နယ်အတွင်းရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဒေသအခြေပြု လူမှုရေးအဖွဲ့အစည်းများမှ လူငယ်မောင်မယ်များ တက်ရောက်ကြပြီး အဆိုပါလူငယ်နှင့် ငြိမ်းချမ်းရေးဖိုရမ်ကို မတ် ၂၅ ရက်မှ ၂၈ ရက်အထိ လွိုင်ကော်မြို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဝန်ထမ်းအိမ်ရာများသို့ ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များ ဖြည့်ဆည်း

**နေပြည်တော် မတ် ၂၈**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ယနေ့နံနက် ၈ နာရီခွဲတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အရာထမ်း/အမှုထမ်းအိမ်ရာများသို့ သွားရောက်၍ ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် သုခသိဒ္ဓိရပ်ကွက်ရှိ အရာထမ်း/အမှုထမ်းအိမ်ရာများသို့ ကြည့်ရှုစစ်ဆေးခဲ့ပြီး အိမ်ရာတာဝန်ခံ ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများက လိုအပ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပညာသိဒ္ဓိရပ်ကွက်ရှိ အရာထမ်းအိမ်ရာများအား ကြည့်ရှုစစ်ဆေးရာ အိမ်ရာတာဝန်ခံ ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများက လိုအပ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများနှင့် မှီခိုသူမိသားစုဝင်များ သက်သာချောင်ချိရေးအတွက် နှစ်ရှည်သီးပင်၊ စားပင်များနှင့် ရာသီအလိုက်သီးပင်၊စားပင်များကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားရှိရန်၊ ဝန်ထမ်းအိမ်ရာများ၏ ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်လှပစေရေးနှင့် ဝန်ထမ်းမိသားစုများ၏ ကျန်းမာရေးတို့အတွက် ခြင်၊ ယင်၊ ပိုးလောက်လမ်းများပေါက်ပွားမည့် အန္တရာယ်မှ ကင်းဝေးစေရေးအတွက် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းရန်နှင့် ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းများ ဆယ်ယူရှင်းလင်းရန်၊ ဝန်ထမ်းအိမ်ရာများတွင် အပတ်စဉ် စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရန်၊ ဝန်ထမ်းအိမ်ရာများ သန့်ရှင်းသာယာရေးနှင့် လူမှုအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရပ်ကွက်အလိုက် စနစ်တကျစီမံချက်ရေးဆွဲဆောင်ရွက်သွားရန်နှင့် လျှပ်စစ်မီးသုံးစွဲရာတွင် အန္တရာယ်ကင်းရှင်းစေရေးအတွက် သတိပြုဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းအိမ်ရာတာဝန်ခံများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လူငယ်နှင့် ငြိမ်းချမ်းရေးဖိုရမ်ကျင်းပ

**နေပြည်တော် မတ် ၂၈**

မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဗဟိုဌာန (Myanmar Peace Center)မှ စီစဉ်သော လူငယ်နှင့် ငြိမ်းချမ်းရေးဖိုရမ်ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ဟိုတယ်မက်စ်၌ ကျင်းပသည်။

အဆိုပါဖိုရမ်တွင် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်သောအကြောင်းအရာများ၊ မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးပြောင်းလဲမှုနှင့်သက်ဆိုင်သည့် အကြောင်းအရာများကို မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဗဟိုဌာန(Myanmar Peace Center)မှ ဦးတင်မောင်သန်း၊ ဒေါက်တာကျော်ရင်လှိုင်၊ ဒေါက်တာဆလိုင်းငွန်ကျုံးလျန်နှင့် ဦးသီဟမျိုးညွန့်တို့က ဆွေးနွေးပြောကြားခဲ့ပြီး တက်ရောက်လာကြသူများက သိလိုသည်များကို အပြန်အလှန်ဆွေးနွေးကြသည်။

ယနေ့အစီအစဉ်တွင်(Myanmar Peace Center)မှ အထူးအကြံပေး ဦးတင်မောင်သန်းက **"ငြိမ်းချမ်းရေးဖြစ်စဉ်တွင် နိုင်ငံသားများ တစ်ဦးချင်းအလိုက် ပူးပေါင်းပါဝင်ရေးအတွက်ပြင်ဆင်ရေး"** ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့သည်။

ယင်းဖိုရမ်ကို မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဗဟိုဌာန (Myanmar Peace Center)အနေဖြင့် ပြည်တွင်း ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် လူငယ်များပါဝင်မှုမြင့်မားလာစေရန်နှင့် အနာဂတ်မျိုးဆက်ငြိမ်းချမ်းရေးကို မြတ်နိုးတန်ဖိုးထားနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကာ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် စပ်လျဉ်းသည့် သိကောင်းစရာများကို မတ် ၂၈ ရက်မှ ၃၀ ရက်အထိ ပို့ချဆွေးနွေးသွားမည်ဖြစ်သည်။

အဆိုပါဖိုရမ်သို့ ဝန်ကြီးဌာန ၃၃ ခုမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူငယ်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

**○ အာရှယူ-၂၃ မှ**

ခြေစွမ်းပြကာ သုံးဂိုးပြတ် အနိုင်ရထားပြီး ယခုဟောင်ကောင်နှင့်ပွဲတွင်လည်း အနိုင်ရရန် အခြေအနေကောင်းလျက်ရှိသည်။

အုပ်စု(က)နှင့်(ဂ)ပွဲစဉ်များကို မတ် ၂၃ ရက်မှစ၍ ကျင်းပလျက်ရှိပြီး အုပ်စု(ခ)ပွဲစဉ်များကိုမူ ရွှေ့ဆိုင်းထားကြောင်း သိရသည်။ ကျန်အုပ်စုများကိုမူ မတ် ၂၇ ရက်မှ စတင်ကျင်းပနေခြင်းဖြစ်ပြီး ထိပ်ဆုံး ၁၀ သင်းနှင့် အကောင်းဆုံးအုပ်စု ဒုတိယနေရာ ငါးသင်းမှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။






# တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၃)ဆင်းပွဲအခမ်းအနား ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ကျင်းပ

**နေပြည်တော် မတ် ၂၈**

တက္ကသိုလ်၊ ကောလိပ်ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၃)ဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ကျင်းပပြုလုပ်ရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး တက်ရောက်အမှာစကားပြောကြားသည်။**(အပေါ်ပုံ)**

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်ဒေါက်တာကျော်ကျော်ငွေး၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ ဗဟိုဝန်ထမ်း တက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်နှင့် သင်တန်းနည်းပြဆရာ ဆရာမများနှင့် တက္ကသိုလ်ကောလိပ်ဆရာ ဆရာမ သင်တန်းသားသင်တန်းသူ စုစုပေါင်း ၃၈၆ ဦး တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက အမှာစကားပြောကြားရာတွင် ပညာရေးဝန်ကြီးဌာနအနေဖြင့် ငြိမ်းချမ်းစွာ ပညာသင်ကြားရေးနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုဦးတည်ပြီး အရည်အသွေးပြည့်ဝသည့် အမျိုးသားပညာရေးစနစ်(Quality Education) ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားပညာရေးရည်မှန်းချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ ရည်မှန်းချက်များအောင်မြင်ရန် အကောင်အထည်ဖော်ဆောင်ရွက်ပေးနေရသည့် ဆရာ ဆရာမများသည် ကျရာအခန်း၊ ကျရာကဏ္ဍမှာ ကျရာတာဝန်များကို တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်သိမှု စိတ်ဓာတ်ကောင်းများ မွေးမြူပြီး ကျေပွန်အောင် ထမ်းဆောင်ကြရန်လိုကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် အစဉ်တစိုက်ဆောင်ရွက်လျက်ရှိရာ အဆင့်မြင့်ပညာကဏ္ဍမှာ နိုင်ငံတော်သမ္မတ၏ ပညာသင်ဆုချီးမြှင့်ရေး အစီအစဉ်ကိုလည်းဆောင်ရွက်လျက်ရှိကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ တက္ကသိုလ်ပညာသင်ဆုရရှိသည့် ထူးချွန်ကျောင်းသား ကျောင်းသူများကို တစ်ဦးလျှင် တစ်နှစ်အတွက် ကျပ် ၁၀ သိန်းနှုန်းစီ ချီးမြှင့်ပေးမည်ဖြစ်သလို ဆင်းရဲနွမ်းပါးသည့် ကျောင်းသားကျောင်းသူ ၂၆၄၄၀ ကို မြို့နယ်အလိုက်စိစစ်ရွေးချယ်ပြီး တစ်ဦးလျှင် တစ်နှစ်အတွက် ငွေကျပ်သုံးသိန်းနှုန်းဖြင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ချီးမြှင့်နိုင်ရန် စီစဉ်ထားပြီးဖြစ်ကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ပညာရေး အသုံးစရိတ်၏ငါးဆနီးပါး ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သုံးစွဲသွားမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမတို့အနေဖြင့်လည်း နိုင်ငံတော်အတွက် လိုအပ်မည့် မျိုးချစ်စိတ်ဓာတ်၊ ရှင်သန်ထက်မြက်သည့်၊ အတွေးအခေါ်မှန်ကန်သည့်၊ ဗလငါးတန် တိုးတက်ဖွံ့ဖြိုးသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာအောင် လေ့ကျင့်သင်ကြားပေးကြရန်လိုကြောင်း။

ဒေသအသီးသီးမှ တာဝန်ယူဆောင်ရွက်နေကြရသည့် ဆရာဆရာမတို့အနေဖြင့် ဒေသ၏ လူမှုရေးနှင့်ပညာရေးအဆင့်အတန်းမြင့်မားအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်သောကြောင့် မိမိကိုယ်တိုင်ကလည်း ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်ဖြစ်ပေါ်နေသော ပညာရပ်နယ်ပယ်များကို မျက်ခြည်မပြတ်လေ့လာ ကြိုးစားကြရန်လိုကြောင်း၊ သင်တန်းဆင်းဆရာ ဆရာမများအနေဖြင့် သင်တန်းက လေ့ကျင့်သင်ကြားပေးလိုက်သည့် သင်ခန်းစာများကို လက်တွေ့နယ်ပယ်ဖြစ်သည့် သင်ကြားသင်ယူမှုလုပ်ငန်းများမှာ ထိထိရောက်ရောက် အသုံးပြုပြီး သင်ကြားလေ့ကျင့်ပေးကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ထူးချွန်ဆုရ သင်တန်းသား သင်တန်းသူများအား ဆုများချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များကို တပ်ခွဲအလိုက် ပေးအပ်သည်။

ယင်းနောက် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စီးပွားရေးလုပ်ငန်းတိုင်း ပြည်ပဈေးကွက်ဦးတည်ထုတ်လုပ်လာရေး (Internationalization of Firm)

ဒေါက်တာမောင်မောင်အောင်

ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများအနေဖြင့် ကုန်စည်ထုတ်လုပ်သည်ဖြစ်စေ၊ ဝန်ဆောင်မှုပေးသည်ဖြစ်စေ နိုင်ငံတကာဈေးကွက်များတွင် ရောင်းချခြင်း သို့မဟုတ် ပြည်တွင်းသို့လာရောက်ကြသည့် နိုင်ငံခြားသားများကို ရောင်းချခြင်းတို့သည် ကုန်စည်ပို့ကုန်နှင့် ဝန်ဆောင်မှုပို့ကုန်များ ရောင်းချခြင်းပင်ဖြစ်သည်။ ထို့အတူ ပြည်တွင်းသို့ လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြသည့် နိုင်ငံတကာလုပ်ငန်းကြီးများတွင် ဝင်ရောက်လုပ်ကိုင်နေသူများသည်လည်း နိုင်ငံခြားငွေရှာပေးနေသည့် ဝန်ဆောင်မှုပို့ကုန်ရှင်များပင်ဖြစ်သည်။

ယခုအခါ ကုန်စည်ပို့ကုန်ကဏ္ဍ သိသိသာသာ တိုးတက်လာမှုကြောင့် ပို့ကုန်နှင့် ဆက်စပ်နေသည့် ထုတ်လုပ်မှုလမ်းကြောင်း(Supply Chain)တစ်လျှောက်ရှိ ပါဝင်သူများအကျိုး ပိုမိုရှိနေပြီဖြစ်သည်။ ဆိုလိုသည်မှာ လယ်ယာပို့ကုန်များဖြစ်သည့် ဆန်စပါး၊ ပဲမျိုးစုံ၊ နှမ်း၊ ပြောင်း စသည်တို့ ယခင်ကထက် တိုးချဲ့တင်ပို့လာမှုကြောင့် ကုန်သည်များသာမက သယ်ယူပို့ဆောင်သူ၊ ကြိတ်ခွဲသူ၊ သိုလှောင်သူနှင့် စိုက်ပျိုးသည့်လယ်သမားအထိပါ အကျိုးကျေးဇူး ပိုမိုရှိလာပြီဖြစ်သည်။ ထို့အတူ CMP အခြေခံအထည်ချုပ်ပို့ကုန်များ တိုးချဲ့နိုင်သည့်အတွက် အထည်ချုပ်လုပ်ငန်းရှင်များ အကျိုးရှိသလို အလုပ်အကိုင်အများအပြား ဖန်တီးပေးနေမှုကြောင့် ဆင်းရဲမှုလျှော့ချရေးအတွက် အရေးပါနေခြင်းဖြစ်သည်။

ယခုအခါ ဒေသဆိုင်ရာ ဆက်သွယ်ရေးလမ်းကြောင်းများ ယခင်ကထက် ပိုမိုကောင်းမွန်လာသလို မကြာခင်ပြီးစီးတော့မည့်လမ်းသစ်ကြီးများကြောင့် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများသာမက ဆက်စပ်နေသည့် နိုင်ငံများနှင့်ပါ စီးပွားရေး၊ လူမှုရေးပေါင်းစည်းမှုများ အထူးတိုးတက်လာတော့မည်ဖြစ်သည်။ လမ်းသစ်များအနက် အာရှအရှေ့အနောက်လမ်းမ၊ တောင်ဘက်လမ်းမ၊ GMS နိုင်ငံများ ဆက်စပ်နေသည့် တရုတ်-ယူနန်-ကျောက်ဖြူလမ်း၊ တရုတ်-မြန်မာ-အိန္ဒိယ ဆက်ပေးမည့်လမ်းမ၊ အိန္ဒိယ၊ မြန်မာ၊ ထိုင်း အကျုံးဝင်သည့် Trilateral road project စသည်တို့ မကြာမီပေါ်ပေါက်လာတော့မည်ဖြစ်သည်။ အထူးသဖြင့် ဗန်ကောက်မှ ထားဝယ် တောင်ဘက်စင်္ကြံလမ်း မကြာမီပြီးစီးတော့မည်ဖြစ်ရာ လမ်းမတစ်လျှောက် ထိုင်းနယ်စပ်နှင့် မြန်မာဘက်ပိုင်းတို့တွင် စက်ရုံအလုပ်ရုံများ သိသိသာသာ ပေါ်ထွန်းလာမည်ဖြစ်ပြီး နှစ်နိုင်ငံအကြား ကုန်သွယ်မှုသည်လည်း မြန်မာ-တရုတ်နိုင်ငံကဲ့သို့ တစ်ဟုန်ထိုး တိုးတက်လာတော့မည်ဖြစ်သည်။ ထားဝယ်ရေနက်ဆိပ်ကမ်းသာ ပြီးစီးမည်ဆိုလျှင် ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ထိုင်းနိုင်ငံတို့၏ ကုန်သွယ်မှုအတွက်အရေးပါသည့်အတွက် တစ်ဆင့်ခံကုန်သွယ်မှု၊ ပြန်လည်ပို့ကုန်သွင်းကုန်များ ထွန်းကားလာမည်ဖြစ်သည်။ ထို့ပြင် ညီအစ်မမြို့များအဖြစ် မြဝတီ-မဲဆောက်ဖွံ့ဖြိုးမှုပုံစံအသစ်အနေဖြင့် အထူးအရေးပါလာမည့်အပြင် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ဘာသာရေးအရ နှစ်နိုင်ငံအကြား ကူးလူးဆက်ဆံမှုများ အထူးတိုးတက်လာမည်ဖြစ်ပြီး လက်ရှိ နှစ်စဉ်မြန်မာနိုင်ငံသို့ အများဆုံးဝင်ရောက်နေသည့် ထိုင်းလူမျိုးများ အဆိုပါဝင်ပေါက်မှ ယခုထက်ဆတိုး ဝင်ရောက်လာတော့မည်ဖြစ်သည်။

ထို့အတူ မြန်မာရွှေ့ပြောင်းလုပ်သားများ အများဆုံးရှိနေသည့် ထိုင်းနိုင်ငံသို့ အဓိကဝင်ပေါက်ဖြစ်သည့် မြဝတီ-မဲဆောက်ဂိတ်သည် ယခုထက် ပိုမိုဖွံ့ဖြိုးလာဦးမည်ဖြစ်ပြီး တရားဝင်သွားရောက်လုပ်ကိုင်နိုင်ရေးနှင့် ပိုမိုအာမခံချက်ရှိရေး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရန် သဘောတူထားပြီးဖြစ်သည်။ တရုတ်နှင့် နယ်စပ်ဆက်သွယ်ရေးလမ်းကြောင်းတစ်လျှောက် ကုန်သွယ်မှု တစ်နေ့တခြား တိုးပွားနေသည့်အတွက် လမ်းသစ်များဖော်ထုတ်ခြင်းနှင့် လက်ရှိလမ်းများ တိုးချဲ့ခြင်းတို့လုပ်ဆောင်နေမှုကြောင့် ယခုထက် ဘက်စုံပေါင်းစည်းမှု တိုးပွားလာမည်ဖြစ်သည်။ ၂၀၁၅ ခုနှစ် အကုန်တွင် ဖြစ်ပေါ်လာမည့် အာဆီယံစီးပွားရေးအသိုက်အဝန်းကြောင့်လည်း လွတ်လပ်စွာကုန်သွယ်မှု၊ ဝန်ဆောင်မှု၊ လုပ်သားရွှေ့ပြောင်းမှု၊ အရင်းအနှီးရွှေ့ပြောင်းမှုတို့ ပိုမိုရှိလာမည်ဖြစ်၍ ပြည်တွင်းလုပ်ငန်းများနှင့် လူငယ်လူရွယ်များအတွက် အခွင့်အလမ်းများစွာ ပေါ်ပေါက်လာမည်ဖြစ်သည်။

ပြီးခဲ့သည့်နှစ် ၂၀၁၄ တွင်လာရောက်သည့် နိုင်ငံခြားခရီးသွားဦးရေ သုံးသန်းကျော်ရှိခဲ့ပြီး ယခင်နှစ်ထက် တစ်သန်း ပိုမိုဝင်ရောက်လာကြောင်းတွေ့ရသည်။ ယခုနှစ် ၂၀၁၅ တွင်လည်း အနည်းဆုံးလေးသန်းခွဲမှ ငါးသန်းအထိ မြင့်တက်လာနိုင်ပြီး အကယ်၍ တောင်အာရှစင်္ကြံသာ မျှော်မှန်းသည့်အတိုင်း ၂၀၁၅ နှစ်လယ်တွင်ပြီးခဲ့လျှင် အဆိုပါ ခန့်မှန်းချက်ထက် များမည်သာဖြစ်သည်။ ယခင်နှစ် ခရီးသွားလုပ်ငန်းမှ ဝင်ငွေအမေရိကန်ဒေါ်လာတစ်ဘီလီယံ ကျော်ဟုသိရပြီး အမှန်တကယ်မူ ယခုထက်များစွာရရှိနိုင်သည့်အခွင့်အလမ်းများ ဖော်ထုတ်ရဦးမည်ဖြစ်သည်။ ဆိုလိုသည်မှာ ခရီးသွားများအတွက် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများကို တိုးချဲ့နိုင်လျှင် အဆိုပါဝင်ငွေ အနည်းဆုံး နှစ်ဆမကတက်လာမည်ဖြစ်သည်။ သဘာဝအခြေခံလမ်းကြောင်းသစ်များ ဖော်ထုတ်ခြင်း၊ အပန်းဖြေစခန်းများဖွင့်လှစ်ခြင်း၊ ဒေသအစားအစာနှင့် ယဉ်ကျေးမှုများဖြင့် လာလည်စေရန်ဆွဲဆောင်မှုများပေးခြင်း၊ စင်ကာပူ၊ ဗန်ကောက်၊ ကွာလာလမ်ပူ၊ မနီလာ စသည့် မြို့ကြီးများကဲ့သို့ ညပိုင်းအပန်းဖြေစခန်းများ ဆောက်လုပ်ခြင်း၊ ဒေသအလိုက် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများဖြင့် ဧည့်ခံခြင်း စသည်တို့လုပ်ဆောင်ရန်လိုအပ်သလို ခရီးသွားများအတွက် ဘေးကင်းလုံခြုံမှုတို့လည်း အထူးဂရုစိုက်ရန်လိုပေသည်။ မြန်မာနိုင်ငံအနေဖြင့် အဘက်ဘက်မှယုံကြည်မှုတည်ဆောက်နေရဆဲဖြစ်ရာ ခရီးသွားများနှင့် ပတ်သက်၍ တည်းခိုသည့် ဟိုတယ်၊ သယ်ယူပို့ဆောင်ရေး၊ အစားအသောက်များ၊ မှန်ကန်သည့်သတင်းအချက်အလက်ဖြန့်ဝေမှု၊ ဒေသထွက် လက်ဆောင်ပစ္စည်းများ ရောင်းချမှု စသည်တို့တွင် အရည်အသွေးပြည့်ဝမှု၊ မြင်သာထင်သာရှိမှု၊ ဖော်ရွေပွင့်လင်းမှု၊ ရိုးသားမှုတို့ အထူးလိုအပ်ပေသည်။ ဆိုလိုသည်မှာ နိုင်ငံတကာမှ လာရောက်သော ခရီးသွားများအတွက် အရည်အသွေးမီသည့် ဝန်ဆောင်မှုလုပ်ငန်းများ များများလုပ်ဆောင်နိုင်လေ အကျိုးများလေဖြစ်သည်။ အထူးသဖြင့် စင်ကာပူ၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင် စသည့်နိုင်ငံများ လုပ်ဆောင်နေသည့် ဝန်ဆောင်မှုလုပ်ငန်းများကို မြန်မာ့လုပ်ငန်းရှင်များနှင့် လူငယ်များ အသေးစိတ်လေ့လာပြီး ပြန်လည်အသုံးချရတော့မည်ဖြစ်သည်။ ထို့အတွက်လည်း လုပ်ငန်းရှင်တိုင်း၊ လူငယ်တိုင်း နိုင်ငံတကာနှင့် ပေါင်းစည်းလုပ်ဆောင်နိုင်ရေး အထူးကြိုးစားရမည့်အချိန်ဖြစ်သည်။

> ❛ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရေးအတွက် အရည်အသွေး၊ ဈေးနှုန်း၊ ထုပ်ပိုးမှု၊ လုံခြုံစိတ်ချရမှု စသည့် ဘက်ပေါင်းစုံမှ ယှဉ်ပြိုင်ရမည်ဖြစ်သော်လည်း အရည်အသွေးမြင့်မားမှုမှာ အထူးအရေးပါပြီး နိုင်ငံတကာလုပ်ငန်းများ တစိုက်မတ်မတ် ဇောင်းပေးလုပ်ဆောင်နေကြပြီဖြစ်❜

**အခွင့်အလမ်းများ သိအောင်လုပ်**

ယခုအခါ လုပ်ငန်းရှင်များအတွက်ရော လူငယ်များအတွက် စီးပွားရေးနှင့်ကြီးပွားတိုးတက်ရေး အခွင့်အလမ်းများစွာရှိနေပြီဖြစ်သည်။ သို့သော် အဆိုပါ အခွင့်အလမ်းများ အပြည့်အဝရယူနိုင်ရေးအတွက် ဦးစွာအခွင့်အလမ်းများ သိရှိအောင်ကြိုးစားရမည်ဖြစ်ပြီး ဒုတိယအဆင့်အဆိုပါ အခွင့်အလမ်းများရရှိအောင် လိုအပ်ချက်များ၊ ပြင်ဆင်ရမည့် အချက်များကို ပြည့်မီအောင်လုပ်ဆောင်နိုင်မှသာ ကြီးပွားတိုးတက်နိုင်မည်ဖြစ်သည်။ ယခုအခါ အခွင့်အလမ်းများစွာ ရှိသော်လည်း အသုံးပြုနိုင်သူ အနည်းငယ်မျှသာ ရှိနေသေးသည်။ "မသိသူကျော်သွား သိသူဖော်စား" ဆိုသည့် ဆောင်ပုဒ်အတိုင်း အခွင့်အလမ်းကို သိအောင်လုပ်ရန် ကြိုးစားရမည်ဖြစ်သည်။ ဥပမာအားဖြင့် ဂျပန်နိုင်ငံမှ အထူးကုန်သွယ်မှုကင်းလွတ်ခွင့် (Generalized System of Preference-GSP) ဟုခေါ်သည့် အထူးအခွင့်အရေးကို လယ်ယာကုန်စည် တော်တော်များများကိုပေးထားပြီး အခွန်အကောက် ကင်းလွတ်ခွင့်သာမက ကိုတာသတ်မှတ်ချက်ပါ ကင်းလွတ်သောကြောင့် အခြားနိုင်ငံများထက် အခွင့်အရေးရရှိထားပြီးဖြစ်သည်။ လယ်ယာကုန်စည်များအတွက် အာရှတွင် ဂျပန်ဈေးကွက်သည် ဈေးအကောင်းဆုံးဖြစ်ပြီး ဝယ်လိုအားများပေသည်။ ဥပမာအားဖြင့် "ဝ"ဥခြောက်အမှုန့်ဆိုလျှင် တစ်တန်လျှင် ဒေါ်လာသောင်းဂဏန်းရှိပြီး ဝယ်လိုအားများသော်လည်း ယနေ့အထိ ဂျပန်သို့ အဆိုပါကုန်စည်တင်ပို့နိုင်သည့် ကုမ္ပဏီတစ်ခုသာရှိပြီး တန်ချိန်အနည်းငယ်သာ တင်ပို့နိုင်သေးသည်။ ထို့အတွက်လည်း ယခင်က တရုတ်လုပ်ငန်းရှင်များ အဆိုပါကုန်စည်ကို ဂျပန်ဈေးကွက်သို့ မြန်မာနိုင်ငံထုတ်ကုန်(Country of Origin)ရရှိအောင် ကြိုးစားမှုများ ဖြစ်ပေါ်ဖူးသည်။ ယခုဆိုလျှင် ဥရောပသမဂ္ဂ(အီးယူ)၏ GSP ကို ကုန်စည်တိုင်းအတွက်ပေးနေပြီဖြစ်သော်လည်း CMP အထည်ချုပ်နှင့် လယ်ယာကုန်စည်အချို့ကိုသာ အနည်းငယ်ပိုမိုတင်ပို့နိုင်သေးပြီး ပေးသည့်အခွင့်အရေးကို ပိုင်ပိုင်နိုင်နိုင်အသုံးမချနိုင်သေးသည်ကို တွေ့ရပေသည်။ ထို့အတွက် မည်သည့် လုပ်ငန်းကို လုပ်ဆောင်သည်ဖြစ်စေ အဆိုပါ လုပ်ငန်းနှင့် ပတ်သက်သော နောက်ဆုံးသတင်းအချက်များရရှိအောင် လုပ်ဆောင်ရေးနှင့် ပြန်လည်၍ အကောင်းဆုံးတုံ့ပြန်နိုင်ရေးမဖြစ်မနေလုပ်ဆောင်ရမည်ဖြစ်သည်။ အရေးကြီးသည်မှာ လုပ်ငန်းသေးသေးကလေးလုပ်သည့်တိုင်အောင် တစ်ရက်ထက်တစ်ရက် ပိုမိုတိုးတက်လာစေရန်ကြိုးစားရမည်ဖြစ်သည်။ ယှဉ်ပြိုင်ရာတွင် အရည်အသွေးအရလည်းကောင်း၊ ဈေးနှုန်းအရလည်းကောင်း၊ ပေးသည့်ဝန်ဆောင်မှုအရလည်းကောင်း အခြားသူများထက်သာအောင် အစဉ်ကြိုးစားရမည်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းတိုင်း ယခင်ကထက်ကြီးပွားတိုးတက်နိုင်ရန် အခွင့်အလမ်းကောင်းများ၊ ဈေးကွက်များပွင့်လင်းလာပြီဖြစ်သည်။ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းတိုင်း ကြီးပွားတိုးတက်လိုလျှင် ယနေ့ပညာရှင်များ လမ်းညွှန်သည့်ဆောင်ပုဒ်မှာ "ပိုမိုလေ့လာပိုမိုကောင်းအောင်လုပ် (Learn more, Serve better)" ပင်ဖြစ်သည်။ လုပ်ငန်းရှင်တိုင်း အထူးအလေးထားရမည့်အချက်မှာ မိမိလုပ်ငန်း၏ယှဉ်ပြိုင်နိုင်မှုစွမ်းအား တစ်နေ့တခြားတိုးတက်လာရေးဖြစ်သည်။

**၂၁ ရာစုအဆင့်မြင့်အရည်အသွေး**
**(21st Century High Quality)**

မြန်မာနိုင်ငံအနေဖြင့် တစ်ကမ္ဘာလုံးနှင့်အဘက်ဘက်မှ ပေါင်းစည်းမှု အရှိန်အဟုန်မြင့်မားလာမှုကြောင့် စီးပွားရေးလုပ်ငန်းတိုင်း၊ လူငယ်လူရွယ်တိုင်း တစ်ကမ္ဘာလုံးနှင့် ချိတ်ဆက်လုပ်ဆောင်မှုမြင့်တင်နိုင်မှသာ သိသာသည့် တိုးတက်မှုကိုဖော်ဆောင်နိုင်မည်ဖြစ်သည်။ ၂၁ ရာစု စီးပွားရေးလုပ်ငန်းများတိုးတက်စေရန် အဓိကဦးစားပေး လုပ်ဆောင်ရမည့်အချက်မှာ ကုန်ထုတ်လုပ်မှု(သို့မဟုတ်) ဝန်ဆောင်မှုများပေးရာတွင် အရည်အသွေးမြင့်မားမှု ရှိမှသာ ယှဉ်ပြိုင်နိုင်မှုစွမ်းအားမြင့်မားမည်ဖြစ်ပြီး အောင်မြင်တိုးတက်မည်ဖြစ်သည်။ အရည်အသွေး မပြည့်ဝလျှင် စီးပွားရေးလုပ်ငန်းများ ရေရှည်ရပ်တည်ရန် မဖြစ်နိုင်ပေ။ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ ထွန်းကားရန်များစွာရှိနေသေးပြီး အရည်အသွေးနှင့် ဝန်ဆောင်မှုကောင်းမွန်မှု၊ မြင်သာထင်သာရှိမှု၊ တိကျသေချာမှု၊ ယှဉ်ပြိုင်နိုင်သည့် ဈေးနှုန်းဖြစ်ပေါ်မှုတို့ကို ဦးစားပေးရမည်ဖြစ်သည်။ ဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် စားသုံးသူများ၏ ကျေနပ်နှစ်သိမ့်မှု အများဆုံးဖြည့်စွမ်းပေးရေးဟူသော ဦးတည်ချက်ဖြင့် စားသုံးသူများ၏ ယုံကြည်မှုရရှိသည်အထိ လုပ်ဆောင်နိုင်မှသာ မိမိလုပ်ငန်း၏နာမည်ကောင်း (Brand Name)ကို တည်ဆောက်နိုင်မည်ဖြစ်သည်။

ပြိုင်ဆိုင်မှုပြင်းထန်လာသည့် ကမ္ဘာ့ဈေးကွက်တွင် ထိုးဖောက်ဝင်ရောက်နိုင်ရေးနှင့်နိုင်ငံတကာအဆင့်မီလုပ်ငန်းများအဖြစ် ဖြစ်လာရေးတို့အတွက် အလိုအပ်ဆုံးမှာ မြင့်မားသည့်အရည်အသွေး(High Quality)ရှိရေးပင် ဖြစ်သည်။ မြန်မာ့စီးပွားရေးလုပ်ငန်းများ(ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုလုပ်ငန်းများ)အနေဖြင့် ယခင်က ပြည်တွင်းဈေးကွက်ကိုသာ အဓိကထားထုတ်လုပ်မှုကြောင့်အရည်အသွေး၏ အရေးပါမှုအားနည်း ခဲ့သလို ပြည်ပဈေးကွက်သို့ တင်ပို့ရာတွင်လည်း အရည်အသွေးနိမ့်အခြေခံကုန်စည်များကိုသာ အဓိကထားတင်ပို့မှုကြောင့် တန်ဖိုးလည်းနိမ့်ကျခဲ့သည်။ အရည်အသွေးနိမ့်ကျမှုကြောင့်လည်း မြန်မာ့ပို့ကုန်များ ကမ္ဘာ့ဈေးကွက်ကောင်းများတွင် နာမည်ကောင်းဖြင့် ရေရှည်ထိန်းသိမ်းနိုင်မှု အားနည်းခဲ့သည်။ အရည်အသွေးနိမ့်ကျမှုကို ပိုမိုဖြစ်ပေါ်စေသည့်အချက်မှာ တချို့ကုန်သည်များ၏ မမှန်ကန်သည့် နည်းလမ်းများဖြင့်အလေးချိန်တိုးရန် လုပ်ဆောင်မှုများကိုလည်း ရှောင်ရှားရမည်ဖြစ်သည်။

ယနေ့ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရေးအတွက် အရည်အသွေး၊ ဈေးနှုန်း၊ ထုပ်ပိုးမှု၊ လုံခြုံစိတ်ချရမှုစသည့် ဘက်ပေါင်းစုံမှယှဉ်ပြိုင်ရမည်ဖြစ်သော်လည်း အရည်အသွေးမြင့်မားမှုမှာ အထူးအရေးပါပြီး နိုင်ငံတကာလုပ်ငန်းများ တစိုက်မတ်မတ်ဇောင်းပေးလုပ်ဆောင်နေကြပြီဖြစ်သည်။

ယခင်ခေတ်အဆက်ဆက် နိုင်ငံတိုင်း(သို့မဟုတ်) လုပ်ငန်းတိုင်း နှိုင်းယှဉ်အခွင့်အရေးသာသည့်တစ်နည်းအားဖြင့် နှိုင်းယှဉ်စရိတ်သက်သာသည့် လုပ်ငန်းများကို ဇောက်ချထုတ်လုပ်ပြီး ကုန်သွယ်မှုကိုလုပ်ဆောင်ခဲ့ကြသော်လည်း ယနေ့ခေတ် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် နိုင်ငံတကာလုပ်ငန်းများအနေဖြင့် လက်ခံကျင့်သုံးသည့်မူမှာ ထုတ်လုပ်မှုစရိတ်သက်သာမှုထက် တီထွင်ဆန်းသစ်မှုများပါဝင်သည့် အရည်အသွေးမြင့်မားသည့် ထုတ်ကုန်များ ထုတ်လုပ်ရောင်းချမှုပင်ဖြစ်သည်။ ထို့အတွက် ယနေ့ခေတ်ထုတ်ကုန်တိုင်း ဝန်ဆောင်မှုတိုင်းတွင် မြင့်မားသည့် အရည်အသွေးဖော်ဆောင်နိုင်ရေး အလေးထားရတော့မည်ဖြစ်သည်။ အရည်အသွေးနှင့် ပတ်သက်၍ နိုင်ငံတကာ၏ စံချိန်စံညွှန်းများ သိဖို့လိုသလို လက်တွေ့အသုံးပြုရန်လည်း အရေးကြီးပေသည်။ ယနေ့လယ်ယာပို့ကုန်အပါအဝင် ပို့ကုန်အများစုသည် အရည်အသွေးနိမ့်သည့် မူလထုတ်ကုန်များသာဖြစ်နေသည့်အတွက် FAQ (Fair Average Quality) သာဖြစ်ပြီး အရည်အသွေးမြင့်သည့် SQ(Special Quality)နည်းနေဆဲပင်ဖြစ်သည်။ ထို့အတွက် မြန်မာ့ထုတ်ကုန်များ အရည်အသွေး ယခုထက်ပိုမိုမြင့်တက်လာစေရေးနှင့် ဝန်ဆောင်မှုပို့ကုန်လုပ်ငန်းများအနေဖြင့်လည်း အရည်အသွေးမြင့်ဝန်ဆောင်မှုလုပ်ငန်းများ ဖြစ်ပေါ်လာစေရန် အထူးကြိုးစားရမည့်အချိန်ဖြစ်သည်။ သို့ဖြစ်၍ စီးပွားရေးလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် နိုင်ငံတကာနှင့် ပိုမိုပေါင်းစည်းလုပ်ကိုင်ဆောင်ရွက်နိုင်ရန် အထူးဇောင်းပေးကြိုးစားမှသာ တိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်ပေသည်။ ။

# အလုပ်ရှင်နှင့် အလုပ်သမားပွင့်လင်းမြင်သာစွာ ဆက်ဆံဆောင်ရွက်ခြင်းဖြင့် ကောင်းမွန်သည့်ရလဒ်ကောင်းများ ရရှိစေနိုင်

**ရန်ကုန်　　မတ်　　၂၈**

(သတင်း - သီသီမင်း/ဓာတ်ပုံ - မင်းသစ်)

အလုပ်ရှင်နှင့်အလုပ်သမား ပွင့်လင်းမြင်သာစွာ ဆက်ဆံဆောင်ရွက်ခြင်းဖြင့် ကောင်းမွန်သည့် ရလဒ်ကောင်းများရရှိစေနိုင်မည်ဖြစ်ကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာစက်မှုဇုန်(၁)ရှိ ကျောက်နီအထည်ချုပ်စက်ရုံနှင့် Ford Glory အထည်ချုပ်စက်ရုံများသို့ သွားရောက်ပြီး အလုပ်သမား၊ အလုပ်ရှင်တို့နှင့် တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ကျောက်နီအထည်ချုပ်စက်ရုံသို့သွားရောက်ပြီး အလုပ်သမားကိုယ်စားလှယ်များ၊ အလုပ်ရှင်၊ မန်နေဂျာတို့နှင့် တွေ့ဆုံကာ လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်ခဲ့ပြီး အေးချမ်းစွာ လုပ်ကိုင်ဆောင်ရွက်နေမှုကိုတွေ့ရှိရ၍ ဝမ်းမြောက်မိကြောင်း၊ အခြေခံအလုပ်သမားအဖွဲ့အစည်းနှင့် အလုပ်ရှင်တို့ ယခုကဲ့သို့ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းခွင်တည်ငြိမ်မှုနှင့် ကုန်ထုတ်စွမ်းအား တိုးတက်ရေးအတွက် အထောက်အကူဖြစ်စေကြောင်း၊ ကြီးကြပ်ရေးမှူးနှင့် လိုင်းခေါင်းဆောင်များသည် စက်ရုံ၏ ကုန်ထုတ်စွမ်းအားကို အဓိကမောင်းနှင်ရာတွင် အရေးပါသဖြင့် အလုပ်သမားများနှင့် နားလည်မှုရှိစွာ ဆောင်ရွက်ရန်လိုကြောင်း၊ ပေးဆပ်သည့်လုပ်အားနှင့် ထိုက်တန်သည့်လုပ်ခရရှိမည်ဖြစ်ကြောင်း၊ ကျွမ်းကျင်မှုရှိသည်နှင့်အမျှ အရည်အသွေးမီအထည်များချုပ်လုပ်နိုင်မည်ဖြစ်၍စိတ်ထားကောင်းဖြင့် ဆောင်ရွက်ရန် လိုကြောင်း၊ အလုပ်ရှင်နှင့် အလုပ်သမား အပြန်အလှန်ယုံကြည်မှုရှိရန်လိုကြောင်း ပြောကြားသည်။

ကျောက်နီအထည်ချုပ်စက်ရုံမှဒါရိုက်တာMAKO TO BABA က "အခုဆို စက်ရုံမှာ လုပ်ငန်းပြန်လည်ပတ်နေပါပြီ။ အခုလို အေးအေးချမ်းချမ်းနဲ့ ပြေလည်မှုရရှိတာ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနဲ့ ဌာနဆိုင်ရာအဆင့်ဆင့်ကြောင့်ပါ။ ဒါ့ကြောင့် အားလုံးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ ဘင်္ဂလားဒေ့ရှ်နဲ့ ဗီယက်နမ်မှာ စက်ရုံတွေရှိပေမယ့် မြန်မာနိုင်ငံမှာ ဒီထက်မက စက်ရုံတွေတိုးချဲ့ဖို့စီစဉ်နေပါတယ်။ အခုလိုပဲ ဝိုင်းဝန်းပြီးတတ်နိုင်သလောက် ကူညီပေးကြပါ" ဟုပြောသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည်အလုပ်ရှင်နှင့် အလုပ်သမားအငြင်းပွားမှု ပြေလည်ခဲ့ပြီးနောက် အေးချမ်းစွာ လုပ်ကိုင်ဆောင်ရွက်နေသည့် Ford Glory အထည်ချုပ်စက်ရုံသို့ သွားရောက်ပြီး အလုပ်သမားကိုယ်စားလှယ်များ၊ မန်နေဂျင်းဒါရိုက်တာ၊ မန်နေဂျာတို့နှင့် တွေ့ဆုံ၍ စက်ရုံ၏အသက်သည် အရည်အသွေး



အပေါ်မူတည်ကြောင်း၊ လုပ်သားများ၏ ကျွမ်းကျင်မှုဖြင့် ချုပ်လုပ်ခဲ့သည့် အထည်များအတွက် စက်ရုံသိက္ခာကို မြင့်မားစေနိုင်ကြောင်း၊ နှစ်ဦးနှစ်ဖက် ပွင့်လင်းမြင်သာစွာ ဆက်ဆံဆောင်ရွက်ခြင်းဖြင့် ကောင်းမွန်သည့် ရလဒ်ကောင်းများရရှိစေနိုင်ကြောင်း၊ Buyer များမှာ မိမိစက်ရုံကို ယုံကြည်မှုရှိပြီး Order အပ်နှံနိုင်ရေးသည် လုပ်သားများ၏ စွမ်းဆောင်မှုနှင့် အလုပ်ရှင်၏ စီမံအုပ်ချုပ်မှုအပေါ်မူတည်နေကြောင်း၊ တည်ဆဲအလုပ်သမားရေးရာ ဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ပြီး လုပ်ငန်းခွင်အေးချမ်းသာယာစွာဖြင့် အင်အားပြည့် လုပ်ကိုင်နေမှုကို တွေ့ရှိရ၍ စက်ရုံ၏ အစဉ်အလာကောင်းကို ထိန်းသိမ်းစေလိုကြောင်း ပြောကြားသည်။

ကျောက်နီအထည်ချုပ်စက်ရုံနှင့် Ford Glory အထည်ချုပ်စက်ရုံသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်၊ ရွှေပြည်သာစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးသိန်းနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါခဲ့ပြီး အလုပ်ရှင်နှင့် အလုပ်သမားများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးညှိနှိုင်းပေးကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။ **(အပေါ်ပုံ)**

# ရန်ကုန်ဆိပ်ကမ်းတွင် သတ်မှတ်သည့်ခရီးသည်အရေအတွက်ထက် ပိုတင်သော ရေယာဉ်များ သင်္ဘောပြောင်းတင်ဆောင်ပြီးမှ ထွက်ခွင့်ပြု

**ရန်ကုန်　မတ်　၂၈**



ရခိုင်ပြည်နယ်တွင် အောင်တံခွန်(၃) ရေယာဉ်နစ်မြုပ်မှု ဖြစ်ပွားပြီးနောက် ရန်ကုန်ဆိပ်ကမ်းတွင် သက်ဆိုင်ရာအဖွဲ့ပေါင်းစုံဖြင့် မတ် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် မြစ်ဝကျွန်းပေါ်ဒေသသွား ရေယာဉ်များကို စစ်ဆေးခဲ့သည်။ မတ် ၂၆ ရက်တွင် စဉ့်အိုးတန်းဇေတံတားအမှတ် ၂ တွင် ဆိုက်ကပ်ထားသော ရန်ကုန်-မော်ကျွန်းခရီးစဉ်ပြေးဆွဲသည့် ရှပ်ပြေးနှစ်ထပ်ရေယာဉ်ကြီး နှစ်စင်းတွင်သတ်မှတ်ခရီးသည်အရေအတွက်ထက် များစွာပိုတင်ဆောင်ထားကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။ သင်္ဘောထွက်ချိန်ဖြစ်သော ညနေ ၄ နာရီခွဲနှင့် ၅ နာရီဝန်းကျင်တို့တွင် ထွက်ခွင့်မရဖြစ်နေသည်။

သတ်မှတ်ခွင့်ပြု အရေအတွက်ထက် လက်မှတ်ပိုရောင်းထားသဖြင့် ခရီးသည်များ အခက်အခဲမဖြစ်ရန် ရန်ကုန်ဆိပ်ကမ်းတွင် သင်္ဘောထွက်ရက်ရောက်ရှိရန် နှစ်ညအိပ်စောင့်ဆိုင်းရမည့်ခရီးစဉ်တူ နှစ်ထပ်ရေယာဉ်ကြီးတစ်စင်းကို ခေါ်ယူ၍ ပိုလျှံခရီးသည်များ ပြောင်းရွှေ့တင်ဆောင်ခုတ်မောင်းစေခဲ့သည်။ သတ်မှတ်ခရီးသည် အရေအတွက်ဖြင့်သာ ရှပ်ပြေးရေယာဉ်နှစ်စင်းသည် ည ၈ နာရီ ၁၆ မိနစ်တွင် ထွက်ခွာခွင့်ပြုသည်ဟု ရေယာဉ်ပိုင်ရှင်များ၏ ကိုယ်စားလှယ်ဖြစ်သူ ဦးမြင့်စိုးက ပြောပြသည်။

မတ် ၂၅ ရက် ညနေပိုင်းတွင် ရန်ကုန်ဆိပ်ကမ်း၌ သက်ဆိုင်ရာအဖွဲ့ပေါင်းစုံမှ ရေယာဉ်များဆိပ်ကမ်းမှမထွက်ခွာမီ စစ်ဆေးရာတွင် သတ်မှတ်ကျွမ်းကျင်လက်မှတ်ရရေယာဉ်အုပ်၊ စက်ခန်းအုပ်များ တာဝန်ထမ်းဆောင်ခြင်း ရှိ/မရှိ၊ လုပ်ငန်းသုံးပစ္စည်းများအပြည့်အစုံရှိ/မရှိ၊ ရေယာဉ်ဦးစီးဝန်ထမ်းများ၏ လုပ်ငန်းကျွမ်းကျင်မှုတို့ကိုပါ မေးမြန်းစစ်ဆေးခဲ့သည်။ ရေယာဉ်ကြံ့ခိုင်မှု၊ စက်ခန်းအခြေအနေ၊ ရေယာဉ်သက်တမ်းတိုးလုပ်ငန်းလိုင်စင်သက်တမ်းများကိုပါ ပြည့်စုံစွာစစ်ဆေးခဲ့သည်ဟု စစ်ဆေးခံဝင်းစိန်(၁) နှစ်ထပ်လူစီးကုန်တင် ရေယာဉ်ပိုင်ရှင် ဦးသန်းလွင်က ဆိုသည်။

ရေယာဉ်များတွင် ခရီးစဉ်အမျိုးအစားအလိုက် အပေါ်ထပ်၊ အောက်ထပ် ခွင့်ပြုသောကုန်းပတ်ခရီးသည်၊ အခန်းခရီးသည် အရေအတွက်များ၊ ကုန်တန်ချိန်များကို ခရီးသည်များ သိသာမြင်သာအောင် ဖော်ပြထားမှု အားနည်းနေရာ ခရီးသည်များသိသာမြင်သာရန်ဖော်ပြပေးရန်နှင့် ခရီးသည်တစ်ဦးလျှင် အသက်ကယ်အင်္ကျီတစ်စုံ နှုန်းထားရှိရန် ညွှန်ကြားထားသည်ဟု ဆိုသည်။

မြစ်ဝကျွန်းပေါ်သွားရေယာဉ်များတွင် သင်္ဘောကြံ့ခိုင်မှုအားနည်းခြင်း၊ ကျွမ်းကျင်ဝန်ထမ်းပါရှိမှုနည်းခြင်း၊ လစာနည်း သင်္ဘောသားအပြည့်အစုံပါရှိမှုနည်းခြင်းများ မြင်တွေ့ရသော်လည်း ခရီးသည်နှင့် ကုန်ပို ပိုတင်ဆောင်ခြင်းများရှိတတ်ခြင်း၊ သင်္ကြန်ပိတ်ရက်မတိုင်မီ ကာလများတွင် ဌာနေပြန်မည့်ခရီးသွားများ များပြားတတ်ရာ နှစ်စဉ်ရေယာဉ်များခွင့်ပြုအရေအတွက်ထက် တစ်ဆပိုမိုတင်ဆောင်ပြေးဆွဲလေ့ရှိကြောင်း၊ ခွင့်ပြုခရီးသည်ထက် ပိုမိုတင်ဆောင်ခြင်းမျိုး ခွင့်မပြုဘဲ အခြားရေယာဉ်တစ်စင်းဖြင့် ပြောင်းလဲတင်ဆောင်ပြေးဆွဲစေခြင်းမျိုးသည် ခရီးသွားများ ရေလမ်းခရီးတွင် ဘေးအန္တရာယ်ကင်းရှင်းစေသည်ဟု မော်ကျွန်းမြို့ခံခရီးသည်တစ်ဦးက ဆိုသည်။

ရန်ကုန်-မော်ကျွန်းခရီးစဉ်ပြေးဆွဲခဲ့သော ရေယာဉ်ကြီးတစ်စင်းသည် ကြံ့ခိုင်မှုအားနည်း၍ သက်ဆိုင်ရာမှ ပြေးဆွဲခွင့်မပြုခဲ့ကြောင်း၊ ယင်းရေယာဉ်ပိုင်ရှင် အဖွဲ့အစည်းထံမှ ဝယ်ယူခဲ့သည့် ပုဂ္ဂိုလ်အနေဖြင့် အကြီးစားပြင်ဆင်ရာ သံပြားအချပ်ရေ ၁၀၀ ကျော်၊ တန်ချိန် ၄၀ ကျော် အသစ်အစားထိုးပြုပြင်နေရကြောင်း သိရသည်။ အဆိုပါ ရေယာဉ်ဝယ်ယူသူ မော်ကျွန်းမြို့မှ ဦးထွန်းရှိန်က ရေယာဉ်ကြံ့ခိုင်မှုရှိရေး လိုအပ်ချက်မှန်သမျှ အသစ်အစားထိုးလဲလှယ်သွားမည်ဟုဆိုရာ ရေယာဉ်ဝယ်ယူသည့် တန်ဖိုးထက် ပြင်ဆင်ကုန်ကျစရိတ်က နှစ်ဆကျော်နေသည်ဟု ဆိုသည်။

ရေလမ်းသွားခရီးစဉ်တွင် လုံခြုံစွာ သွားလာနိုင်ရေးအတွက် ရန်ကုန်ဆိပ်ကမ်းတွင် စစ်ဆေးလုပ်ကိုင်ပေးနေသည့်အတွက် ရေလမ်းသွားခရီးသည်များအနေဖြင့် ကျေနပ်အားရပြီး ရေလမ်းခရီးစဉ်များတွင် လုံခြုံစိတ်ချစွာ သွားလာနိုင်မည်ဟု မော်ကျွန်း-ရန်ကုန်ခရီးစဉ်တွင် မကြာခဏ သွားလာနေသည့် (၆)ရပ်ကွက်နေ မောင်ပြုံးချိုက ဆိုသည်။

**(မောင်စေအောင်)**

# ၂၀၁၄ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ထုတ်ဝေခဲ့သော စာအုပ်၊ စာစောင်များစာရင်းထွက်ရှိ စီဒီဖြင့် ဖြန့်ဝေရောင်းချပေးမည်

**နေပြည်တော်　　မတ်　　၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့် နည်းဥပဒေများအရ ထွက်ရှိသော စာအုပ်စာစောင်များကို မှတ်တမ်းထားရှိရန်နှင့် မူပိုင်ခွင့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သတ်မှတ်သည့်စောင်ရေနှင့် Electronic Document တို့ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ သက်ဆိုင်ရာ ပုံနှိပ်သူ၊ ထုတ်ဝေသူများက ပေးပို့လျက်ရှိသည်။ တစ်နှစ်အတွင်း ထွက်ရှိသော စာအုပ်စာစောင်များကို နှစ်ချုပ်စာရင်းပြုစု၍ နှစ်စဉ်မှတ်တမ်းထားရှိ ထိန်းသိမ်းဆောင်ရွက်လျက်ရှိရာ ၂၀၁၄ ခုနှစ်အတွင်း ထုတ်ဝေခဲ့သော စာအုပ်စာစောင်များစာရင်းကို အသေးစိတ်အပြည့်အစုံ မှတ်တမ်းပြုစုပြီးဖြစ်သဖြင့် လေ့လာသိရှိ မှတ်တမ်းထားရှိလိုသူများအတွက် ၎င်းစာရင်းကို စီဒီဖြင့် ထုတ်ဝေရောင်းချဖြန့်ချိပေးမည်ဖြစ်သည်။ ၂၀၁၄ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ထုတ်ဝေခဲ့သော စာအုပ်စာစောင်များစာရင်း စီဒီခွေကို မတ် ၃၀ ရက်မှစ၍ တစ်ချပ်လျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ပန်းဆိုးတန်းလမ်းရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်နှင့် ဝက်ဘာလမ်းရှိ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲတို့တွင် ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# နိုင်ငံတကာစာနယ်ဇင်းအဖွဲ့အစည်း(IPI) ကမ္ဘာ့ညီလာခံဒုတိယနေ့ ဆက်လက်ကျင်းပ ဘင်္ဂလားဒေ့ရှ်မှ ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ပါဝင်ဆွေးနွေး

ရန်ကုန် မတ် ၂၈

**(၆၅) ကြိမ်မြောက် နိုင်ငံတကာစာနယ်ဇင်းအဖွဲ့အစည်း(IPI) ကမ္ဘာ့ညီလာခံဒုတိယနေ့အဖြစ် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ချက်ထရီယံဟိုတယ်၌ ဆက်လက်ကျင်းပသည်။**

IPI ညီလာခံ ဒုတိယနေ့တွင် အစီအစဉ် အပိုင်း(၁)အရ ပါကစ္စတန်နိုင်ငံ Dawn Media Group မှ Editor Jahanzaib Haque၊ ကင်ညာနိုင်ငံ Kenya Editors Guild မှ MD Linus Kaikai၊ သီရိလင်္ကာနိုင်ငံ Samabima Newspapers မှ Editor Manori Kalygampitiya နှင့် မြန်မာတိုင်းမ်အယ်ဒီတာချုပ် ဦးသီဟစောတို့က ငြိမ်းချမ်းရေး တိုးမြှင့်တည်ဆောက်ခြင်း- မုန်းစကားဆိုင်ရာ ထိရောက်သော နည်းလမ်းများ ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးကြပြီး တက်ရောက်လာသော ပြည်တွင်းပြည်ပ မီဒီယာများက ပြန်လည်ဆွေးနွေးကြသည်။

ဆက်လက်၍ IPI ညီလာခံ၏ အခန်းကဏ္ဍတစ်ခုအနေဖြင့် အမေရိကန်နိုင်ငံ CNN International မှ အစီအစဉ်တင်ဆက်သူဟောင်း Jim Clancy ၏ မေးမြန်းဆွေးနွေးမှုအစီအစဉ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ နိုဘယ်ငြိမ်းချမ်းရေးဆုရှင်နှင့် Grameen Bank Bhaban ဥက္ကဋ္ဌ ပါမောက္ခ Moharmmad Yunus က ကဏ္ဍတိုင်းတွင် စိန်ခေါ်မှုများစွာရှိနေသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မဖြေရှင်းနိုင်သေးသည့် ပြဿနာကြီးများထက် ဖြေရှင်းနိုင်သည့် ပြဿနာငယ်များကို ဦးစွာဖြေရှင်းသည့်အနေဖြင့် ဆင်းရဲမှုတိုက်ဖျက်ရေးလုပ်ငန်းကို မိမိအနေဖြင့် အဓိက ဦးတည်ဆောင်ရွက်ခဲ့ပါကြောင်း၊ စီးပွားရေးအကျိုးအမြတ်ကို မရည်ရွယ်ဘဲ လူမှုရေးလုပ်ငန်းလုပ်ကိုင်လိုသည့် စိတ်ဓာတ်ဖြင့် Microcredit အစီအစဉ်ဖြင့် Social Business စတင်ခဲ့ကြောင်း၊ ယင်းလုပ်ငန်းမှာ ငွေကြေးအလှူရှင်အဖွဲ့၊ ဖောင်ဒေးရှင်းများနှင့် သဘောသဘာဝတူညီသော်လည်း လုပ်ထုံးလုပ်နည်းမတူကြောင်း၊ ရင်းနှီးငွေကြေးဆုံးရှုံးမှုမရှိဘဲ လူအများ၏ ပြဿနာပြေလည်အောင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အကျိုးအမြတ်ကို ဦးတည်ခြင်းမရှိဘဲ လူ့အဖွဲ့အစည်းပြဿနာများ ဖြေရှင်းရေးတွင် ရင်းနှီးမြှုပ်နှံခြင်းဖြစ်ကြောင်း။

ဆင်းရဲမှု လျှော့ချရေးအတွက် အဓိကစိန်ခေါ်မှုမှာ အလုပ်လက်မဲ့ပြဿနာနှင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှုပြဿနာများ ဖြစ်ကြောင်း၊ ပညာတတ်များနှင့်ပညာမဲ့များအတွက်ပါ စားဝတ်နေရေးဖြေရှင်းမှုတွင် လုံလောက်သောဝင်ငွေရရှိရေးသည် အခြေခံအချက်ဖြစ်ကာ ယင်းအတွက် မိမိကိုယ်တိုင်က အလုပ်အကိုင် ရှာဖွေသူထက် စွန့်ဦးတီထွင်လိုသည့် စိတ်ဓာတ်ဖြင့် အလုပ်အကိုင်ဖန်တီးသူဖြစ်ရန် လိုအပ်ကြောင်း။

အလုပ်အကိုင်ရရှိရေးတွင် အမျိုးသမီးများကို အဓိကထား ရည်ရွယ်ခဲ့ပြီး ၄င်းတို့ကိုယ်တိုင် အသေးစားလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ချေးငွေထုတ်ချေးသည့် အစီအစဉ်များ စတင်ခဲ့ပါကြောင်း၊ အမျိုးသမီးများအား အလုပ်အကိုင်ဖန်တီးလုပ်ကိုင်စေပြီး ရရှိလာသော ဝင်ငွေအမြတ်အစွန်းသည် မိသားစုစားဝတ်နေရေးနှင့် သားသမီးစောင့်ရှောက်ရေးတွင်ပါ အကျိုးဖြစ်ထွန်းကြောင်း။

ဘင်္ဂလားဒေ့ရှ်တွင် ဆောင်ရွက်နေသော Microcredit လုပ်ငန်းနှင့် Social Business ကို နယူးယောက်၊ လော့စ်အိန်ဂျလိစ်၊ အိန္ဒိယနှင့် မက္ကဆီကိုတို့တွင် ဆောင်ရွက်နေပြီး ဆင်းရဲမှုလျှော့ချရေးနှင့် ဆင်းရဲမှုပပျောက်ရေး အခန်းကဏ္ဍသည် မီဒီယာအားလုံးအတွက် ခေါင်းစဉ်ကဏ္ဍအဖြစ် မှတ်ယူစေလိုကြောင်း၊ Social Business ရည်ရွယ်ချက်ကို မမှားယွင်းစေဘဲ အမြတ်အစွန်းအကျိုးရလဒ်ထက် လူမှုပြဿနာများပြေလည်စေမည့် လူမှုရေးလုပ်ငန်းအဖြစ် မဆုတ်မနစ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အိမ်ရာမဲ့၊ အလုပ်လက်မဲ့များအတွက်ပါ ချေးငွေအစီအစဉ်များပါရှိသည့် ဘဏ်စနစ်နှင့် ဘဏ်များဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ကြောင်း။

မိမိအတွက် အလုပ်လုပ်ခြင်းနှင့် လူတစ်ယောက်အတွက် အလုပ်လုပ်ခြင်းကို ကွဲပြားစေလိုကြောင်း၊ ပြဿနာများဖြင့် မွေးဖွားလာသောလူသားများအနေဖြင့် ယင်းတို့ကို ဖြေရှင်းပေးမည့်သူကို ရှာဖွေနေခြင်းထက် မိမိကိုယ်တိုင်ပါဝင်ဖြေရှင်းခြင်းသည်သာ အကောင်းဆုံးနည်းလမ်းဟု မိမိယုံကြည်ပါကြောင်း၊ ကမ္ဘာတစ်ဝန်းလုံး ရင်ဆိုင်နေရသည့် ဆင်းရဲမှုပြဿနာကို သုညအဆင့်ထိ လျှော့ကျစေရန်မှာ တစ်ဦးတစ်ယောက်ချင်းစီ၏ စွန့်ဦးတီထွင်လိုစိတ်၊ အလုပ်အကိုင် ဖန်တီးဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ကြောင်း၊ နည်းပညာအခွင့်အလမ်းများ ရှိနေသော ယနေ့ခေတ်တွင် လူငယ်များ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးမှုကို ရှေးရှုပြောဆိုမနေဘဲ အလုပ်အကိုင်ကို ဖန်တီးရယူသူနှင့် ဖန်တီးပေးသူ ဖြစ်စေလိုကြောင်း၊ အလုပ်လက်မဲ့ဖြစ်ခြင်းကို မသိတော့သည့်တိုင်အောင် ဖန်တီးပုံဖော်သွားကြစေလိုကြောင်းဖြင့် ဆွေးနွေးပြောကြားပြီး တက်ရောက်လာသော သတင်းမီဒီယာများက ပြန်လည်ဆွေးနွေးကြသည်။

ထို့နောက် IPI ညီလာခံ ဒုတိယနေ့ အစီအစဉ်များကို ဆက်လက်ကျင်းပရာ အမှန် ပြောဆိုခြင်း-အရေးပေါ်အခြေအနေနှင့် အကျပ်အတည်းရှိချိန်တွင် ကျင့်ဝတ်နှင့်အညီ သတင်းရေးသားနိုင်ရန် ခေါင်းစဉ်ကို ဂျပန်၊ ယူကေနှင့် ပါကစ္စတန်နိုင်ငံများရှိ သတင်းမီဒီယာများမှ တာဝန်ရှိသူများက လည်းကောင်း၊ လွတ်လပ်သော လူမှုအဖွဲ့အစည်းများတွင် စုံစမ်းထောက်လှမ်းသတင်းစာပညာ လိုအပ်မှုခေါင်းစဉ်ဖြင့် ဟောင်ကောင်၊ ထိုင်း၊ ပါကစ္စတန်၊ အိန္ဒိယနှင့် မြန်မာနိုင်ငံ မြစ်မခသတင်းမီဒီယာမှ တာဝန်ရှိသူများက လည်းကောင်း၊ အန္တရာယ်ရှိသောသက်မွေးမှု၊ သတင်းစာပညာ-သတင်းပေးသူများ အသတ်ခံရခြင်းကို မည်သို့ ရပ်တန့်ကြမည်နည်း ခေါင်းစဉ်ကို ကာတာ၊ အီရတ်၊ အိန္ဒိယနှင့် အမေရိကန်နိုင်ငံတို့ရှိ သတင်းဌာနများမှ တာဝန်ရှိသူများက ဦးဆောင်ဆွေးနွေးကြကာ ဖိတ်ကြားထားသည့် သတင်းမီဒီယာများမှ အပြန်အလှန် ပါဝင်ဆွေးနွေးကြပြီး IPI အဖွဲ့ဝင်များ သီးသန့်ညီလာခံကို ညနေ ၄ နာရီတွင် ဆက်လက်ကျင်းပခဲ့သည်။

IPI ညီလာခံကျင်းပနေစဉ်အတွင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်နှင့် Grameen Bank Bhaban ဥက္ကဋ္ဌ ပါမောက္ခ Moharmmad Yunus နှင့် နံနက် ၁၁ နာရီခွဲတွင်လည်းကောင်း၊ နိုင်ငံတကာ မီဒီယာပံ့ပိုးမှုအဖွဲ့ (IMS) မှ အာရှဒေသဆိုင်ရာ စီမံကိန်းမန်နေဂျာ Esben Q. Harboe၊ Country Program Coordinator Glen Swanson၊ Centre for Law and Democracy မှ Executive Director Toby Mendel၊ ဖိလစ်ပိုင်နိုင်ငံမှ မီဒီယာကျွမ်းကျင်သူ Mr. Ramona Tuazon Guiler တို့နှင့် မွန်းလွဲပိုင်းတွင် ချက်ထရီယံဟိုတယ်ရှိ အမရပူရခန်းမ၌ သီးခြားစီတွေ့ဆုံခဲ့သည်။

IPI ညီလာခံ ဒုတိယနေ့အစီအစဉ်အပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ညီလာခံတက်ရောက်လာသော ပြည်တွင်း သတင်းမီဒီယာများမှ သတင်းထောက်များနှင့် တွေ့ဆုံပြီး သတင်းမီဒီယာလုပ်ငန်းဆိုင်ရာ မေးမြန်းချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။ **(သတင်းစဉ်)**



ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်နှင့် Grameen Bank Bhaban ဥက္ကဋ္ဌ ပါမောက္ခ Moharmmad Yunus အား တွေ့ဆုံနှုတ်ဆက်စဉ်။




(၆၅) ကြိမ်မြောက် နိုင်ငံတကာစာနယ်ဇင်းအဖွဲ့အစည်း(IPI) ကမ္ဘာ့ညီလာခံဒုတိယနေ့ ကျင်းပစဉ်။

# မြန်မာနိုင်ငံ ကလျာဏယုဝခရစ်ယာန်အသင်းများ၏ အမျိုးသားကောင်စီ (မြန်မာ YMCA) နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**ရန်ကုန် မတ် ၂၈**

မြန်မာနိုင်ငံကလျာဏယုဝခရစ်ယာန်အသင်းများ၏ အမျိုးသားကောင်စီ (မြန်မာ YMCA) (၆၄)ကြိမ်မြောက် အမျိုးသားဘုတ်အဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကို မတ် ၂၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ မြန်မာ YMCA ရုံးချုပ်အစည်းအဝေးခန်းမ၌ကျင်းပရာ အမှုဆောင်ကော်မတီဝင်များ၊ တိုးချဲ့ဘုတ်အဖွဲ့ဝင်များနှင့်(ဒေသန္တရ YMCA)အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာ YMCA ဥက္ကဋ္ဌ ဦးသာစိန်၊ အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်ဝင်းနှင့် ဘုန်းတော်ကြီး ဦးကျော်မိုးလှိုင်တို့က ဆုတောင်းမေတ္တာပို့သကြပြီး အမှုဆောင်ကော်မတီအစီရင်ခံစာ၊ နှစ်ချုပ်ငွေစာရင်းရှင်းတမ်း၊ စာရင်းစစ်အစီရင်ခံစာ၊ ဌာနကော်မတီများ၏ နှစ်ချုပ်အစီရင်ခံစာ၊ စီမံကိန်းများအစီရင်ခံစာများ၊ ဒေသန္တရ YMCA များ၏ နှစ်ချုပ်အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်အတည်ပြုကြသည်။

အစည်းအဝေးကို မတ် ၂၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စည်းလုံးညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်ရမည်

**ရန်ကုန် မတ် ၂၈**

မြန်မာနိုင်ငံ၏ အဓိကစားသုံးသည့်သီးနှံအဖြစ် သာမက နိုင်ငံခြားဝင်ငွေရှာဖွေပေးလျက်ရှိသည့် ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးထုတ်လုပ်မှုမှသည် ကြိတ်ခွဲမှု၊ ပြည်တွင်းကုန်သွယ်မှု၊ ပြည်ပတင်ပို့မှုအစုအဖွဲ့ သုံးခုနှင့်အတူ ဆန်စပါးအထူးပြုကုမ္ပဏီများအား စည်းရုံး၍ ဆန်စပါးကဏ္ဍ Supply Chain တစ်ခုလုံးအား စုစည်း၍ ဆောင်ရွက်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း ဒုတိယအကြိမ်နှစ်ပတ်လည်အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတိုးအောင်မြင့်က ပြောကြားရာတွင် ကမ္ဘာ့ဆန်ဈေးကွက်တွင် မြန်မာနိုင်ငံအနေဖြင့် Brand တစ်ခုရဖို့လိုအပ်ကြောင်း၊ ထိုင်းနိုင်ငံမှ နာမည်ရပြီးသား ဆန်မွှေးမျိုးကို ကမ္ဘောဒီးယားနှင့် ထိုင်းနှစ်နိုင်ငံကုမ္ပဏီတို့က မျိုးကို ကမ္ဘောဒီးယားမှရယူကာ ကမ္ဘောဒီးယားဆန်မွှေးဆိုပြီး ကမ္ဘာ့ဈေးကွက်တွင် စတင်ထိုးဖောက်နေကြောင်း၊ ဥရောပဈေးကွက်သို့ တင်ပို့ပါက ထိုင်းဆန်အနေဖြင့် အခွန်ပေးဆောင်ရမည်ဖြစ်ကြောင်း၊ LDC နိုင်ငံများတွင် ပါဝင်သည့် မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ တင်ပို့ပါက GSP အခွင့်အရေးကို ရရှိမည်ဖြစ်ကြောင်း၊ ထိုင်း၏ဆန်ကို ကမ္ဘောဒီးယားက ရပိုင်ခွင့်တစ်ခုအနေဖြင့် ပူးပေါင်းပြီး Win Win ဖြစ်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ ဥရောပ၏ အချို့သောဈေးကွက်တွင် ကမ္ဘောဒီးယားဆန်မွှေးမှာ နေရာရရှိလာကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် စည်းလုံးညီညွတ်စွာဖြင့် လမ်းကြောင်းရှာပြီး အခြားပတ်ဝန်းကျင်နိုင်ငံနှင့် ဈေးကွက်ယှဉ်ပြိုင်နေသည့် နိုင်ငံများနှင့်ယှဉ်ပြိုင်ပြီး ဆောင်ရွက်သင့်ကြောင်း၊ ဆန်စပါးကဏ္ဍတွင် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်ကြသည့် ပုဂ္ဂလိကကဏ္ဍသည် ဦးဆောင်ဆောင်ရွက်နေသည့်အတွက် Supply Chain အဆင့်ဆင့်စိုက်ပျိုး၊ ထုတ်လုပ်၊ ဝယ်ယူရောင်းချ၊ ကြိတ်ခွဲတင်ပို့အဆင့်အားလုံးတွင်ပါဝင်ကြသည့် လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များအားလုံး စည်းလုံးညီညွတ်စွာဆောင်ရွက်ပါက ၂၀၂၀ ခုနှစ်တွင် ဆန်တန်ချိန် လေးသန်းတင်ပို့နိုင်သည့် နိုင်ငံဖြစ်လာပြီး ဝင်ငွေမှာလည်း သုံးဆခန့်ရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသွားသည်။

မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုများအသင်းအနေဖြင့် မြန်မာနိုင်ငံအတွင်း ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းကို ခေတ်မီဖွံ့ဖြိုးတိုးတက်လာအောင် စီစဉ်ဆောင်ရွက်ရာတွင် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ ခေတ်မီနည်းပညာများ၊ မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ စိုက်ပျိုးရေးသုံး ခေတ်မီစက်ကိရိယာများ ရရှိရေးတို့ကို စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အောင်သူရ)**

■

# နိုင်ငံတကာစာနယ်ဇင်းအဖွဲ့အစည်း(IPI)၏ ၂၀၁၅ မီဒီယာဆိုင်ရာထူးချွန်ဆုများ ချီးမြှင့်

ရန်ကုန် မတ် ၂၈

နိုင်ငံတကာစာနယ်ဇင်းအဖွဲ့အစည်း(IPI)၏ ၂၀၁၅ ခုနှစ်အတွင်း ကမ္ဘာ့နေရာဒေသအသီးသီးတွင် မီဒီယာဆိုင်ရာလုပ်ငန်းများ ထူးချွန်စွာဆောင်ရွက်နိုင်ခဲ့သည့် သတင်းမီဒီယာများနှင့် လူပုဂ္ဂိုလ်များအား ထူးချွန်ဆုများချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ညနေ ၇ နာရီတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ချက်ထရီယံဟိုတယ် Pool Garden ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးရဲထွဋ်၊ နိုင်ငံတကာစာနယ်ဇင်းအဖွဲ့အစည်းမှ ဥက္ကဋ္ဌ Ms. Galina Sidorova နှင့် တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပသတင်းမီဒီယာများ၊ နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

IPI ၏ မီဒီယာဆိုင်ရာ ထူးချွန်ဆုများတွင် (၆၇)ကြိမ်မြောက် ကမ္ဘာ့လွတ်လပ်သော မီဒီယာသူရဲကောင်းဆု (67th World Press Freedom Hero) ကို ဆီးရီးယားမီဒီယာနှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှု ဗဟိုဌာန(Syrian Centre for Media and Freedom of Expression) မှ မီဒီယာဥပဒေအကျိုးဆောင် Mr.Mazen Darwish နှင့် ၂၀၁၅ ခုနှစ်အတွက် လွတ်လပ်သော မီဒီယာရှေ့ဆောင်ဆု (IPI 2015 Free Media Pioneer Award)ကို Mexican journalists' network Periodistas de a Pie ( Journalists on Foot) တို့ ရရှိခဲ့ကြသည်။

(သတင်းစဉ်)

✻ ရန်ကုန်-ဘန်ကောက်မှ

အခြားသောအခြေအနေအရပ်ရပ်ကြောင့် ယင်းခရီးစဉ်တွင် စီးနင်းသူ သုံးဦးသာရှိခြင်းဖြစ်ကြောင်း၊ ခရီးဝေးစီးနင်းကြမည့် ၎င်းတို့သုံးဦးကို ရန်ကုန်အခြေစိုက် စက်ဘီးစီးဝါသနာရှင်များက ဂုဏ်ပြုအားပေးကြကြောင်း သိရသည်။

လွန်ခဲ့သော မတ် ၂၇ ရက်ကလည်း ရန်ကုန်-ပန်းတနော်အသွားအပြန်ခရီးကို စက်ဘီးစီးဝါသနာရှင်အများအပြားမှ လိုက်ပါစီးနင်းခဲ့ကြကြောင်းလည်း သိရသည်။ ရန်ကုန်မြို့တွင် နံနက်ပိုင်းနှင့်ညနေပိုင်းတို့၌ ဝါသနာအရ စက်ဘီးစီးနင်းသူအများအပြားရှိလာပြီး ရန်ကုန်သို့ရောက်ရှိလာသော ကမ္ဘာလှည့်ခရီးသွားဧည့်သည်များပင်လျှင် စက်ဘီးစီးနင်းခြင်းတို့ကို ပြုလုပ်လာလျက်ရှိကြောင်း သိရသည်။ ခရီးဝေးစီးနင်းခြင်းသည် စက်ဘီးကောင်းမွန်ရန် လိုအပ်သလိုကျန်းမာကြံ့ခိုင်ရန်လိုအပ်ကြောင်း စက်ဘီးစီးဝါသနာရှင်များက ဆိုကြသည်။

ထက်ခိုင်(စမ်းချောင်း)

# မြစ်ငယ်မီးရထားတွဲပြင်စက်ရုံ တိုးချဲ့ဝန်ထမ်းအိမ်ရာ ရာနှုန်းပြည့်ပြီးစီး ဧပြီလအတွင်း မီးရထားဌာနသို့ လွှဲပြောင်းပေးအပ်နိုင်မည်

မြစ်ငယ် မတ် ၂၈

၁၉၁၂ ခုနှစ်မှ စတင်တည်ဆောက်ခဲ့သောသက်တမ်းရာကျော်အိမ်များနှင့် စည်ကားခဲ့သည့်မြို့မှာ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ မြစ်ငယ်မြို့ပင်ဖြစ်သည်။ မြစ်ငယ်မြို့ကို မီးရထားတွဲပြင်စက်ရုံရှိရာမြို့ မြန်မာနိုင်ငံ၏ သမိုင်းဝင်မီးရထားဝန်ထမ်းမြို့ဟုပင် တင်စားနိုင်သည်။

မြစ်ငယ်မီးရထားတွဲပြင်စက်ရုံ လူစီးတွဲနှင့် ကုန်တွဲစက်ရုံကို ၁၉၀၅ ခုနှစ်တွင် တည်ဆောက်ကာ ၁၉၁၁ ခုနှစ်တွင် ပြီးစီးသည်။ ၁၉၁၂ ခုနှစ်တွင် စက်ရုံစတင်လည်ပတ်ကြောင်း သိရသည်။ စက်ရုံစတင်တည်ဆောက်ချိန်မှစကာ ဝန်ထမ်းအိမ်ရာများစွာကိုပါတည်ဆောက်ခဲ့သဖြင့် မြစ်ငယ်မီးရထားတွဲပြင်စက်ရုံ နှစ်ပေါင်းတစ်ရာကျော်ခြင်းနှင့်အတူ ဝန်ထမ်းအိမ်ရာများစွာသည်လည်း နှစ်ပေါင်းတစ်ရာကျော်တည်ရှိပြီး ရှေးမူအတိုင်းတည်ရှိနေဆဲပင်ဖြစ်သည်။

မြစ်ငယ်မြို့ကိုလေ့လာသမျှ ဆောက်လုပ်ရေးလုပ်ငန်းနှင့် မြို့ပြအင်ဂျင်နီယာစနစ်ကောင်းမွန်ခဲ့ပုံကို အတုယူနိုင်သည်ဟု ညွှန်းဆိုနိုင်သည်။ ရှေ့မီနောက်မီ အသက်(၉၀)အရွယ် မီးရထားအငြိမ်းစားကြီးများ၏ လက်ဆင့်ကမ်းပြောပြမှုအရ အလုပ်ခန့်ပုံ၊ စမ်းသပ်ပုံ၊ ထိုခေတ်လစာနှင့် လစာပေးပုံစနစ်၊ လူမျိုးစုံ ဘာသာပေါင်းစုံ ရှေးယခင်မှစကာ ယခုအထိငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ကာ သူ့ပွဲကိုယ့်ပွဲ အတူတကွ ပျော်ရွှင်စွာဆင်နွှဲခဲ့ပုံများ၏ ကောင်းမွန်သောဆက်ဆံရေးကို သိရသည်။ ဘာသာပေါင်းစုံဘုရားကျောင်းများ ယခုတိုင်တည်ရှိနေသည်။

မြစ်ငယ်မီးရထားဝန်ထမ်းမြို့သည် မြန်မာနိုင်ငံမီးရထားလုပ်ငန်းအတွက် အရေးပါသောမြို့ကလေးဖြစ်ပြီး တွဲဟောင်းပြင်ခြင်း၊ တွဲသစ်တည်ဆောက်ခြင်းတို့ကို အဆက်မပြတ်ထုတ်လုပ်လျက်ရှိသည်။ ဝန်ထမ်းများအတွက်လည်း လေးထပ်တိုက်ခန်းများ တိုးချဲ့ဝန်ထမ်းအိမ်ရာများကိုလည်း တည်ဆောက်ပေးထားပြီး မီးရထားဝန်ထမ်းများအတွက် အစွမ်းကုန်ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်လျက်ရှိသည်။ ယခုအခါတွင် ယခင်က ဂျပန်လေယာဉ်ကွင်းတည်ရှိရာ



မြစ်ငယ်မီးရထားတွင်စက်ရုံနှင့် ကွန်ကရစ်ဇလီဖားတုံးစက်ရုံ၏ အနောက်ဘက်တွင် တိုးချဲ့ဝန်ထမ်းအိမ်ရာများကို တည်ဆောက်လျက်ရှိရာ ရာနှုန်းပြည့်နီးပါးပြီးစီးကာ ဆေးသုတ်နှင့်ဝါယာရိန်းပိုင်းသာ ကျန်တော့သည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြစ်ငယ် မြန်မာ့မီးရထားဝန်ထမ်းများအတွက် အဆောက်အအုံများကို Myanmar Land and Development Co.,Ltd. မှ တည်ဆောက်ခြင်းဖြစ်သည်။ တိုးချဲ့ဝန်ထမ်းအိမ်ရာများတွင် ခြောက်ခန်းတွဲ လေးထပ်အဆောက်အအုံ စုစုပေါင်းခြောက်လုံးပါဝင်သည်။ အဆောက်အအုံတစ်လုံးတွင် အခန်းခြောက်ခန်းပါဝင်ပြီး အိပ်ခန်းနှစ်ခန်း၊ ဧည့်ခန်း၊ ထမင်းစားခန်း၊ မီးဖိုခန်း၊ ရေချိုးခန်း၊ ရေအိမ်ခန်းတို့ပါရှိသည်။ တိုးချဲ့ဝန်ထမ်းအိမ်ရာများမှာ လေးထပ်ဆောင် အဆောက်အအုံများဖြစ်ပြီး မိသားစု ၂၄ စု ဝန်ထမ်းဦးရေ စုစုပေါင်း ၁၄၄ ဦးနေထိုင်နိုင်မည်ဖြစ်ပြီး ဝန်ထမ်းအိမ်ရာများကို ဧပြီလအတွင်း မီးရထားဌာနသို့ အပ်နှံနိုင်မည်ဖြစ်ကြောင်း သိရသည်။

(တိမ်တမန်)

# နိုင်ငံတကာအတွေ့အကြုံရရှိပြီး သတင်းအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ခွင့်ရ၍ အကျိုးရှိ

မြန်မာ့သတင်းစဉ် သတင်းအဖွဲ့

ရန်ကုန် မတ် ၂၈

**ရန်ကုန်မြို့တွင် ကျင်းပလျက်ရှိသည့် နိုင်ငံတကာစာနယ်ဇင်းအဖွဲ့အစည်းညီလာခံတွင် နိုင်ငံတကာမီဒီယာဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းအသီးသီးမှ IPI ညီလာခံတက်ရောက်ခွင့်ရရှိရန် မြန်မာနိုင်ငံဒေသစုံမှ သတင်းမီဒီယာလုပ်ငန်းဆောင်ရွက်နေကြသော သတင်းမီဒီယာ ၃၅ ခုမှ ထုတ်ဝေသူ၊ အယ်ဒီတာနှင့် သတင်းစာဆရာ ၅၀ ကို ပညာသင်ဆုအဖြစ် ရွေးချယ်တက်ရောက်စေခဲ့ရာ ရွေးချယ်ခံ ပြည်တွင်းမီဒီယာများနှင့် မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းမှုများကို စုစည်းဖော်ပြလိုက်ပါသည်။**



ဦးဘရန်မိုင်(CEO)



ဦးအောင်ကောင်းမွန်/လင်းလင်း



မဖြူမာပိုင်



ဦးထွန်းထွန်းထွေး

**မဖြူမာပိုင်**
**အလွတ်တန်းသတင်းထောက်**
**ဗီဒီယိုဂျာနယ်လစ်**
**MJI ကျောင်းသူ**

IPI Congress ကို ပထမဦးဆုံးအကြိမ်ကျင်းပတာ မြန်မာနိုင်ငံအတွက် အလွန်ဂုဏ်ယူရမယ့်အရာပါ။ ဒီမှာ နိုင်ငံတကာသတင်းသမား မီဒီယာသမားတွေ သတင်းဘယ်လိုယူတယ်ဆိုတာကို ကိုယ်တိုင်မြင်တွေ့ခွင့်ရတယ်။ တခြားနိုင်ငံမှာ တစ်ဦးတည်း၊ ဒါမှမဟုတ် အဖွဲ့နဲ့ ဆောင်ရွက်တာလည်းတွေ့ရတယ်။ တခြားနိုင်ငံမှာ သတင်းယူတဲ့ပုံစံအချို့ကို နားလည်လာတယ်။ သူတို့တွေရဲ့ စည်းကမ်းရှိမှု၊ တစ်ယောက်ကိုတစ်ယောက် အနှောင့်အယှက်မပေးတာ၊ သတင်းမီဒီယာ အေဂျင်စီတွေနဲ့ လေ့လာသူတွေလည်း ဒီပွဲမှာပါဝင်တယ်လို့သိလာရတယ်။ နိုင်ငံခြားသတင်းအေဂျင်စီတွေနဲ့ ချိတ်ဆက်ဆောင်ရွက်နိုင်ဖို့ အခွင့်အလမ်းတွေရှိနေပြီး သတင်းသမားတစ်ယောက်ရဲ့ စွမ်းဆောင်မှုတွေ ပိုရလာမှာဖြစ်ပါတယ်။ ဒီလိုအခွင့်အရေးကိုအသုံးချနိုင်မယ်ဆိုရင် ဒီမီဒီယာဆွေးနွေးပွဲက အကျိုးရလဒ်တွေ ရနိုင်ပါတယ်။

မနေ့က ဆွေးနွေးပွဲမှာ အဓိကက မြန်မာမီဒီယာသမားတွေ လွတ်လပ်တဲ့အနေအထားဖြစ်ဖို့နဲ့ ဖမ်းဆီးခံမီဒီယာတွေလွတ်မြောက်ဖို့ ဆန္ဒပြတဲ့ ကိစ္စတွေလည်း ပါဝင်တယ်။ ဆန္ဒပြတယ်ဆိုတာမှာ ဝန်ကြီးဆိုရင် အောင်မြင်မှုလို့တောင် သဘောထားသွားတယ်။ တစ်ခုခုလုပ်လိုက်တိုင်းမှာ တုံ့ပြန်မှုတစ်ခုက အမြဲရှိတယ်။ တကယ်က ဒီလိုဖြစ်ချင်တာ မဟုတ်ဘူး။ မီဒီယာသမားတွေအနေနဲ့ သူ့ကိုအောင်မြင်အောင် ပံ့ပိုးတာမဟုတ်ဘူး။ အကူအညီတောင်းတာ။ သူက ကူညီမယ်လို့ ဖြစ်လာစေချင်တာ။ သူ့ကိုမြင်ရတဲ့အတွက် မီဒီယာသမားတွေက ခွန်အားတွေရချင်တာ။ လက်တွေ့မှာတော့ အဲဒီလိုရအောင် လုပ်နိုင်ဖို့ မလွယ်သေးဘူး။ လုပ်လည်း မလုပ်တတ်ကြဘူး။ တကယ်တော့ ဆန္ဒပြတယ်ဆိုတာ သူ့အတွက်ပဲ ကောင်းသွားသလို ဖြစ်နေတယ်။ မနေ့က ရလိုက်တာက ဆန္ဒပြတဲ့သူကလည်း ငြိမ်းငြိမ်းချမ်းချမ်းပြသွားတယ်။ သူလည်းပဲ မှန်မှန်ကန်ကန် အဆင်ပြေပြေရင်ဆိုင်သွားတယ်။ အားလုံးလည်း အနှောင့်အယှက် ဖြစ်မသွားဘူး။ ဒီတစ်ခုတော့ အများကြီးအဆင်ပြေသွားတယ်။

**ဦးအောင်ကောင်းမွန်/လင်းလင်း**
**(လားရှိုး)**
**လားရှိုးနယ်မြေခံသတင်းထောက်**
**လားရှိုးမီဒီယာဂရု**

မနေ့က ဆွေးနွေးမှုမှာ တခြားနိုင်ငံတွေက မီဒီယာဆိုင်ရာ အခက်အခဲတွေနဲ့ ကျွန်တော်တို့ဆီက အခက်အခဲတွေ တိုက်ဆိုင်တူညီတာတွေရှိတယ်ဆိုတာတွေ့ရတယ်။ ဒါတွေကို တစ်ဦးတစ်ယောက်တည်းအပြင် အဖွဲ့အစည်းအနေနဲ့ ဘယ်လိုနည်းလမ်းတွေနဲ့ ဖြေရှင်းမလဲ။ တချို့ကို ဘယ်လိုဖြေရှင်းကြတယ်ဆိုတာ ရှုထောင့်အမျိုးမျိုးနဲ့ ဆွေးနွေးကြလို့ ဗဟုသုတရပါတယ်။

မီဒီယာ လွတ်လပ်ခွင့်နဲ့ဆိုင်တဲ့ ဘာသာရေး အကဲဆတ်မှုတွေကို အဓိကဆွေးနွေးတာ တွေ့ရပါတယ်။ မီဒီယာလွတ်လပ်ခွင့် ဆွေးနွေးတဲ့အခါ သတင်းထောက်တွေအပေါ်မှာ သက်ဆိုင်ရာတာဝန်ရှိသူတွေရဲ့ တုံ့ပြန်မှုနဲ့ ပတ်သက်ပြီး တချို့ကိစ္စတွေက မဖြစ်သင့်တဲ့အကြောင်းတွေကို ဆွေးနွေးတာကြားသိရပြီး ကျွန်တော်တို့သဘောထားတွေနဲ့ တိုက်ဆိုင်မှုတွေရှိပါတယ်။

**ဦးဘရန်မိုင်(CEO)**
**မြစ်ကြီးနားသတင်းဂျာနယ်**

IPI ညီလာခံက အလွန်ကိုတန်ဖိုးရှိတယ်။ ဒီမှာဆွေးနွေးကြတဲ့ အတွေ့အကြုံ၊ ဗဟုသုတတွေက ရခဲ့ပါတယ်။ အခုလိုအခြေအနေမှာ လွတ်လပ်တဲ့သတင်းမီဒီယာခေါင်းစဉ်နဲ့ ဆွေးနွေးကြတာ ကောင်းပါတယ်။

မနေ့က ဆွေးနွေးမှုမှာ ပုံနှိပ်သတင်းစာတွေ ရပ်တည်ဖို့အခက်အခဲရှိတဲ့အကြောင်းတွေ ဆွေးနွေးကြတာမှာ ဂျာနယ်တော်တော်များများ ရှုံးသွားတာ၊ ပိတ်လိုက်ရတာတွေ ပါပါတယ်။ ဒါတွေက ဒီမှာတင်မဟုတ်ဘဲ နိုင်ငံတကာမှာလည်း ဖြစ်နေတယ်ဆိုတာ သိရတယ်။ နောက်ပြီး အမုန်းစကားကဏ္ဍမှာလည်း မနေ့က နည်းနည်းထည့်ပြောသွားပြီး ဒီနေ့ ဆွေးနွေးမယ့်ခေါင်းစဉ်မှာပါတော့ စိတ်ဝင်စားဖို့ကောင်းပြီး ပိုပြည့်စုံလိမ့်မယ်ထင်တယ်။

၂၀၁၂ ခုနှစ် ဩဂုတ်လကတည်းက စာပေစိစစ်ရေးအဖွဲ့ကို ဖျက်သိမ်းပြီး မီဒီယာလွတ်လပ်ခွင့် ရလာတယ်။ လွတ်လပ်တဲ့မီဒီယာဆိုပေမယ့် အဖမ်းအဆီးကိစ္စတွေရှိနေသေးတော့ နည်းနည်းတော့ကျန်သေးတယ်။ အပြည့်အဝတော့ မရသေးဘူးပေါ့။ နောက်ပိုင်းမှာလည်း မီဒီယာအခွင့်အရေးတွေ ပိုရလာမယ်လို့ ထင်တာပါပဲ။ ဥပမာ-အစိုးရအနေနဲ့ မီဒီယာတွေကို ဝင်ထိန်းချုပ်တာထက်စာရင် မီဒီယာသမားအချင်းချင်း ထိန်းချုပ်တဲ့စနစ်နဲ့သွားကြရင် မကောင်းဘူးလားဆိုတာမျိုးပေါ့။ အဲဒီ့အပိုင်းကို ရောက်သွားရင် ပိုပြီးလွတ်လပ်သွားမယ်လို့ ထင်ပါတယ်။

**ဦးထွန်းထွန်းထွေး**
**အလွတ်တန်းသတင်းထောက်**
**ဘားအံမြို့**

လက်ရှိအချိန်က မြန်မာနိုင်ငံရဲ့ သတင်းလွတ်လပ်ခွင့်ကို ဖော်ဆောင်နေတဲ့ကာလဖြစ်ပြီး နိုင်ငံတကာပါဝင်တဲ့ ညီလာခံကြီးကို လာကျင်းပတဲ့အတွက် သတင်းလွတ်လပ်ခွင့်တွေ၊ သတင်းသမားအတွက် ကာကွယ်မှုတွေ ဖြစ်ပေါ်လာမယ်လို့ ယုံကြည်ပါတယ်။ မနေ့က ဆွေးနွေးမှုမှာ ထူးထူးခြားခြား သတင်းသမားတစ်ဦး ဆန္ဒဖော်ထုတ်တယ်။ ဒါကို မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီကာလမှာ သတင်းလွတ်လပ်ခွင့်ကို လက်တွေ့ဖော်ပြရာရောက်တယ်ဆိုတဲ့အကြောင်းကို ဝန်ကြီးက ပြောပါတယ်။ ဒါကလည်း ပွင့်လင်းလာတဲ့အနေအထားကို နိုင်ငံတကာက သိခွင့်ရတယ်လို့လည်း ယူဆပါတယ်။

လွတ်လပ်ခွင့်ဆိုတာက အတိုင်းအတာတစ်ခုထိ ရှိနေပါတယ်။ ဒီမိုကရေစီကူးပြောင်းကာလက သက်တမ်းနုသေးတော့ ဒါကို ဖြည်းဖြည်းချင်းရွေ့သွားပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီရလာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**ပြည်တွင်းရေးရာ**

# ယဉ်ကျေးမှု၊ ကွန်ပျူတာ၊ နိုင်ငံခြားဘာသာစကား သင်တန်းများဖွင့်

**တပ်ကုန်း မတ် ၂၈**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် အနော်ရထာရပ်ကွက် အောင်သီတာပျိုးဥယျာဉ် ကျောင်းတိုက်အတွင်း၌ ပျိုးဥယျာဉ်ဆရာတော် အရှင်ဝါယာမသီဟဦးစီး၍ နွေရာသီကလေးများအတွက် ယဉ်ကျေးမှုသင်တန်းများ၊ ကွန်ပျူတာ သင်တန်းများနှင့် ကိုရီးယား၊ ဂျပန်၊ အင်္ဂလိပ်စသော နိုင်ငံခြားဘာသာစကားပြောသင်တန်းများကို မတ် ၂၇ ရက်မှ မေ ၁၂ ရက်အထိ နံနက် ၆ နာရီမှ ည ၉ နာရီထိ ၄၅ ရက် (အခမဲ့) သင်ကြားပို့ချလျက်ရှိရာ သင်တန်းသား ၄၇၃ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။ **မောင်ပု (လ/၁၀၅)**



# အသွင်သစ်နှင့် မတ်လထုတ် သုတပဒေသာစာစောင်ထွက်ရှိ

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်ဆိုင်ရာ အပြောင်းအလဲရှိကြောင်း သိရသည်။

အသက် (၁၆) နှစ်မှ (၂၀) နှစ်အတွင်းလူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားရှိပြီး အသွင်ပြောင်းလဲထုတ်ဝေလိုက်သော မတ်လထုတ် သုတပဒေသာစာစောင်ကို ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်မှ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မတ်လထုတ် သုတပဒေသာစာစောင်တွင် ကျော်ဦး K.M.A၊ သိပ္ပံစာရေးဆရာ ကိုကိုအောင်၊ မြသိန်းနှင့်စုဝဏ္ဏ တို့၏ ရှုထောင့်အမြင်အမျိုးမျိုးဖြင့် ရေးသားပုံဖော်ထားသော "ကမ္ဘာနှင့်အဝန်းရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ စိန်ခေါ်မှုများ" မျက်နှာဖုံးဆောင်းပါးများ၊ အေးဖြူ ဟိန်းလတ်၊ T Nay Yar နှင့် ကြည်မင်းတို့၏ အတွေးအခေါ်ဆိုင်ရာ ဆောင်းပါးများ၊ အောင်ချိန်ဘွား၊ နေဇင်လတ်၊ မဟာသဒ္ဓမ္မဇောတိကဓဇ စည်သူဒေါက်တာခင်မောင်ညွန့်၊ မောင်မြင့်ကြွယ်၊ ကြည်ရွှန်း၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၊ မောင်တင်ဦး (ရုက္ခ)တို့၏ ကျင့်ဝတ်၊ နိုင်ငံတကာနှင့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဆောင်းပါးများ၊ ဦးဘသန်း(မဟာဝိဇ္ဇာ)၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ ဒေါက်တာမြင့်သန်း (သန္တေသား)၊ ထွန်း(ဆေး-၁) တက္ကသိုလ်မိုးမြင့်၊ ကိုကိုအောင်(အလုပ်သမား)၊ စိုးစိုး(ပန်းတောင်း)၊ ဆောင်းဝင်းလတ်၊ ကျော်ရှင်၊ ကေတီအောင်သိန်း (ရန်ကုန်တက္ကသိုလ်)၊ မောင်လှိုင်းသစ်၊ စိန်ဝင်းမော်၊ ပြည်ကြီး၊ နွယ်နွယ်မာ၊ ရှင်စောဖြူ၊ မော်(သန်လျင်)တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန်၊ ကျန်းမာရေးနှင့်မူးယစ်ဆိုင်ရာ ဆောင်းပါးများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံများဖြင့် ဝေဝေဆာဆာ စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ၂၅၀၀ ကျပ်နှုန်းဖြင့် စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၀၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၂၄၅/၂၄၇) အနော်ရထာလမ်းနှင့် (၉)လမ်းထောင့် လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၂၆၀၉၂၀၉၇၅၊ စာပေဗိမာန်စာအုပ်ဆိုင် (၈၆) လမ်း၊ (၂၀) လမ်းနှင့် (၂၂) လမ်းကြား မန္တလေး ဖုန်း-၀၂-၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်ဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး ဆွေးနွေး

**ပြည် မတ် ၂၈**

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး သင်တန်းဖွင့်ပွဲကို ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်ရဲတပ်ဖွဲ့ နဝင်းရဲရိပ်သာ၌ မတ် ၂၅ ရက်က ကျင်းပသည်။ အဆိုပါ သင်တန်းတွင် ပြည်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး အောင်သက်နိုင်က ရွေးကောက်ပွဲဆိုင်ရာ တွေ့ကြုံရမည့်အခြေအနေများ၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် ရဲတပ်ဖွဲ့၏ အဓိကအခန်းကဏ္ဍတစ်ခုဖြစ်သည့် လုံခြုံရေးကိစ္စများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဆွေးနွေးပို့ချသည်။ **(အပေါ်ပုံ)**

ယင်းသင်တန်းသို့ ပြည်ခရိုင် ခြောက်မြို့နယ်ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ရဲစခန်းမှူးများ စုစုပေါင်းသင်တန်းသား ၂၃ ဦး တက်ရောက်ခဲ့ကြကာ မြို့နယ်အဆင့် မွမ်းမံသင်တန်းများ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(၄၉၇)**

# တားမြစ်ဆေးဝါးရောင်းချမှု ပညာပေးဟောပြော

**ရန်ကုန် မတ် ၂၈**

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အမှတ်(၅)ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ အခြေခံပညာအထက်တန်းကျောင်းအမှတ်(၁)တွင် မူးယစ်ဆေးဝါးနှင့် ကာမရာဂစိတ်ကြွဆေးဝါးများ၊ ကျန်းမာရေးဦးစီးဌာနမှ တားမြစ်ဆေးအဖြစ် သတ်မှတ်ထားသော ဆေးဝါးများ၊ မှတ်ပုံတင်ထားခြင်းမရှိသည့်ဆေးဝါးများကို ရောင်းချခြင်း၊ သုံးစွဲခြင်း၊ သိုလှောင်ခြင်းမပြုလုပ်စေရေးအတွက် အသိပညာပေးဟောပြောပွဲအခမ်းအနား ပြုလုပ်ခဲ့သည်။ အဆိုပါအခမ်းအနားသို့ ကျောက်တံတားမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးယုနိုင်၊ မူးယစ်တပ်ဖွဲ့စု(၄၂)မှ ရန်ကုန်အနောက်ပိုင်းခရိုင် တပ်ဖွဲ့စုမှူး ရဲမှူးရဲသူရိန်ခင်မောင်သိန်းနှင့် မြို့နယ်မှတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဖိတ်ကြားထားသည့် ဆေးဆိုင်များ၊ ကျောက်တံတားမြို့နယ် ရပ်ကွက်နေပြည်သူများ အပါအဝင် စုစုပေါင်း ၇၀ ခန့် တက်ရောက်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ကျောက်တံတားမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးယုနိုင်က ကာမရာဂစိတ်ကြွဆေးများနှင့် လိင်စိတ်ကြွဆေးများအကြောင်း အသိပညာပေးဟောပြောခြင်း၊ မူးယစ်တပ်ဖွဲ့စု(၄၂)မှ ရန်ကုန်အနောက်ပိုင်းခရိုင် တပ်ဖွဲ့စုမှူးက မူးယစ်ဆေးဝါးများနှင့် တားမြစ်ဆေးဝါးများအကြောင်း အသိပညာပေး ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး သင်တန်းများဆင်း

**ရန်ကုန် မတ် ၂၈**

ဝန်ထမ်းများ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအထောက်အကူပြု သင်တန်းဆင်းပွဲများကို မတ် ၂၇ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြဝတီမင်းကြီးလမ်း အမှတ်(၅၁) ရပ်ကွက် ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံရွှေအောင်က စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ် (၅၉)၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၈၉)နှင့် အထူးနည်းပြသင်တန်းအမှတ်စဉ်(၁)တို့မှ သင်တန်းဆင်း သင်တန်းသား သင်တန်းသူများအား အမှာစကားပြောကြားပြီး သင်တန်းဆင်း အောင်လက်မှတ်များနှင့် သင်တန်းအလိုက် ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်သည်။ ယနေ့အထိ ဗဟိုလေ့ကျင့်ရေးကျောင်းမှ သင်တန်းဆင်း စုစုပေါင်းမှာ ၁၁၃၀၁၄ ဦးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

**၂၉-၃-၂၀၁၅ (တနင်္ဂနွေနေ့)**

### MRTV-4

- ၅:၀၀ ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၄၀ "ခြံစည်းရိုးလုံအောင်ကာပါ" တရားတော် (ဆရာတော်ဒေါက်တာ အရှင်စန္ဒာဝရာဘိဝံသ)
- ၇:၅၀ ရန်ကုန်မြင်ကွင်းကျယ်
- ၉:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၂၁)
- ၁၀:၀၀ ခေတ်သစ်ပျိုမေ
- ၁၁:၀၀ Star တို့ရဲ့လက်ရာ
- ၁၁:၂၅ MRTV-4 Stage
- ၁၁:၅၀ Weekly Sports Diary
- ၁၂:၁၅ Healthy Life
- ၃:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိခင်နှစ်ဦးရဲ့မေတ္တာ" (အပိုင်း-၆၅)
- ၅:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်လှဆိုးမလေး" (အပိုင်း-၁၂)
- ၁၀:၃၀ European Qualifiers Georgia Vs Germany (LIVE)
- ၁:၁၅ European Qualifiers Protugal Vs Serbia (LIVE)

### News Channel

- ၆:၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၈:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
- ၈:၃၀ Head Line NEWS
- ၈:၃၅ "ဒီမိုကရေစီစိတ်ထား" (အပိုင်း-၂)
- ၁၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း (Package)
- ၁၀:၃၅ နှစ်ပေါင်းခုနစ်ရာကျော်က ကျိုးနီကန်တော်ပြန်လည်တူးဖော်
- ၁၁:၃၅ ချစ်သော၍ကမ္ဘာမြေ
- ၁၂:၅၀ ဖြူ/မည်းရုပ်ရှင် "အသက်ကိုနှင်း၍" (ပထမပိုင်း) (တံ့တေးသိန်းတန်၊ စိုးနိုင်၊ ခင်သန်းနု) (ဒါရိုက်တာ-မောင်မောင်မြင့်)
- ၂:၃၀ Head Line NEWS
- ၂:၃၅ ဖြူမည်းရုပ်ရှင် "အသက်ကိုနှင်း၍" (ဒုတိယပိုင်း) (တံ့တေးသိန်းတန်၊ စိုးနိုင်၊ ခင်သန်းနု) (ဒါရိုက်တာ-မောင်မောင်မြင့်)
- ၃:၃၅ ဖြူ/မည်းရုပ်ရှင် "အသက်ကိုနှင်း၍"(တတိယပိုင်း) (တံ့တေးသိန်းတန်၊ စိုးနိုင်၊ ခင်သန်းနု) (ဒါရိုက်တာ-မောင်မောင်မြင့်)
- ၄:၃၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၄:၅၀ "သမိုင်းဝင် ကိုလိုနီအဆောက်အအုံများနှင့် သမိုင်းဝင်စာမျက်နှာပေါ်က ပြင်ဦးလွင်"
- ၇:၀၀ ပြည်တွင်းသတင်း
- ၇:၃၀ Head Line NEWS
- ၇:၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၈:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၉:၀၀ ပြည်တွင်းသတင်း မိုးလေဝသအခြေအနေ Tasty Trip ဆိုကြမယ်၊ ပျော်ကြမယ်

### Entertainment Channel

- ၆:၀၀ အဖွင့် -လက်ာဝတ်ရည် မြန်မာမှုတေးဂီတ အဖွဲ့ဖျော်ဖြေမှု အစီအစဉ် (အပိုင်း-၁၁)
- ၆:၂၅ မြန်မာဗီဒီယိုဇာတ်လမ်း "မီးကင်းစောင့်တဲ့ည" ဗေလုဝ၊ မိုင်စန္ဒာအောင်၊ ဝင်းနိုင် (အနုပညာ)၊ ချစ်စရာ၊ မိုးကျော်၊ လန်ဒန်၊ (ဒါရိုက်တာ-စိုးမိုး)
- ၈:၂၅ ပြည်သူ့နီတိ "အသိမဲ့လမ်း"
- ၈:၄၅ ဝတ်စားဆင်ယင်မှုပြပွဲ
- ၈:၅၀ ဆိုကြမယ်၊ ပျော်ကြမယ်
- ၉:၄၅ မြန်မာရုပ်ရှင်(ဆေးရောင်စုံ) "ကျိုးယောင်ဆောင်သောဒေါင်း" (ကျော်ဟိန်း၊ မို့မို့မြင့်အောင်၊ ချိုပြုံး) (ဒါရိုက်တာ-မျိုးညွန့်သွင်)
- ၁၂:၀၀ အစီအစဉ်ပြီး၏

**တစ်နေ့(၆)နာရီစာ (၄)ကြိမ် ပြသပါမည်။**

နံနက်

- ၈:၀၀ မန္တလေးမြို့တည် နန်းတည်သမိုင်းဝင်အဆောက်တော်များဖွင့်ပွဲ မဟာမင်္ဂလာအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

mitv

**MYANMAR INTERNATIONAL**
**Programme Schedule**
**(29-3-2015) (Sunday)**

- Beach Food Delivery
- Shwe Maw Daw: The Glory Of Bago City
- Kindhearted Pet Lovers
- Reflected Glory
- Goldsmith
- A Dream A Destination (Hpa An)
- Singapore-Myanmar Bilateral Ties
- Porcelain and Glass
- Food Trip (Ep-8) (Part-II)
- U Kyaw Thu: From Artist to Philanthropist
- Myanmar Masterclass "Min Wae Aung"
- Great Shwedagon - The Historic Bells
- A Glance At A Naga Family Life
- One Heritage……One Festival
- Shan Novices To Be………..
- The Eel Business (Fisherman the eel culture)
- Innovative Handiworks Based On The Art Of Line Drawing

# ပလိပ်မြွေဘုရားတွင် မြွေကြီးများရေချိုးချိန် မြွေကြီးနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်သူများပြား

**မန္တလေး မတ် ၂၈**

"မြို့ပုဂံ ရွာပလိပ်"ဆိုသောစကားနှင့်အညီ ဘုရားစေတီပေါများမှုတွင် ပလိပ်သည်ထင်ရှားသည်။ ပလိပ်တွင် နိုင်ငံသိဘုရားတစ်ဆူရှိသည်။ ထိုဘုရားမှာ ရတနာလာဘမုနိမြွေဘုရားပင်ဖြစ်သည်။ မြွေဘုရားတွင် မြွေများရှိသည်။ ထိုဘုရားသည် ဒေသခံတို့ ပလိပ်အင်းအတွင်းစိုက်ပျိုးသောစပါးမှထွက်သည့် ဆန်တို့ဖြင့် ဆွမ်းဆန်စိမ်းလောင်းလှူသည့်ဓလေ့ရှိသည်။ မြွေဘုရားသည် သက္ကရာဇ် ၄၇၄ ခုနှစ်တွင် ရှမ်းမောင်နှမသုံးဦးဖြစ်သည့် အစ်မတော်စောယွန်း၊ မောင်တော်စောဦး၊ ညီမတော်စောမွန်တို့က တည်ထားကိုးကွယ်ခဲ့သည်။ စေတီတော်အတွင်းရှိ ရုပ်ပွားတော်မှာထူးခြားပြီး လက်တော်နှစ်ဖက်ကိုဖြန့်လျက် ဝရမုဒြာပုံစံဖြစ်ပြီး ကျောက်ဆင်းတု၊ ကြေးဆင်းတုမဟုတ်ဘဲ ရောစပ်မွမ်းမံတည်ထားသော မံရုပ်ပွားတော်ဖြစ်သည်။ ထိုရုပ်ပွားတော်ကို အကြောင်းပြုကာ ရတနာလာဘမုနိဆုတောင်းပြည့်ဘုရားဟုခေါ်ဆိုသမုတ်ခဲ့ကြောင်း သိရသည်။

နှစ်ကာလကြာသောအခါရှေးဟောင်းစေတီများအား ချုံနွယ်ပိတ်ပေါင်းများဖုံးလွှမ်းသွားခဲ့သည်။ ၁၃၃၈ ခုနှစ် တပေါင်းလဆန်း ၁၀ ရက် နံနက် ၇ နာရီ၊ ၁၉၇၇ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် စေတီဟောင်းများအတွင်း ချုံနွယ်များရှင်းလင်းရာမှ ရတနာလာဘမုနိဆုတောင်းပြည့် စေတီတော်



အတွင်းရှိ ရုပ်ပွားတော်၏ မဏိတော်၊ လည်ပင်းတော်၊ လက်တော်များပေါ်တွင် မြွေကြီးသုံးကောင်ရစ်ပတ်ဦးခိုက်ခွေကာနေသည်ကို တွေ့ရှိရာမှ ထင်ရှားလာကာ သာသနာပြုမြွေကြီးသုံးကောင်ကိုအကြောင်းပြုကာ ရတနာလာဘမုနိဆုတောင်းပြည့် မြွေဘုရားဟု နိုင်ငံအနှံ့ထင်ရှားကျော်ကြားလာခဲ့သည်။

မြွေဘုရားတွင် နေ့စဉ်ဘုရားဖူးများစည်ကားလျက်ရှိသည်။ ဘုရားဖူးများသည် ထိုမြွေများအတွက် မြွေစာလှူဒါန်းခြင်းများပြုလုပ်ပြီး မြွေဘုရားတွင် အဓိဋ္ဌာန်ပြုကာ ဆုတောင်းလေ့ရှိကြသည်။ အဓိဋ္ဌာန်အောင်တိုင်း သာသနိက အဆောက်အအုံများ ကုသိုလ်ပြုလှူဒါန်းသည့်အတွက် ခမ်းနားသပ်ရပ်ကာ ဘုရားဖူးများ စိတ်လက်ချမ်းသာစွာ ဘုရားဖူးနိုင်သည်အထိ တိုးတက်လာခဲ့သည်။ယခုအခါ မြွေဘုရားသို့ လာရောက်ဖူးမြော်ကြသော ဘုရားဖူးများသည် မြွေကြီးများရေချိုးပေးချိန်နှင့်တိုက်ဆိုင်ပါက မြွေကြီးများနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်ကူးကြသည်။ မြွေရေချိုးချိန်တွင် အမှတ်တရ ဓာတ်ပုံရိုက်ကူးနိုင်ရန် ကူညီပေးလေ့ရှိပြီး အမှတ်တရ ဓာတ်ပုံများကို ငါးမိနစ်အတွင်း ကူးပေးကာ ဝန်ဆောင်မှုပေးထားသည်။ ဘုရားဖူးများမှာလည်း မြွေကြီးများနှင့် အမှတ်တရ ဓာတ်ပုံရိုက်မှုကိုအထူးနှစ်သက်ပြီး ရခဲသောအခွင့်အရေးမို့ စိတ်ဝင်စားမှုများပြားကြောင်း သိရသည်။

**(တိမ်တမန်)**

# ပြန်ကြားရေးဝန်ကြီးဌာန
## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်ပုံနှိပ်သတင်းစာများအား Digital သတင်းစာများအဖြစ်ပါ ဝန်ဆောင်မှုတိုးမြှင့်နိုင်ရေးအတွက် စိတ်ဝင်စားမှုအဆိုပြုလွှာခေါ်ယူခြင်း

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေဖြင့် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများကို လက်ရှိထုတ်ဝေနေသော ပုံနှိပ်သတင်းစာများအပြင် ယနေ့ခေတ်တွင် လူအများအလွယ်တကူ သုံးစွဲလျက်ရှိသည့် အဆင့်မြင့်မိုဘိုင်းတယ်လီဖုန်းများ၊ တက်ဘလက်များ၊ အိုင်ပက်များအစရှိသည့် ဒစ်ဂျစ်တယ်ပစ္စည်းများဖြင့် ဖတ်ရှုနိုင်သည့် ဒစ်ဂျစ်တယ် Digitalသတင်းစာများအဖြစ်ပါ တိုးမြှင့်ဝန်ဆောင်မှုပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ပါ၍ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများကို သတင်းစာတစ်စောင်ချင်းအလိုက် Website ထူထောင်ခြင်းနှင့် Digital သတင်းစာအဖြစ် ထုတ်လုပ်ခြင်းများအတွက် ဝန်ဆောင်မှုပေးနိုင်ရေးအတွက် မည်သူမဆို စိတ်ပါဝင်စားမှု အဆိုပြုလွှာများပေးပို့ကြရန် ဖိတ်ခေါ်ပါသည်။

၃။ အဆိုပြုလွှာများကို ၂၄-၄-၂၀၁၅ ရက် နံနက် (၀၉း၃၀)နာရီမှ (၁၆း၃၀)နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန ရုံးအမှတ်(၇) နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပြီး သတ်မှတ်ကာလထက်ကျော်လွန်သော အဆိုပြုလွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အဆိုပြုလွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၂၃၊ ၀၆၇-၄၁၂၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ တင်ဒါပုံစံများအား ၂၆-၃-၂၀၁၅ ရက်နေ့မှ ၂၄-၄-၂၀၁၅ ရက်နေ့အထိ နေ့စဉ်နံနက် (၀၉း၃၀)နာရီမှ (၁၆း၃၀)နာရီအတွင်း အောက်ဖော်ပြပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

| အဆိုပြုလွှာပုံစံများထုတ်ယူရန်လိပ်စာ | အဆိုပြုလွှာတင်သွင်းရန်လိပ်စာ |
|---|---|
| သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း<br>ပြန်ကြားရေးဝန်ကြီးဌာန<br>ရုံးအမှတ်(၇)၊ နေပြည်တော်<br>ဖုန်း-၀၆၇-၄၁၂၂၃၊ ၀၆၇-၄၁၂၂၈ | ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ<br>ပြန်ကြားရေးဝန်ကြီးဌာန<br>ရုံးအမှတ်(၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၂၃၇ |

# ဘော်လခဲ၊ ရွှာငံ၊ ဖားဆောင်း၊ ဘိုကလေးနှင့်ဟားခါးရုပ်သံထပ်ဆင့်လွှင့်စက်ရုံများမှ မြန်မာ့အသံရေဒီယို အစီအစဉ်များကို FM စနစ်ဖြင့် စတင် စမ်းသပ်ထုတ်လွှင့်လျက်ရှိ

**နေပြည်တော် မတ် ၂၈**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ မြန်မာ့အသံ FM ရေဒီယိုလွှင့်စက်များ တိုးချဲ့တပ်ဆင်ရေးဆောင်ရွက်လျက်ရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပထမအဆင့်(၁၉)ရုံအနက် ပျဉ်းမနား၊ စစ်ကိုင်း၊ လားရှိုး၊ မော်လမြိုင်၊ ပုသိမ်၊ မင်းဘူး၊ ပုပ္ပား၊ ပဲခူး၊ လွိုင်ကော်၊ မြိတ်၊ စစ်တွေ၊ ကနေဒီ၊ ဘူးသီးတောင်၊ မောင်တော၊ ပိန္နဲတောင်၊ လပွတ္တာ၊ ငွေဆောင်၊ ဟိုင်းကြီးကျွန်းနှင့် အမာစသည့် ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ ၁၈ ရုံတွင် မြန်မာ့အသံ FM ရေဒီယို တိုးချဲ့တပ်ဆင်မှုများ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ စက်ရုံမှ မြန်မာ့အသံ FM ရေဒီယို ထုတ်လွှင့်မှုကို စက်ရုံတည်ရှိရာ အကွာအဝေး မိုင် ၃၀ ပတ်လည်အတွင်းရှိ ဒေသများမှ ကောင်းမွန်စွာ ဖမ်းယူနားဆင်နိုင်ပြီ ဖြစ်ပါကြောင်းကို နေ့စဉ်ထုတ်သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားတို့မှ တစ်ဆင့် ပြည်သူများသို့ အသိပေးတင်ပြခဲ့ပြီးဖြစ်ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဝယ်ယူခဲ့သည့် FM လွှင့်စက်ရုံ ၃၅ ရုံအနက်မှ ဘော်လခဲရုပ်သံထပ်ဆင့်လွှင့်စက်ရုံမှ ၂၅-၂-၂၀၁၅ ရက်နေ့မှ စတင်၍ လွှင့်အား 150 W ၊ လှိုင်းနှုန်း (88.0MHz) ဖြင့်စတင်၍ စမ်းသပ်ထုတ်လွှင့်လျက်ရှိရာ အဆိုပါ ထုတ်လွှင့်မှုကို မိုင်းထမ်း၊ ဝမ်ချယ်၊ ရေနီပေါက်၊ ကယားပိုင်းမှ လည်းကောင်း၊ ရွှာငံ ရုပ်သံထပ်ဆင့်လွှင့်စက်ရုံမှ ၂၆-၂-၂၀၁၅ ရက်နေ့မှ စတင်၍ လွှင့် အား (150 W)၊ လှိုင်းနှုန်း (88.3 MHz) ဖြင့်စတင်၍ စမ်းသပ်ထုတ်လွှင့်လျက်ရှိရာ အဆိုပါ ထုတ်လွှင့်မှုကို ကျောက်မြောင်း၊ သိမ်ကုန်း၊ ရေဦး၊ လယ်ကိုင်း၊ ညောင်ရှ၊ ကျောက်ကူပြင်၊ လိပ်ကြာ၊ ကျောက်ပိစပ်တို့မှလည်းကောင်း၊ ဖားဆောင်း ရုပ်သံထပ်ဆင့်လွှင့်စက်ရုံမှ ၂၇-၂-၂၀၁၅ ရက်နေ့မှ စတင်၍ လွှင့်အား (150W)၊ လှိုင်းနှုန်း (88.3 MHz) ဖြင့် ထုတ်လွှင့်လျက်ရှိရာ အဆိုပါ ထုတ်လွှင့်မှုကို ခမဖြူ၊ ကျောက်ပဲညို၊ ကယားဝမ်အောင်း၊ ပါပုရွာများမှလည်းကောင်း၊ ဘိုကလေး ရုပ်သံထပ်ဆင့်လွှင့် စက်ရုံမှ ၂-၃-၂၀၁၅ ရက်နေ့မှစတင်၍ လွှင့်အား (2KW) လှိုင်းနှုန်း(89.5 MHz) ဖြင့် ထုတ်လွှင့်လျက်ရှိရာ အဆိုပါ ထုတ်လွှင့်မှုကို မော်လမြိုင်ကျွန်း၊ ကျုံမငေး၊ ဖျာပုံ၊ ကျိုက်လတ်၊ ရွှေတောင်မော်၊ ကျုံကဒွန်း၊ ကမာကလူ၊ စက်ဆန်း၊ ကြက်ဖမေးစောင်း၊ ကဒုံကနီ၊ ရေလယ်ကျွန်းတို့မှလည်းကောင်း၊ ဟားခါးရုပ်သံထပ်ဆင့်လွှင့်စက်ရုံမှ ၂၂-၃-၂၀၁၅ ရက်နေ့မှ စတင်၍ လွှင့်အား (300W)၊ လှိုင်းနှုန်း (88.3 MHz) ဖြင့်ထုတ်လွှင့်လျက်ရှိရာ အဆိုပါ ထုတ်လွှင့်မှုကို ခွာဘဲ၊ လောက်လုံ၊ ဘွာလ်တပ်၊ နာရ်လောန်၊ ဟရန်ဟရိန် ကျေးရွာတို့မှလည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိကြသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဝယ်ယူခဲ့သည့် FM လွှင့်စက်ရုံ ၃၅ ရုံအနက်မှ ယနေ့အထိ ဘီးလင်း၊ ပြည်၊ တောင်ငူ၊ သီပေါ၊ သိန္နီ၊ ညောင်လေးပင်၊ နေပြည်တော်(တပ်ကုန်း)၊ တောင်တွင်းကြီး၊ ရေဦး၊ ကန့်ဘလူ၊ ဘော်လခဲ၊ ရွှာငံ၊ ဖားဆောင်း၊ ဘိုကလေးနှင့် ဟားခါးစသည့်စက်ရုံ ၁၅ ရုံမှ မြန်မာ့အသံရေဒီယို အစီအစဉ်များကို FM စနစ်ဖြင့် စမ်းသပ်ထုတ်လွှင့်လျက်ရှိပြီး ကျန်ရှိသည့်စက်ရုံများတွင် တပ်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**

# သက်ကြီးပူဇော်ပွဲ၊ မောင်သင်္ကြန် မယ်သင်္ကြန် ရွေးချယ်ပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပမည်

**မန္တလေး မတ် ၂၈**

မင်္ဂလာမန္တလေး မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်အကြို သက်ကြီးပူဇော်ပွဲ၊ မောင်သင်္ကြန် မယ်သင်္ကြန်ရွေးချယ်ပွဲနှင့် ဈေးရောင်းပွဲတော်ကို ပထမအကြိမ်အဖြစ် ကျင်းပမည်ဖြစ်ကြောင်း စာနယ်ဇင်းရှင်းလင်းပွဲကို မတ် ၂၇ ရက် ညနေ ၃ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေး Business Support Center ၌ ကျင်းပသည်။

စာနယ်ဇင်းရှင်းလင်းပွဲတွင် ဒါရိုက်တာ ဦးဇင်မင်းဆွေက "မြန်မာ့ရိုးရာပွဲတော်များကို မင်္ဂလာမန္တလေးဖွင့်ပြီးကတည်းက လစဉ်ကျင်းပခဲ့ပါတယ်။ အခုလည်း သင်္ကြန်ပွဲတော်ကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမှာပါ"ဟု ပွဲတော်ကျင်းပမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ပထမအကြိမ် မင်္ဂလာမန္တလေး မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်အကြို သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၁ ရက် နံနက် ၉ နာရီတွင် မန္တလေးတောင်ခြေ ဘိုးဘွားရိပ်သာမှ ဘိုးဘွား ၇၀ ကျော်အား မြန်မာ့ရိုးရာ အစဉ်အလာအတိုင်း ပူဇော်ကန်တော့မည်ဖြစ်သည်။

မောင်သင်္ကြန် မယ်သင်္ကြန်ရွေးချယ်ပွဲကို အသက် ၁၈ နှစ်နှင့် ၂၅ နှစ်ကြား မည်သူမဆို လျှောက်လွှာဝယ်ယူကာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ဆုကြေးအဖြစ် ပထမ ခုနစ်သိန်း၊ ဒုတိယ ငါးသိန်း၊ တတိယ သုံးသိန်း၊ ချီးမြှင့်မည်ဖြစ်သည်။ လျှောက်လွှာများကို ဧပြီ ၈ ရက် နောက်ဆုံးစာရင်းပေးသွင်းရမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲနှင့်အတူ ခေတ်အဆက်ဆက် ဝတ်စားဆင်ယင်မှု သရုပ်ပြပွဲကို ဧပြီ ၈ ရက်မှ ၁၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး သင်္ကြန်အကြိုဈေးရောင်းပွဲတော်ပါ ပါဝင်မည်ဖြစ်ရာ ဆိုင်ခန်းပေါင်း ၅၅ ခန်းနှင့် ကုမ္ပဏီပေါင်း ၄၀ ကျော်က ပါဝင်ပြသသွားမည်ဖြစ်သည်။ ဈေးပွဲတော်ကို မင်္ဂလာမန္တလေး လမ်းလျှောက်ဈေးပေါ်တွင် ခင်းကျင်းရောင်းချသွားမည်ဖြစ်ပြီး နံနက် ၉ နာရီမှ ည ၉ နာရီအထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(၀၀၂)**

ထင်သာမြင်သာ
ပြုပြင်စရာ

# အရိပ်ကောင်းသော်လည်း အန္တရာယ်ဖြစ်နိုင်သည့် ခရေပင်ကြီး



**ရန်ကုန် မတ် ၂၈**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံအနီး MULTI LANGUAGE ACADEMY INTERNATIONAL SCHOOL ကျောင်းတံခါးရှေ့နှင့် ရွှေဂုံတိုင်ခုံးကျော်တံတားအောက် ကားလမ်းဘေးကပ်လျက် အုတ်ခုံပေါ်တွင် ပေါက်လျက်ရှိသော ခရေပင်ကြီးမှာ အမြစ်များပေါ်လျက် လူသွားလမ်းပလက်ဖောင်းနှင့် ကားလမ်းဘက်သို့ ၄၅ ဒီဂရီ တိမ်းစောင်းလျက်ရှိနေသောကြောင့် လမ်းသွားလမ်းလာခရီးသည်များနှင့် ကျောင်းသား ကျောင်းသူများအတွက် အချိန်အခါမရွေး အန္တရာယ်ဖြစ်နိုင်သည်ကို ပုံတွင်မြင်တွေ့ရသည့်အတိုင်း မြင်တွေ့နေရသည်။

**(သွန်းဝသန်လင်း)**

အားကစား

# မြစ်ငယ်မြို့တွင် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများမွေးထုတ်ပေးရန် စနစ်တကျ လေ့ကျင့်သင်ကြား

**မြစ်ငယ် မတ် ၂၈**

မြန်မာနိုင်ငံတွင် ဘောလုံးအားကစား ဖွံ့ဖြိုးရေးအတွက်အခွင့်အခါကောင်း ကြုံတွေ့ခဲ့သည်။ ၂၀၁၀ ခုနှစ်မှစ၍ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲများ စတင်ကျင်းပသည့်အတွက် ဘောလုံးအားကစားကို အားပေးလာခဲ့ကြသည်။ မြစ်ငယ်ဒေသတွင် မြစ်ငယ်မီးရထားတွဲပြင်စက်ရုံကို အခြေပြု၍ ဘောလုံးအားကစား တိုးတက်ခဲ့သည်။ ယခင်အခါက မီးရထားဘောလုံးအသင်းသည် မန္တလေးဗထူးကွင်းတွင်နာမည်ကြီးခဲ့သည်။ မြစ်ငယ်မီးရထားဘောလုံးအသင်းမှ နိုင်ငံကျော်ဘောလုံးသမားတစ်ဦးပေါ်ထွက်ခဲ့သည်။ ထိုသူမှာ အေးမောင်ကြီးပင်ဖြစ်သည်။



ယခုအခါ မြစ်ငယ်ဘောလုံးကွင်းတွင် အရွယ်စုံဘောလုံးအားကစားကို စနစ်တကျအပ်နှံ လေ့ကျင့်မှုများ ပြုလုပ်လာကြသည်။ ဘောလုံးလေ့ကျင့်မှုတွင် အခြေခံကြံ့ခိုင်ရေးလေ့ကျင့်မှု၊ ဘောလုံးကျွမ်းကျင်မှု၊ ဘောလုံးပိုင်နိုင်မှု၊ ကြွက်သားဖွံ့ဖြိုးမှုတို့နှင့် နည်းစနစ်ပိုင်းတို့ကိုပါ လေ့ကျင့်ပေးသည်။

လက်ရှိကာလတွင် မြစ်ငယ်အားကစားကွင်းတွင် မြစ်ငယ်မြို့နှင့် မြစ်ငယ်နယ်ဂုဏ်ဆောင် နန္ဒဝန်လူငယ်ဘောလုံးအသင်းမှာ တစ်နှစ်ပတ်လုံး လေ့ကျင့်လျက်ရှိသည်။ နန္ဒဝန်ဘောလုံးအသင်းသည် ၁၉၉၅ ခုနှစ်မှ စတင်ဖွဲ့စည်းပြီး ငွေကြေးမပါဘဲ စေတနာဖြင့်သာ ဘောလုံးသမားကောင်းများကို မွေးထုတ်ပေးလျက်ရှိသည်။ အသင်းတည်ထောင်လေ့ကျင့်ပေးသူမှာ ဦးတင်ငွေ(ခ) ဦးမြင့်အောင်ဖြစ်သည်။ လက်ရှိကာလတွင် လေးပေကိုး လူငယ်ဘောလုံးအသင်းမှာ ပထမဆု ၂၇ ဆု ရယူထားသည်။ နန္ဒဝန်လူငယ်ဘောလုံးအသင်းမှာ အသက်အရွယ်အလိုက် ပြည်တွင်းကလပ်အသင်းပေါင်းစုံတွင် ကစားလျက်ရှိသည်။ နန္ဒဝန်ဘောလုံးအသင်းမှသည် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာရေး၊ မြန်မာဘောလုံးလောကကို မြှင့်တင်ပေးမှုတွင် အထောက်အကူပြုရေးအတွက် စေတနာသက်သက်ဖြင့် နှစ်ကာလကြာရှည်စွာ လေ့ကျင့်သင်ကြားလျက်ရှိသည်။ နန္ဒဝန်လူငယ်ဘောလုံးအသင်းမှ လူငယ်တချို့ မြန်မာနိုင်ငံလက်ရွေးစင်အသင်းတွင် ကစားလျက်ရှိနေကြောင်း သိရသည်။

**(တိမ်တမန်)**



# ချန်ပီယံလိဂ်မှ ချယ်လ်ဆီးထွက်ခွာခဲ့ရခြင်းမှာ ဘုရားသခင်၏ လျှို့ဝှက်စွာကောင်းချီးပေးခြင်းဟု ဟာဇက်ဆို

အေဒင်ဟာဇက်က ချယ်လ်ဆီးအသင်း ချန်ပီယံလိဂ်မှ ထွက်ခွာခဲ့ရခြင်းမှာ ဘုရားသခင်၏ လျှို့ဝှက်စွာ ကောင်းချီးပေးခြင်းဟု ပြင်သစ်သတင်းစာ L' Equipe နှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

အသက်(၂၄)နှစ်အရွယ်ရှိ ဟာဇက်သည် ချန်ပီယံလိဂ် (၁၆)သင်းအဆင့်ရှုံးထွက်ပွဲစဉ်မှာပင် ချယ်လ်ဆီးအသင်းကို ပီအက်စ်ဂျီအသင်းက အဝေးဂိုးစည်းမျဉ်းအရ ထွက်ခွာစေခဲ့ခြင်းမှာ ကလပ်အသင်း၏ ဥရောပအဆင့်ရပ်တည်ချက်ကို အနုတ်လက္ခဏာဆောင်စေသော ဖြစ်ရပ်ဟူ၍လည်း ထပ်လောင်းပြောကြားခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ဒုတိယအကျော့ကို အိမ်ကွင်းစတန်းဖို့ဒ်ဘရစ်ချ်၌သာ ကစားခဲ့ရပြီး တစ်ယောက်လျော့ပီအက်စ်ဂျီကိုနှစ်ကြိမ်တိုင်တိုင်ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့သော်လည်း ချေပဂိုးများပေးခဲ့ရပြီးနောက် အဝေးဂိုးစည်းမျဉ်းအရ ဥရောပအိပ်မက် လွင့်ပြယ်ခဲ့ရသည်။ ဟာဇက်က"ကျွန်တော်တို့ အားလုံး ဒီကိစ္စအတွက် အနည်းငယ်စိတ်ပျက်ခဲ့ရတာတော့အမှန်ပါပဲ။ အိမ်ကွင်းမှာ ၁၀ ယောက်တည်းရှိတဲ့အသင်းနှင့် ကစားခဲ့ရပြီး နှစ်ခါတိတိ ဦးဆောင်ဂိုးတွေသွင်းယူနိုင်ခဲ့တာတောင် ကွာတားဖိုင်နယ်အဆင့်ထိ မတက်ရောက်တာက ဘုရားသခင်ကပေးတဲ့ လျှို့ဝှက်ဩဘာပေးခြင်းလို့ ဆိုရတော့မှာပါ။ ဒါက အရာရာကို ဆုံးရှုံးသွားတာပါပဲ။ နှစ်ပွဲကစားပြီး ပဲရစ်က သူတို့ရဲ့အဆင့်တစ်ရပ်ကို ပီပီပြင်ပြင်ပုံဖော်နိုင်ခဲ့ပြီး ကျွန်တော်တို့အသင်းထက်ပိုပြီးကောင်းအောင် ကစားနိုင်ခဲ့ပါတယ်။ ချယ်လ်ဆီးအနေနဲ့ ဖလားနှစ်လုံးရရှိဖို့အခြေအနေကောင်းနေပေမယ့် ချန်ပီယံလိဂ်က ထွက်ခွာခဲ့ရတဲ့ အမာရွတ်က ကျွန်တော်တို့ရင်ထဲမှာ ကျန်နေဆဲပါပဲ"ဟု ပြောကြားခဲ့သည်။


ယခုနှစ်ဘောလုံးရာသီတွင် ဟာဇက်သည် ချယ်လ်ဆီးကွင်းလယ်၌ ခြေစွမ်းပြနေပြီး သွင်းဂိုး ၁၁ ဂိုးနှင့် ဂိုးဖန်တီးမှုခြောက်ကြိမ်တိုင်တိုင်ပြုလုပ်ပေးနိုင်ခဲ့ကာ ယခင်နှစ်က (၁၄)ကြိမ် ကန်သွင်းခဲ့ရသော်လည်း ခုနစ်ဂိုးသာ ဂိုးအဖြစ်ပြောင်းလဲနိုင်မှုနှင့်နှိုင်းယှဉ်ပါက ခြေစွမ်းပိုင်း ပိုမိုတိုးတက်လာသည်ကို တွေ့ရှိရမည်ဖြစ်သည်။ ဟာဇက်သည် ၂၀၁၂ ခုနှစ်ဘောလုံးရာသီက ပြင်သစ်ကလပ် လိုင်လီမှ ချယ်လ်ဆီးသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။

# စီရိုနယ်ဒိုအတွက် တစ်နှစ်လုပ်ခ ပေါင် ၁၄ သန်းအထိ ပေးချေခေါ်ယူရန် မန်ယူအသင့်ရှိနေ

မန်ယူအသင်းသည် လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် အသင်း၏ ယခင်တောင်ပံတိုက်စစ်မှူး ခရစ္စတီယာနို ရိုနယ်ဒိုအား တစ်ပတ်လုပ်ခပေါင် ၂၆၉၀၀၀ အထိပေးချေကာ ခေါ်ယူရန်အသင့်ရှိနေသည်။ မန်ယူအနေဖြင့် အဆိုပါကစားသမားအတွက် ပြောင်းရွှေ့ကြေး ပေါင် ၆၅ သန်းပေးချေရန်ရှိနေရာ ရီးယဲလ်မက်ဒရစ်ကလည်း ယင်းပမာဏဖြင့်ဆိုလျှင် ရောင်းချရန် စဉ်းစားလာခဲ့သည်။ သတင်းဖော်ပြချက်များအရ မန်ယူသည် စီရိုနယ်ဒိုအား စံချိန်တင်လုပ်ခလစာ တစ်နှစ်လျှင်ပေါင် ၁၄ သန်းအထိ ပေးချေကာ အိုးထရက်ဖို့ဒ်သို့အရောက် ခေါ်ယူရန်မျှော်လင့်ခဲ့သည်။

ယင်းပမာဏသည် သမိုင်းတစ်လျှောက်မည်သည့်ကစားသမားမျှ မရရှိခဲ့သည့် ပမာဏဖြစ်ရာ အသက်(၃၀)ကျော်လွန်လာပြီဖြစ်သော ရိုနယ်ဒိုအတွက် အမှန်တကယ် ထိုက်တန်မှုရှိရဲ့လားဆိုသည်မှာ စဉ်းစားစရာဖြစ်သော်လည်း ၎င်းကစားသမား၏ ခြေစွမ်းခြေစ၊ လုပ်အားနှုန်း၊ ပုံရိပ်လွှာအမှတ်အသားအရထိုက်တန်မှုရှိသည်ဟုပင် ဘောလုံးကျွမ်းကျင်သူများက သုံးသပ်ပေးထားသည်။ ထို့ပြင် မန်ယူသည် စီရိုနယ်ဒို၏ ရီးယဲလ်အသင်း ကစားဖော် ဂါရတ်ဘေးလ်ကိုလည်း ခေါ်ယူရန်ဆန္ဒရှိနေရာ မန်ယူ၏ လာမည့် ဘောလုံးရာသီတောင်ပံ တိုက်စစ်နှစ်ဖက်တွင် ရီးယဲလ်တောင်ပံကစားသမားများကို မြင်တွေ့ရဖွယ်ရှိသည်။

မန်ယူ၏အခြားအပြောင်းအရွှေ့ သတင်းတစ်ရပ်မှာ အာဆင်နယ်နှင့် လစာကိစ္စမပြေမလည်ဖြစ်နေသော သီယိုဝဲလ်ကော့အား တစ်ပတ်လုပ်ခပေါင်တစ်သိန်းခန့်အထိပေးချေခေါ်ယူရန် ကြိုးပမ်းလာခြင်းဖြစ်သည်။



## သတိပြုရန်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းသူများလိုက်နာရန်

(၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။
(၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
(၃) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။
(၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
(၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်းလုံးဝမပြုရ။
(၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
(၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗွီးတက်)မပါဘဲ မမောင်းရ။
(၈) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသော ယာဉ်များနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
(၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။
(၁၀) ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်မှ စီးနင်းခြင်းလုံးဝမပြုရ။
(၁၁) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။

(ခ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

(ဂ) ယာဉ်မောင်းနှင်သူများအား အရက်သေစာ သောက်စားထားခြင်းရှိ/မရှိ အရက်မူးတိုင်းကိရိယာ (ALCOHOL TESTER) ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာ အရေးယူဆောင်ရွက်နေပါသည်။

(ဃ) သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ်စက်ပျက်၍ ရပ်ထားပါက ကရိန်းယာဉ်ဖြင့်ဆွဲယူမည် ဖြစ်ပါသည်။

(င) ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ၊ မီးပွိုင့်များတွင် ခေတ်မီပစ္စည်းကိရိယာများဖြစ်သော CCTV CAMERA များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများအား အဆိုပါကင်မရာများဖြင့်ရိုက်ကူးပြီး ထိရောက်စွာ အရေးယူဆောင်ရွက်သွားပါမည်။

(စ) "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုမဖြစ်ပါစေနှင့်"

**ရန်ကုန်တိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# ၂၀၁၅ ခုနှစ် ဧပြီလ ပထမ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

b*vm;yiv ,atmtajctae

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

r; t ajc t aeEir;&m&u

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် သုံးရက်မှ ငါးရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နှစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ae t yc;e t ajc t ae

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် အနည်းငယ်ပိုနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

jrpa& t ajc t ae

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ကသာမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များ၏ အထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် တစ်ပေခန့်၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များ၏ အထက်မြင့်တက်လာနိုင်သည်။

**(မိုး/ဇလ)**

# ထိုင်းနိုင်ငံ၌ လေးလသားအရွယ်ကလေးအပါအဝင် မြန်မာ ၁၁ ဦးတို့အား မြန်မာသံရုံးအလုပ်သမား ကူညီစောင့်ရှောက်ရေးကော်မတီမှ ကယ်တင်



**ဆူဖန်ဘူရီ မတ် ၂၈**

ထိုင်းနိုင်ငံတွင် ယာဉ်တိုက်ခံရမှုကြောင့် သေဆုံးခဲ့ရသည့် သားငယ်နှစ်ဦးအတွက် အကူအညီတောင်းခံခဲ့သဖြင့် ထိုင်းနိုင်ငံသား ကြံခင်းလုပ်ငန်းရှင်က တောထဲတွင် စွန့်ပစ်ထားခဲ့သော မြန်မာမိသားစုဝင် ၁၁ ဦးတို့အား မြန်မာသံရုံး အလုပ်သမားကူညီစောင့်ရှောက်ရေး ကော်မတီမှ ဒေသခံ ထိုင်းအာဏာပိုင်များနှင့်အတူ ရှာဖွေကယ်ထုတ်လိုက်နိုင်ကြောင်း ထိုင်းနိုင်ငံရောက်မြန်မာနိုင်ငံသားများအဖွဲ့(Myanmar Association in Thailand) မှ ဆက်သွယ်ပြောကြားချက်အရ သိရသည်။

မတ် ၂၆ ရက်က ကယ်တင်လိုက်နိုင်သည့် အဆိုပါ မြန်မာမိသားစု နှစ်စုတို့မှာ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ပြင်စလူအုပ်စု ကုန်းကြီးရွာမှ ဦးကျော်ကျော် (၄၂)နှစ်၊ ဇနီးဒေါ်မိုးမိုး (၃၇)နှစ်၊ မဝတ်မှုံ (၁၀)နှစ်၊ မဝတ်ရည် ခြောက်နှစ်၊ မွေးကင်းစမိန်းကလေး လေးလသားအရွယ် မမက် မြန်မာမိသားစုနှင့် ကရင်ပြည်နယ် ဘုရားသုံးဆူမြို့နေ ဦးအခက် (၅၅)နှစ်၊ ဇနီးဒေါ်ငွေစိန် (၄၅)နှစ်၊ မောင်အဖွိုင် (၁၃)နှစ်၊ မောင်အထင့်ကိုးနှစ်၊ မအဒေါင် ခြောက်နှစ်နှင့် မောင်ရန်တောင် သုံးနှစ် မွန်တိုင်းရင်းသား မိသားစုတို့ဖြစ်ကာ ၎င်းတို့သည် ကြံခင်းပိုင်ရှင် တစ်ဦးထံတွင် ခုနစ်လခန့်ကြာ အလုပ်လုပ်ကိုင်ခဲ့ကြသူများဖြစ်ကြသည်။

ဖြစ်စဉ်အရ ပြီးခဲ့သည့် ဇန်နဝါရီ ၁၃ ရက်က ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ပြင်စလူအုပ်စု ကုန်းကြီးရွာမှ ဦးကျော်ကျော်နှင့် ဒေါ်မိုးမိုးတို့၏ သားကြီး အသက်(၁၅)နှစ်အရွယ် ထက်ကိုအောင်(ခ)ခိုင်နှင့် ဦးအခက်နှင့်ဒေါ်ငွေစိန်တို့၏သား ထူးတို့အား ထိုင်းနိုင်ငံသား ကြံခင်းပိုင်ရှင်၏ ယောက်မဖြစ်သူက အလုပ်မှပြန်လာသော သူမ၏သားအား ကြိုရန်ခိုင်းစေခဲ့ကြောင်း၊ ဆိုင်ကယ်စီးသွားကြသည့် ထက်ကိုအောင်နှင့် ထူးတို့သည် ဆူဖန်ဘူရီနယ်မြေ ဆူဖန်ဟော်ဝန် စံဖိနောင်အရပ်၌ ၁၀ ဘီးယာဉ် နှစ်စီးတွဲတို့က တိုက်မိသဖြင့် နှစ်ဦးစလုံး အခင်းဖြစ်နေတွင် သေဆုံးသွားခဲ့ကြရကြောင်း၊ ထိုသေဆုံးမှုတွင် မူလက ကြံခင်းပိုင်ရှင်က သင့်တော်သည့်နစ်နာကြေးများ ရရှိအောင်ကူညီပေးမည်ဟု ပြောခဲ့သော်လည်း နှစ်လကျော်ကြာသည့်တိုင်အောင် တစ်စုံတစ်ရာအကူအညီမရရှိဟု သေဆုံးသူ ထက်ကိုအောင်၏ ဖခင် ဦးကျော်ကျော်က ပြောသည်။

မြန်မာအလုပ်သမားဦးကျော်ကျော်က “သေဆုံးသွားတဲ့သားနှစ်ဦးအတွက် လုပ်ငန်းရှင် ထိုင်းသူဌေးကို အကူအညီပေးဖို့ပြောတော့ သူဌေးက စိတ်ဆိုးပြီး သေနတ်ပြကာ ကျွန်တော်တို့ကို မတ် ၂၃ ရက်က တောထဲက ချောက်ကမ်းပါးတစ်ခုထဲမှာ စွန့်ပစ်ထားခဲ့တာပါ။ ဒါကို ကျွန်တော်တို့က ဒီတောထဲမှာ မထားခဲ့ပါနဲ့ မြန်မာနယ်စပ်ကို ရောက်အောင် ပို့ပေးပါလို့ ငိုယိုရှိခိုးပြီး တောင်းပန်ပေမယ့် စွန့်ပစ်ခဲ့ပါတယ်။ အနီးအနားက ရော်ဘာခြံအလုပ်သမားတစ်ဦးဆီက ဖုန်းရလို့ အဲဒီဖုန်းနဲ့ တောင်ထိပ်ကိုတက်ပြီး MAT အဖွဲ့ကို ဆက်သွယ်အကူအညီတောင်းခဲ့ပါတယ်။ ကျွန်တော်တို့မိသားစု သေမလား၊ ရှင်မလား မသိအောင် ဆိုးရွားနေတဲ့အခြေအနေက ကူညီကယ်တင်ခဲ့ကြတဲ့ MAT အဖွဲ့ကို ကျွန်တော်တစ်သက်မမေ့အောင် ကျေးဇူးတင်ပါတယ်ဗျာ” ဟု ဝမ်းနည်းဝမ်းသာဆိုသည်။

အဆိုပါ လုပ်ငန်းရှင်က ဖြစ်စဉ်အား မြန်မာသံရုံးသို့ အကူညီတောင်းခံမည်ကို သိသွားကာ မြန်မာမိသားစု နှစ်စု ၁၁ ဦးတို့အား သေနတ်ဖြင့် ခြိမ်းခြောက်၍ ကားပေါ်သို့ အတင်းအဓမ္မတင်ဆောင်ကာ ကန်ချနဘူရီ ခရိုင် ပတ်ထော်ဝန်နယ်မြေမှ ချောက်ကမ်းပါးတစ်ခုအတွင်းရှိ တဲစုတ်တစ်ခုသို့ လာရောက်စွန့်ပစ်ထားခဲ့ခြင်းဖြစ်ပြီး လုပ်ငန်းရှင်က နစ်နာကြေးများရရှိအောင် ကူညီပေးမည်ဟု ကနဦးကပြောဆိုခဲ့သော်လည်း နှစ်လကြာသည့်တိုင်အောင် အကြောင်းမထူးသဖြင့် မြန်မာသံရုံး အလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီဝင်ဖြစ်သော ဗန်ကောက် အခြေစိုက် ထိုင်းနိုင်ငံရောက်မြန်မာနိုင်ငံသားများအဖွဲ့ MAT သို့ အကူညီတောင်းခံခဲ့ခြင်းဖြစ်သည်။

မြန်မာသံရုံးအလုပ်သမားကူညီစောင့်ရှောက်ရေး ကော်မတီဝင် ထိုင်းနိုင်ငံရောက်မြန်မာနိုင်ငံသားများ အဖွဲ့ MAT မှာ ကော်မတီ၏နာယကဖြစ်သော မြန်မာသံအမတ်ကြီး ဦးဝင်းမောင်ထံသို့ စုဆောင်းရရှိသော သတင်းအချက်အလက်များအားတင်ပြခဲ့ပြီး လိုအပ်သည့် ခရီးစရိတ်တို့အား အကူအညီတောင်းခံခဲ့ရကြောင်း၊ မတ် ၂၅ ရက်တွင် မြန်မာသံအမတ်ကြီး ဦးဝင်းမောင်၏ ကိုယ်ရေးအရာရှိက လိုအပ်ချက်များအား MAT အဖွဲ့သို့ ကူညီဆောင်ရွက်ပေးခဲ့သဖြင့် MAT အဖွဲ့ သားများသည် စွန့်ပစ်ခံထားရသည့် မိသားစုဝင် ၁၁ ဦး တို့အား ရှာဖွေမှုကို မတ် ၂၆ ရက် ဒေသစံတော်ချိန် နံနက် ၅ နာရီကတည်းက စတင်ခဲ့ရကြောင်း သိရသည်။

MAT အဖွဲ့ဝင်တို့မှာ ယာဉ်တစ်စီးနှင့် မိသားစုဝင်များအား တင်ဆောင်ရန်အတွက်စီစဉ်ကာ ထိုင်း-မြန်မာ နယ်စပ်တစ်လျှောက်တွင်ရှိသော ထိုင်းရဲတပ်ဖွဲ့ဝင်များ၊ ထိုင်းလဝကနှင့် ထိုင်းစစ်တပ်တို့အား မိမိတို့သည် မြန်မာသံရုံး အလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီမှ ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ချိတ်ဆွဲကတ်ပြားတို့အားပြသ၍လည်းကောင်း၊ မြန်မာသံအမတ်ကြီး၏ ကိုယ်ရေးအရာရှိအား တယ်လီဖုန်းဖြင့်လည်းကောင်း ဆက်သွယ်ပြောကြားကာ စွန့်ပစ်ခံရမြန်မာအလုပ်သမား ၁၁ ဦးတို့အား ရှာဖွေခဲ့ကြရခြင်းဖြစ်သည်။

မြန်မာသံရုံးအလုပ်သမား ကူညီစောင့်ရှောက်ရေး ကော်မတီမှ MAT အဖွဲ့ ဒါရိုက်တာ ဦးကျော်သောင်းက “ကားတိုက်ပြီး သေဆုံးတဲ့နေရာက မြို့တော် ဗန်ကောက်ကနေ ၁၂၈ ကီလိုအကွာ ဆူဖန်ဘူရီနယ်မြေမှာ ဖြစ်တာပါ၊ သူတို့ကို သွားရောက်စွန့်ပစ်ထားတဲ့နေရာကလည်း ဗန်ကောက်မြို့က ၂၁၅ ကီလိုမီတာကျော်ဝေးပြီး မြန်မာနဲ့နီးစပ်တဲ့ ကန်ချနဘူရီတောထဲက တကယ့်တောကြီး ချောက်နက်ကြီးထဲက တဲစုတ်တစ်ခုထဲမှာ မိသားစုတွေကို သွားတွေ့လိုက်ရတာပါ။ လမ်းတွေမှားပြီး ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်းရှာခဲ့ကြရပါတယ်။ မြန်မာသံအမတ်ကြီးရဲ့ အကူအညီနဲ့ ဒေသခံထိုင်းရဲတပ်ဖွဲ့၊ လဝကနဲ့ ထိုင်းစစ်တပ်တို့ရဲ့အကူအညီနဲ့ ရှာတွေ့လိုက်ရတာပါ။ ခရီးကအရမ်းဝေးလွန်းပါတယ်။ စရိတ်စကလည်း အကုန်အကျများပါတယ်။ သေဆုံးသွားတဲ့ ကလေးနှစ်ဦးအတွက် ရသင့်ရထိုက်တဲ့အခွင့်အရေးတွေ ရရှိနိုင်ဖို့အတွက် ဒီနေ့ပဲကျွန်တော်တို့ ရှေ့နေနဲ့ တိုင်ပင်ညှိနှိုင်းနေကြပြီဖြစ်ပါတယ်။ ကျွန်တော်တို့ မသိနိုင်တဲ့၊ ကျွန်တော်တို့ မလုပ်နိုင်သေးတဲ့ ဒုက္ခရောက်နေတဲ့မြန်မာတွေ ထိုင်းနိုင်ငံနယ်မြေထဲမှာ အမြောက်အမြားရှိပါတယ်။ မြန်မာတာဝန်ရှိသူများအနေနဲ့ ထိုင်းနိုင်ငံကို လာရောက်ပြီး ထိရောက်တဲ့ ကာကွယ်ကူညီပေးရေးတွေကိုလုပ်ပါလို့ တိုက်တွန်းလိုပါတယ်” ဟုပြောသည်။

အန္တရာယ်မှ လွတ်မြောက်လာသည့် မိသားစုဝင်နှစ်စုတို့အား MAT မဟာချိုင်ရုံးခွဲတွင် လက်ရှိစောင့်ရှောက်ကျွေးမွေးထားပြီး သေဆုံးသွားသည့် ကလေးနှစ်ဦးကိစ္စနှင့် လုပ်ငန်းရှင်၏လုပ်ရပ်များအတွက်ပါ အရေးယူဆောင်ရွက်နိုင်ရေးအတွက် ထိုင်းလူ့အခွင့်အရေးနှင့် အလုပ်သမားရေးကျွမ်းကျင်သည့် ထိုင်းရှေ့နေတို့ဖြင့် မတ် ၂၇ ရက်တွင် ညှိနှိုင်းနေပြီဖြစ်ကြောင်း MAT အဖွဲ့မှ သိရသည်။

**(စိုးဝင်း-MLA)**

# မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၈**

မူးယစ်တပ်ဖွဲ့စု(၇)တမူးမှ တပ်ဖွဲ့ဝင်များသည် မတ် ၂၆ ရက်က တမူးမြို့ မြို့မ(၁၄)ရပ်ကွက် ချောင်းနက်ကြီးကျေးရွာအထွက် တမူး-စေတီသွားကားလမ်းမပေါ်တွင် တမူးမှ ကွန်းတောင်းကျေးရွာဘက်သို့ ကျော်ဇင်ထွန်းမောင်းနှင်ပြီး သန်းပို လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဆိုင်ကယ်နောက်ခက်ရင်းခွ သံဖရိန်ခေါင်းအတွင်းမှ Buprenorphine ဆေးပြား ၃၀၀ သိမ်းဆည်းရမိသဖြင့် ကျော်ဇင်ထွန်း (၂၅)နှစ်နှင့် သန်းပို(၄၈)နှစ်တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၆ ရက်က တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် အမှတ်(၂၇၄)တွင် အားဆီငှားရမ်းနေထိုင်သည့် အခန်း (၄) ကိုရှာဖွေရာ အိပ်ခန်းဝင်ပေါက် တံခါးကြားနှင့် အိပ်ခန်းခြေရင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၊ အိုက်စ် သုည ဒသမ ၀၀၃ ကီလိုနှင့် ဘိန်းဖြူ သုည ဒသမ ၀၅၅ ကီလိုတို့ သိမ်းဆည်းရမိသဖြင့် အားဆီ(၄၄)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ယင်းနောက် နမ္မတူမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မတ် ၂၅ ရက်က နမ္မတူမြို့နယ် နမ့်တောင်းကျေးရွာအတွင်း သတင်းအရစောင့်ဆိုင်းနေစဉ် မန်စံကျေးရွာဘက်မှ နမ္မတူဘက်သို့ နမ္မတူမြို့မရဲစခန်းအမှုမှ တရားခံပြေးဖြစ်သူ အောင်သိန်းစီးလာသည့် မော်တော်ဆိုင်ကယ်နှင့် အောင်ကျော်ထွန်း စီးလာသည့် မော်တော်ဆိုင်ကယ် နှစ်စီးတို့ကို ရပ်တန့်ရှာဖွေရာ အောင်သိန်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၊ ဘိန်းဖြူ သုည ဒသမ ၀၀၀၁ ကီလိုနှင့် အောင်ကျော်ထွန်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၅ ပြားတို့ကို သိမ်းဆည်းရမိပြီး အောင်သိန်းနေထိုင်ရာ နမ္မတူမြို့ ပန်ဟိုက်(၉) ရပ်ကွက်ရှိ နေအိမ်ကို သွားရောက်ရှာဖွေရာ မူးယစ်ဆေးဝါး ရောင်းဝယ်ရာတွင် အသုံးပြုသည့် ယာဉ်အမှတ် ၉က/---- TOYOTA COROLLA VAN မော်တော်ယာဉ် တစ်စီးနှင့် မြန်မာငွေကျပ် ၁၀ သိန်း တို့ကို ထပ်မံ သိမ်းဆည်းရမိသဖြင့် အောင်သိန်း(၄၈)နှစ်နှင့် အောင်ကျော်ထွန်း(၂၅)နှစ်တို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

◆◆


## အနူးအညွတ်တောင်းပန်အပ်ပါသည်

(၂၇-၃-၂၀၁၅)ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ထည့်သွင်းသည့် ပြင်ပကြားညှပ်အချပ်ပိုကြော်ငြာ(HEART Media) စာမျက်နှာ (၂)တွင် ဖော်ပြပါရှိသော **Myanmar Telecommunication & Technology Co.,Ltd. ၏ “၂၀၁၅ ခုနှစ်၊ မတ်လ (၂၇)ရက်နေ့တွင် ကျရောက်သော နှစ်(၇၀)ပြည့် တပ်မတော်နေ့အား ဝမ်းမြောက်လှိုက်လှဲစွာဖြင့် MTS Co., Ltd. မိသားစုမှ ဂုဏ်ပြုအပ်ပါသည်”**ဟု ဖော်ပြရမည့်အစား **“ပြည်ထောင်စုနေ့”**ဟု မှားယွင်းဖော်ပြမိခဲ့ခြင်းနှင့် အဆိုပါကြော်ငြာတွင် MECTel Logo အား ခွင့်ပြုချက်မရရှိဘဲ ထည့်သွင်းဖော်ပြမိခဲ့သည့်အတွက် အနူးအညွတ်တောင်းပန်အပ်ပါသည်။

**MTS Co.,Ltd.**

# ၂၀၁၄-၂၀၁၅ ပညာသင်နှစ် အခြေခံပညာအဆင့်ဘက်စုံပညာထူးချွန်ရွေးချယ်ခံရသူများ၏ အမည်စာရင်း

နေပြည်တော် မတ် ၂၈

၂၀၁၄-၂၀၁၅ ပညာသင်နှစ် အခြေခံပညာအဆင့် အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းတို့အတွက် အမှတ်(၁)၊ (၂)၊ (၃) အခြေခံပညာဦးစီးဌာနများအောက်ရှိ အခြေခံပညာကျောင်းများမှ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ခရိုင်အလိုက် ဘက်စုံထူးချွန်ရွေးချယ်ခံရသူများ၏ အမည်စာရင်းကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(ယမန်နေ့မှအဆက်)

အမှတ်(၂)အခြေခံပညာဦးစီးဌာန
၂၀၁၄-၂၀၁၅ ပညာသင်နှစ်
ခရိုင်အလိုက်ရွေးချယ်ထားသည့်ဘက်စုံပညာထူးချွန်ကျောင်းသား၊ကျောင်းသူများဦးရေစာရင်း
(ဒသမတန်း)

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁ | မောင်အောင်သန့်ကျော် | အထက(၃) | မြစ်ကြီးနား | မြစ်ကြီးနား |
| ၂ | မောင်လယ်လယ်ခေါင်လွမ်း | အထက(၂) | ဝိုင်းမော် | မြစ်ကြီးနား |
| ၃ | မယွန်းဆုမိုး | အထက(၃) | မြစ်ကြီးနား | မြစ်ကြီးနား |
| ၄ | မမော့မော့ခေါင်နန်း | အထက(၂) | ဝိုင်းမော် | မြစ်ကြီးနား |
| ၅ | မောင်လမင်းသာ | အထက-ဖားကန့် | ဖားကန့် | မိုးညှင်း |
| ၆ | မသီရိဟိန်း | အထက-ဖားကန့် | ဖားကန့် | မိုးညှင်း |
| ၇ | မောင်ထက်အေးချမ်း | အထက(၁) | ဗန်းမော် | ဗန်းမော် |
| ၈ | မသန္တာအောင် | အထက(၃) | ဗန်းမော် | ဗန်းမော် |
| ၉ | မောင်စောန္ဒဲ့အောင်ကျော်မျိုး | အထက၊ ပူတာအို | ပူတာအို | ပူတာအို |
| ၁၀ | မပန်းမြတ်မွန် | အထက-ပူတာအို | ပူတာအို | ပူတာအို |
| ၁၁ | မောင်ဝေဖြိုးသူ | အထက(၃) | လွိုင်ကော် | လွိုင်ကော် |
| ၁၂ | မမော်ယိုးမြာ | အထက(၂) | လွိုင်ကော် | လွိုင်ကော် |
| ၁၃ | မောင်ကျော်သန့်ဇင် | အထက-ဖားဆောင်း | ဖားဆောင်း | ဘောလခဲ |
| ၁၄ | မမေဦး | အထက-ဖားဆောင်း | ဖားဆောင်း | ဘောလခဲ |
| ၁၅ | မောင်နိုင်းမနား | အထက(၁)၊ ဟားခါး | ဟားခါး | ဟားခါး |
| ၁၆ | မဗန်ရွှေအီယာန်း | အထက(၃)၊ ဟားခါး | ဟားခါး | ဟားခါး |
| ၁၇ | မောင်သျှန်ပုမ်း | အထက(၂)၊ ဖလမ်း | ဖလမ်း | ဖလမ်း |
| ၁၈ | မဝုန်ဟိုးနွမ်း | အထက(၂)၊တီးတိန် | ဖလမ်း | ဖလမ်း |
| ၁၉ | မောင်နိုင်းလိန်း | အထက(၁)၊ မင်းတပ် | မင်းတပ် | မင်းတပ် |
| ၂၀ | မကီးရှဲင်း | အထက(၁)၊ မင်းတပ် | မင်းတပ် | မင်းတပ် |
| ၂၁ | မောင်ကောင်းထက်ညီညီ | အထက(၁)၊ စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၂၂ | မသူသူဟန် | အထက-မြင်းမူ | မြင်းမူ | စစ်ကိုင်း |
| ၂၃ | မောင်မျိုးသူရအောင် | ကပက(မော်ကွန်းသစ်) | ရေဦး | ရွှေဘို |
| ၂၄ | မောင်မျိုးမြင့်နောင် | အထက(၂)တန့်ဆည် | တန့်ဆည် | ရွှေဘို |
| ၂၅ | မရွှေရည်လင်းလက် | အထက(၃)၊ရွှေဘို | ရွှေဘို | ရွှေဘို |
| ၂၆ | မဆွေဇင်မြင့် | ကပက(မော်ကွန်းသစ်) | ရေဦး | ရွှေဘို |
| ၂၇ | မောင်ကျော်ရှိန်း | ကပက(ပါရမီ) | မုံရွာ | မုံရွာ |
| ၂၈ | မောင်သက်ဝေအောင် | အထက-ချောင်းဦး | ချောင်းဦး | မုံရွာ |
| ၂၉ | မဇွန်ပြည့်ဖြူ | အထက(၂)၊ မုံရွာ | မုံရွာ | မုံရွာ |
| ၃၀ | မနဒီထွန်းဦး | အထက-ကြေးနီ | ဆားလင်းကြီး | မုံရွာ |
| ၃၁ | မောင်ကျော်ချမ်းငြိမ်း | အထက-ထီးချိုင့် | ထီးချိုင့် | ကသာ |
| ၃၂ | မောင်သော်နန္ဒ | အထက-ဝန်းသို | ဝန်းသို | ကသာ |
| ၃၃ | မဇင်မာစိုး | အထက-အင်းတော် | အင်းတော် | ကသာ |
| ၃၄ | မသန္တာလင်း | အထက-လယ်တော | ထီးချိုင့် | ကသာ |
| ၃၅ | မောင်ရှမွေလကျော်နိုင်ဦး | အထက(၁)၊ကလေး | ကလေး | ကလေး |
| ၃၆ | မထက်ထက်လှိုင် | အထက(၁)၊ကလေး | ကလေး | ကလေး |
| ၃၇ | မောင်ထူးထူးအောင် | အထက(၁)၊ ဟုမ္မလင်း | ဟုမ္မလင်း | ခန္တီး |
| ၃၈ | မောင်ရန်နိုင်လင်း | အထက-မင်းယား | ဖောင်းပြင် | ခန္တီး |
| ၃၉ | မစိမ်းဒါလီဝင်း | အထက-ခန္တီး | ခန္တီး | ခန္တီး |
| ၄၀ | မခင်ထူးထူးချွန် | အထက-ဖောင်းပြင် | ဖောင်းပြင် | ခန္တီး |
| ၄၁ | မောင်မင်းမော်ထွန်း | အထက(၁)၊ ရေနံချောင်း | ရေနံချောင်း | မကွေး |
| ၄၂ | မောင်ပြည့်ဖြိုးကျော် | ကပက(ပညာနန်းတော်) | မကွေး | မကွေး |
| ၄၃ | မဟယ်ရီမြင့်မိုရ်စိုး | အထက(၃) | မကွေး | မကွေး |
| ၄၄ | မသိမ့်မဒီ | အထက(၂)၊ တောင်တွင်းကြီး | တောင်တွင်းကြီး | မကွေး |
| ၄၅ | မောင်ဇင်မင်းထွန်း | အထက-စကု | မင်းဘူး | မင်းဘူး |
| ၄၆ | မယမင်းသီရိအေး | အထက-စလင်း | စလင်း | မင်းဘူး |
| ၄၇ | မောင်ဟိန်းလင်းထက် | အထက(၁)၊ ပခုက္ကူ | ပခုက္ကူ | ပခုက္ကူ |
| ၄၈ | မသက်ဝေနွယ် | အထက(ခွဲ)၊ စိတ္တသုခ | ရေစကြို | ပခုက္ကူ |
| ၄၉ | မောင်မျိုးမင်းကျော် | အထက-ထီးလင်း | ထီးလင်း | ဂန့်ဂေါ |
| ၅၀ | မဖူးဖူးမြတ်နိုး | အထက-ကျောက်ထု | ဆော | ဂန့်ဂေါ |
| ၅၁ | မောင်ဝင်းကိုကိုထွန်း | အထက-ကံမ | ကံမ | သရက် |
| ၅၂ | မောင်အောင်မျိုးထက် | အထက-မင်းလှ | မင်းလှ | သရက် |
| ၅၃ | မကြည်ကြည်ငြိမ်း | အထက-မင်းလှ | မင်းလှ | သရက် |
| ၅၄ | မနှင်းအိန္ဒြာခိုင် | အထက(၁)၊ အောင်လံ | အောင်လံ | သရက် |
| ၅၅ | မောင်ထက်အောင်လင်း | ကပက-CAE | ချမ်းအေးသာစံ | မန္တလေး |
| ၅၆ | မောင်မင်းသွင်ခန့် | ကပက(အလင်းတန်း) | မဟာအောင်မြေ | မန္တလေး |
| ၅၇ | မဟန်သွယ်အောင် | အထက(၄) | အောင်မြေသာစံ | မန္တလေး |
| ၅၈ | မခိုင်စုရည်မွန် | အထက(၁၆) | ချမ်းအေးသာစံ | မန္တလေး |
| ၅၉ | မောင်စိုင်းသော်ဇင်ထွန်း | အထက(၁) | မိုးကုတ် | ပြင်ဦးလွင် |
| ၆၀ | မဝင်းနဒီစိုး | အထက(၁) | မိုးကုတ် | ပြင်ဦးလွင် |
| ၆၁။ | မောင်ထက်မြတ်ဗိုလ် | အထက-ချောင်းခွ | တံတားဦး | ကျောက်ဆည် |
| ၆၂။ | မနှင်းမြခိုင် | အထက-ချောင်းခွ | တံတားဦး | ကျောက်ဆည် |
| ၆၃။ | မောင်မြတ်မင်းခိုင် | အထက-တောင်သာ | တောင်သာ | မြင်းခြံ |
| ၆၄။ | မရွှေရတီအောင် | အထက(၄) | မြင်းခြံ | မြင်းခြံ |
| ၆၅။ | မောင်အောင်မြင့်မြတ် | အထက(၂) | ကျောက်ပန်းတောင်း | ညောင်ဦး |
| ၆၆။ | မသူသူဇော်လင်း | အထက(၁) | ကျောက်ပန်းတောင်း | ညောင်ဦး |
| ၆၇။ | မောင်စည်သူထွန်း | အထက(၂) | မိတ္ထီလာ | မိတ္ထီလာ |
| ၆၈။ | မခင်စန္ဒီကျော် | အထက-ဝမ်းတွင်း | မိတ္ထီလာ | မိတ္ထီလာ |
| ၆၉။ | မောင်ပြည့်စုံမင်းခန့် | အထက-ပျော်ဘွယ် | ပျော်ဘွယ် | ရမည်းသင်း |
| ၇၀။ | မဝင်းလဲ့လဲ့သူ | အထက-ပျော်ဘွယ် | ပျော်ဘွယ် | ရမည်းသင်း |
| ၇၁။ | မောင်နေလင်းဦး | ကပက(ပည့ာပန်းတိုင်) | ပျဉ်းမနား | ဒက္ခိဏ |
| ၇၂။ | မအေးသက်ထားအောင် | ကပက-စိုးစံ | ဇမ္ဗူသီရိ | ဒက္ခိဏ |
| ၇၃။ | မောင်ခန့်ထွန်းခိုင် | ကပက-CAE | ဥတ္တရသီရိ | ဥတ္တရသီရိ |
| ၇၄။ | မမေဆုမွန်ချို | ကပက-CAE | ဥတ္တရသီရိ | ဥတ္တရသီရိ |
| ၇၅။ | မောင်ဂေါ်လူဘရန်အောင် | အထက(၄)၊ တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၇၆။ | မောင်ရန်ငြိမ်းအောင် | အထက(၁)၊ ညောင်ရွှေ | ညောင်ရွှေ | တောင်ကြီး |
| ၇၇။ | မ JN တွယ်ဆန်ဂျာ | အထက(၁)၊ တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၇၈။ | မသွယ်ယမင်းအေး | အထက(ပင်ဖြစ်)၊ ရပ်စောက် | ရပ်စောက် | တောင်ကြီး |
| ၇၉။ | မောင်ဇေယျဘုန်းမြင့် | အထက(၂)၊ ပင်လုံ | လွိုင်လင် | လွိုင်လင် |
| ၈၀။ | မနန်းထွေးခမ်းဦး | အထက-မိုင်းရှူး | မိုင်းရှူး | လွိုင်လင် |
| ၈၁။ | မချောစုသွယ် | အထက(၂)ပင်လုံ | လွိုင်လင် | လွိုင်လင် |
| ၈၂။ | စိုင်းစွမ်ဆိုင်ဖ | အထက-မိုင်းရှူး | မိုင်းရှူး | လွိုင်လင် |
| ၈၃။ | စိုင်းရန်ရှင်း | အထက-မောက်မယ် | မောက်မယ် | လင်းခေး |
| ၈၄။ | နန်းစုဖြူဖြူဝင်း | အထက(ခွဲ)၊ ဥယာစန်း | မောက်မယ် | လင်းခေး |
| ၈၅။ | စိုင်းဆိုင်လင်း | ကပက-နေခြည် | လားရှိုး | လားရှိုး |
| ၈၆။ | မောင်ပိုင်းလုမ်စောထီး | အထက(၁)၊လောက်ကိုင် | လောက်ကိုင် | လားရှိုး |
| ၈၇။ | နော်အယ်ဝါးဖိုး | အထက(ခွဲ)၊ လ(၅)လားရှိုး | လားရှိုး | လားရှိုး |
| ၈၈။ | မအမ်းသိုင်လေး | အထက-ဟိုပန် | ဟိုပန် | လားရှိုး |
| ၈၉။ | မောင်ဆက်ဝေပိုင် | အထက(၄)၊ ကျောက်မဲ | ကျောက်မဲ | ကျောက်မဲ |
| ၉၀။ | မောင်သက်ခိုင်ဦး | အထက(၁)၊ နမ္မတူ | နမ္မတူ | ကျောက်မဲ |
| ၉၁။ | မသက်ထားစံ | အထက(ခွဲ)၊ လ-၂၊ သီပေါ | သီပေါ | ကျောက်မဲ |
| ၉၂။ | မကြည်လဲ့လဲ့ခင် | အထက(ခွဲ)၊လ-၁၊ နမ့်ဆန် | နမ့်ဆန် | ကျောက်မဲ |
| ၉၃။ | မပန်းဝတ်ရည်သင်း | အထက(၁)၊ မူဆယ် | မူဆယ် | မူဆယ် |
| ၉၄။ | မောင်သန်းဌေးအောင် | ကပက-ကျော် | မူဆယ် | မူဆယ် |
| ၉၅ | မောင်သက်ပိုင်ဦး | အထက(ခွဲ)၊ လ-၅ | ကျိုင်းတုံ | ကျိုင်းတုံ |
| ၉၆ | မအဲမာရီ | အထက(၃) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၉၇ | မောင်ဗိုလ်ဗိုလ်ကျော် | အထက-တာချီလိတ် | တာချီလိတ် | မိုင်းဖြတ် |
| ၉၈ | မောင်သူရပြည့်စုံ | အထက-မိုင်းတုံ | မိုင်းတုံ | မိုင်းဖြတ် |
| ၉၉ | မမေကိုးကိုး | ကပက-ရွှေမဟာ | မိုင်းဖြတ် | မိုင်းဖြတ် |
| ၁၀၀ | မရွှေရည်စံအောင် | အထက-မိုင်းဆတ် | မိုင်းဆတ် | မိုင်းဖြတ် |

စာမျက်နှာ ၁၆ သို့

စာမျက်နှာ ၁၅ မှ

အမှတ်(၃) အခြေခံပညာဦးစီးဌာန
၂၀၁၄-၂၀၁၅ ပညာသင်နှစ်
ခရိုင်အလိုက်ရွေးချယ်ထားသည့် ဘက်စုံပညာထူးချွန်ကျောင်းသား၊ ကျောင်းသူများဦးရေစာရင်း
(အဋ္ဌမတန်း)

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁ | မောင်ထက်မြတ်နိုင် | အထက(၁) | ဒဂုံမြောက် | အရှေ့ပိုင်း |
| ၂ | မောင်ပိုင်ဇေမင်း | အထက(၄) | မင်္ဂလာတောင်ညွန့် | အရှေ့ပိုင်း |
| ၃ | မောင်ထက်အောင်ရှိုင်း | အထက(၂) | တောင်ဥက္ကလာ | အရှေ့ပိုင်း |
| ၄ | မယမင်းသွင် | အထက(၂) | ဗိုလ်တထောင် | အရှေ့ပိုင်း |
| ၅ | မသဇင်မေ | အထက(၃) | ဒဂုံမြောက် | အရှေ့ပိုင်း |
| ၆ | မကေခိုင်စိုး | အထက(၄) | တာမွေ | အရှေ့ပိုင်း |
| ၇ | မောင်အောင်ခန့်ညားကျော် | တီတီစီ | ကမာရွတ် | အနောက်ပိုင်း |
| ၈ | မောင်ဘုန်းမြင့်မိုရ် | အထက(၃) | စမ်းချောင်း | အနောက်ပိုင်း |
| ၉ | မသိမ့်အိချို | အထက(၂) | လသာ | အနောက်ပိုင်း |
| ၁၀ | မစောရတနာ(၁) | အထက(၂) | ကမာရွတ် | အနောက်ပိုင်း |
| ၁၁ | မောင်အောင်ကိုဝင်း | အထက(၂) | ကွမ်းခြံကုန်း | တောင်ပိုင်း |
| ၁၂ | မောင်ဟီဟဇော် | အလက-မြို့မ | ကျောက်တန်း | တောင်ပိုင်း |
| ၁၃ | မမေသကြီန် | အထက(၂) | ကွမ်းခြံကုန်း | တောင်ပိုင်း |
| ၁၄ | မခိုင်ယမုံခန့် | အထက-နတ်စင်ကုန်း | ကော့မှူး | တောင်ပိုင်း |
| ၁၅ | မောင်သူရမျိုးတင့် | အထက(၄) | လှိုင်သာယာ | မြောက်ပိုင်း |
| ၁၆ | မောင်ဟိန်းထက်အောင် | အထက(၂) | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၁၇ | မခိုင်ဇာသွယ် | အထက-တိုက်ကြီး | တိုက်ကြီး | မြောက်ပိုင်း |
| ၁၈ | မသွယ်သွယ်ထွန်း | အောင်ကောင်းစံ(ကပက) | အင်းစိန် | မြောက်ပိုင်း |

အမှတ်(၃) အခြေခံပညာဦးစီးဌာန
၂၀၁၄-၂၀၁၅ ပညာသင်နှစ်
ခရိုင်အလိုက်ရွေးချယ်ထားသည့် ဘက်စုံပညာထူးချွန်ကျောင်းသား၊ ကျောင်းသူများဦးရေစာရင်း
(နဝမတန်း)

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁ | မောင်ဇင်ရဲထက် | အထက(၁) | သယ်န်းကျွန်း | အရှေ့ပိုင်း |
| ၂ | မောင်မင်းဟိန်းထိုက် | အထက(၂) | တောင်ဥက္ကလာ | အရှေ့ပိုင်း |
| ၃ | မောင်သီဟကျော်စွာ | အထက(၃) | ဒဂုံမြောက် | အရှေ့ပိုင်း |
| ၄ | မကျော့ရတီခင် | အထက(၂) | ရန်ကင်း | အရှေ့ပိုင်း |
| ၅ | မအင်ကြင်းမွှေး | အထက(၃) | ဒဂုံမြောက် | အရှေ့ပိုင်း |
| ၆ | မဆုဆက်ဝင့် | ACA | မြောက်ဥက္ကလာ | အရှေ့ပိုင်း |
| ၇ | မောင်ထင်လင်းအောင် | အထက(၂) | လှိုင် | အနောက်ပိုင်း |
| ၈ | မောင်ဖြိုးပြည့်စုံချစ် | အထက(၂) | ဗဟန်း | အနောက်ပိုင်း |
| ၉ | မအေးငြိမ်းခင် | အထက(၂) | လသာ | အနောက်ပိုင်း |
| ၁၀ | မထက်ယမင်းအောင် | အထက(၂) | ဗဟန်း | အနောက်ပိုင်း |
| ၁၁ | မောင်မြတ်မင်းမောင် | အထက(၄) | သန်လျင် | တောင်ပိုင်း |
| ၁၂ | မောင်မင်းမြတ်နိုင် | အထက(၁) | ခရမ်း | တောင်ပိုင်း |
| ၁၃ | မခင်နှင်းထက်ခိုင် | အထက(၂) | သန်လျင် | တောင်ပိုင်း |
| ၁၄ | မတင့်ရွှန်းဝေ | အထက(၁) | ခရမ်း | တောင်ပိုင်း |
| ၁၅ | မောင်အောင်မြင့်မြတ် | အထက(၂) | လှိုင်သာယာ | မြောက်ပိုင်း |
| ၁၆ | မောင်သန့်စင်ကို | အထက(၂) | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၁၇ | မအေးချမ်းဖြိုး | ကောင်းစုစံ(ကပက) | ရွှေပြည်သာ | မြောက်ပိုင်း |
| ၁၈ | မနှင်းစက်လှိုင် | အထက(၂) | မင်္ဂလာဒုံ | မြောက်ပိုင်း |

အမှတ်(၃) အခြေခံပညာဦးစီးဌာန
၂၀၁၄-၂၀၁၅ ပညာသင်နှစ်
ခရိုင်အလိုက်ရွေးချယ်ထားသည့် ဘက်စုံပညာထူးချွန်ကျောင်းသား၊ ကျောင်းသူများဦးရေစာရင်း
(ဒသမတန်း)

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁ | မောင်ခိုင်ခန့်ထွန်း | ACA | မြောက်ဥက္ကလာ | အရှေ့ပိုင်း |
| ၂ | မောင်သီဟထွေး | အထက(၆) | ဗိုလ်တထောင် | အရှေ့ပိုင်း |
| ၃ | မောင်သိန်းထိုက်ဦး | အထက(၁) | သယ်န်းကျွန်း | အရှေ့ပိုင်း |
| ၄ | မခန့်ခန့်ချော | အထက-သုဝဏ္ဏ | သယ်န်းကျွန်း | အရှေ့ပိုင်း |
| ၅ | မငြိမ်းဆုသာ | အထက(၁) | တာမွေ | အရှေ့ပိုင်း |
| ၆ | မရွှေအိမ်လင်းဦး | အထက(၃) | ဒဂုံမြောက် | အရှေ့ပိုင်း |
| ၇ | မောင်အောင်ကျော်ထွန်း | အထက(၂) | မရမ်းကုန်း | အနောက်ပိုင်း |
| ၈ | မောင်ထိန်လင်းဦး | အထက(၁) | ဒဂုံမြောက် | အနောက်ပိုင်း |
| ၉ | မကြည်ကြည်ဆွေ | အထက(၂) | စမ်းချောင်း | အနောက်ပိုင်း |
| ၁၀ | မအမရာငြိမ်းအေး | အထက(၄) | ကမာရွတ် | အနောက်ပိုင်း |
| ၁၁ | မောင်သောင်းထိုက်ဇော် | အထက(၄) | သန်လျင် | တောင်ပိုင်း |
| ၁၂ | မောင်ဟိန်းထက်ဝင်း | အထက(၁) | သုံးခွ | တောင်ပိုင်း |
| ၁၃ | မမိုးဆန်းပန်းခိုင် | အထက(၁) | သန်လျင် | တောင်ပိုင်း |
| ၁၄ | မအိရတနာလွင် | အထက(ခွဲ)၊တောချောင်း | ကွမ်းခြံကုန်း | တောင်ပိုင်း |
| ၁၅ | မောင်ကျော်ဇင်သက် | အထက(၂) | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၁၆ | မောင်ဟိန်းထက်နိုင် | အထက(၂) | အင်းစိန် | မြောက်ပိုင်း |
| ၁၇ | မအင်ကြင်းပွင့်ဦး | အထက(၂) | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၁၈ | မဝင်းလဲ့လဲ့ဖြူ | အထက(၂) | အင်းစိန် | မြောက်ပိုင်း |

# ၂၀၁၅-၂၀၁၆ ပညာသင်နှစ်ထောက်ပံ့ကြေး စမ်းသပ်မြို့နယ် ငါးမြို့နယ်ရွေးချယ်ရန် ပြည်သူနှင့်ညှိနှိုင်းဆွေးနွေး

**ထားဝယ် မတ် ၂၈**

ကျောင်းများသို့ ဘဏ္ဍာရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှုလျှော့ချရေး ငွေကြေးထောက်ပံ့သည့် စီမံကိန်း (The Decentralizing Funding to School)အရ ၂၀၁၅-၂၀၁၆ တွင် အကောင်အထည်ဖော်မည့် မြို့နယ်သစ် ၁၂ မြို့နယ်ကို သတ်မှတ်ချက်နှင့်အညီ ရွေးချယ်အဆိုပြုနိုင်ရန် ရည်ရွယ်ချက်ဖြင့် တနင်္သာရီတိုင်းဒေသကြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ထောက်ပံ့ကြေးစမ်းသပ်မြို့နယ် ငါးမြို့နယ်ရွေးချယ်ရေးအတွက် ပြည်သူနှင့်ညှိနှိုင်းဆွေးနွေးပွဲ အခမ်းအနားကို မတ် ၂၆ ရက် နံနက် ၉ နာရီက ထားဝယ်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပခဲ့သည်။

ယင်းဆွေးနွေးပွဲသို့ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းအောင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဦးထွန်းရီနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံရေးပါတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက မြန်မာနိုင်ငံတွင် ယခင်က တက္ကသိုလ်အဆင့်၊ ပြည်တွင်း ပညာသင်ဆု (Collegiate Scholarships) များနှင့် အထက်တန်း၊ အလယ်တန်းအဆင့် ပညာသင်ဆု (Scholarships )များ၊ ပညာသင် ထောက်ပံ့ကြေးဆု (Stipends)များကို နိုင်ငံတော်မှ ချီးမြှင့်ပေးခဲ့ပြီး ၁၉၆၄ ခုနှစ်နှင့် နောက်ပိုင်းတွင် လူရည်ချွန် ရွေးချယ်မှုစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့သဖြင့် ပညာသင်ဆုနှင့်ပညာသင်ထောက်ပံ့ကြေးဆု ချီးမြှင့်မှု အစီအစဉ်များ ရပ်ဆိုင်းခဲ့ကြောင်း ပြောကြားခဲ့သည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစ၍ ကမ္ဘာ့ဘဏ် IDACredit အမေရိကန်ဒေါ်လာသန်း ၈၀ နှင့် Grant အမေရိကန်ဒေါ်လာသန်း ၂၀ စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၁၀၀ ဖြင့် ကျောင်းထောက်ပံ့ကြေး၊ ပညာသင်ထောက်ပံ့ကြေးနှင့် မူလတန်းအဆင့်တွင် Early Grade Reading Assessment သုတေသနလုပ်ငန်း အစီအစဉ်များကို ၂၀၁၇-၁၈ ပညာသင်နှစ်အထိ အကောင်အထည်ဖော်ရန် ရှိကြောင်း ၎င်းက ဆက်လက် ပြောသည်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ် ထောက်ပံ့ကြေးစမ်းသပ်မြို့နယ် ငါးမြို့နယ် ရွေးချယ်ရေးအတွက် ပြည်သူနှင့် ညှိနှိုင်းဆွေးနွေးပွဲတွင် ရွေးချယ်ခံရန် သတ်မှတ်ချက်နှင့်အညီ ညှိနှိုင်းချက်များအရ ပြည်နယ်၊ တိုင်းဒေသကြီး တစ်ခုတွင် မြို့နယ်များကို တန်းစီဇယားပြုစု၍ အနည်းဆုံး ငါးမြို့နယ်ကို ဦးစားပေး(၁ မှ ၅) အထိ ရွေးချယ် ပြုစုပေးရမှာဖြစ်ကြောင်း ဒေါက်တာဝင်းအောင်က ပြောသည်။

နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခြေအနေအရ ပညာထူးချွန်ပြီး ဆက်လက်ပညာသင်ယူရန် အခက်အခဲရှိသူများအား ပြည်တွင်းပညာသင် ထောက်ပံ့ကြေးပေးသည့် အစီအစဉ်ကို ရေရှည် တိုးချဲ့ဆောင်ရွက်သွားနိုင်ရေးအတွက် ဝိုင်းဝန်းပါဝင် ကူညီဆောင်ရွက်ပေးကြရန် လိုကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ပညာရေး ညွှန်ကြားရေးမှူး ဦးထွန်းရီက Public Consultations Meeting ကျင်းပမည့် အစီအစဉ်၊ ရွေးချယ်မည့် အစီအစဉ်အား ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက အုပ်စုဖွဲ့၍ ဆွေးနွေးကာမြို့နယ် ငါးမြို့နယ်ကို ဦးစားပေး တန်းစီဇယား အစီအစဉ် (၁) ဘုတ်ပြင်းမြို့နယ်၊ (၂) ကျွန်းစုမြို့နယ်၊ (၃) တနင်္သာရီမြို့နယ်၊ (၄) ရေဖြူမြို့နယ်၊ (၅) ကော့သောင်းမြို့နယ်ကို အမှတ်ပေး၍ အပြီးသတ်ရွေးချယ်အတည်ပြုခဲ့ကြောင်း သိရသည်။

**(တိုင်းဒေသကြီးပြန်/ဆက်)**

## လူရည်ချွန် ရွေးချယ်စနစ်ကို ပြောင်းလဲ . . .

# တစ်ပတ်အတွင်း ထူးခြားသတင်းပုံရိပ်များ

ကိုရင်ညြ

*မျက်မှောက်ကမ္ဘာတွင် ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးစသည့် နိုင်ငံတကာအရေးကိစ္စများကို မျက်ခြည်မပြတ်လေ့လာနေရန် လိုအပ်ပါသည်။ ထိုသို့ လေ့လာနေမှသာလျှင် နိုင်ငံတကာအခင်းအကျင်းများမှ ရယူသင့်သော သင်ခန်းစာများကို ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ကြေးမုံစာဖတ်ပရိသတ်များအား တစ်ပတ်အတွင်းထူးခြားသော နိုင်ငံတကာဖြစ်စဉ်များကို ခြုံငုံသိရှိနိုင်စေရန်အတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နိုင်ငံတကာသတင်း ပုံရိပ်များကို ဖော်ပြပေးလိုက်ပါသည်။ (စာတည်း)*

## လီကွမ်ယူအလွန် နိုင်ငံရေးရှုခင်း


လီကွမ်ယူ နိုင်ငံတော်ဈာပန အခမ်းအနားကို မတ် ၂၉ ရက်တွင် ကျင်းပရန် ပြင်ဆင်လျက်ရှိသည်။

အရှေ့တောင်အာရှဒေသရှိ ချမ်းသာကြွယ်ဝသော စင်ကာပူနိုင်ငံ၌ လီကွမ်ယူ ကွယ်လွန်အနိစ္စ ရောက်ရှိခဲ့ပြီးနောက် ယင်းနိုင်ငံ၏နိုင်ငံရေးရှုခင်းကို စိတ်ကူးဖြင့် နိမိတ်ပုံဖော်ကြည့်ကာ ဆွေးနွေးငြင်းခုံမှုများ ကျယ်လောင်လာသည်။

စင်ကာပူနိုင်ငံ၏ နိုင်ငံရေးဖခင်ကြီးလီသည် အာရှတိုက်၏ မီးရှူးတန်ဆောင် နိုင်ငံ့ခေါင်းဆောင်၏ သရုပ်သကန်ကို အဟုတ်မှန်စွာ ဖော်ကျူးနိုင်သူဖြစ်သည်။ သူ၏သမိုင်းဝင်သော စွမ်းဆောင်ချက်မှာ တံငါရွာ ဇနပုဒ်ကို သူဌေးနိုင်ငံအဆင့်အတန်းသို့ 'မ'တင်ပေးနိုင်ခဲ့ခြင်းဖြစ်၏။

ဇီကုပ်၍နတ်ပြည်တင်ပေးလိုက်သည့် အလား နှစ်ပေါင်း ၅၀ ကာလအတွင်း တစ်သွေးတစ်မွေးဖြစ်လာသော စင်ကာပူနိုင်ငံသည် အောင်မြင်သောဖွံ့ဖြိုးမှုပုံစံတစ်ရပ်ကို ကမ္ဘာသို့ပြသနိုင်သည်။

စင်ကာပူနှင့် လီကွမ်ယူဟူသည်ကား နေနှင့်လ ရွှေနှင့်မြပမာ လိုက်ဖက်တင့်တယ်လှပါပေသည်။ စင်ကာပူပြည်သူများအတွက် လီသည် နိုင်ငံရေးသုခမိန်ကြီးတစ်ဦးအဖြစ် ကျေးဇူးကြီးလှ၏။ ဂုဏ်ယူထိုက်၏။ မယိမ်းမယိုင်ကျောက်စာတိုင်ကြီးအလား တည်တံ့ခိုင်ကျည်၏။

စင်ကာပူနိုင်ငံထူထောင်သူ လီကွယ်လွန်မှုအတွက် အားလုံးကနှမြောတသဖြစ်ကြရမှုနှင့်အတူ ၎င်း၏နိုင်ငံရေးဝါဒ သဘောထားနှင့်ပတ်သက်၍ ပြည်တွင်းပြည်ပမှ နိုင်ငံရေးလေ့လာသူများက ပိုင်းခြားစိတ်ဖြာသုံးသပ်လျက်ရှိကြလေသည်။

လီ၏နိုင်ငံရေးမျှော်မှန်းချက်မှာ တစ်ပါတီနိုင်ငံရေးစနစ်အပေါ် ဗဟိုပြုသည်ဟု သုံးသပ်သူများရှိနေသည်။ လီ၏ ပြည်သူ့လှုပ်ရှားမှုပါတီ (People's Action Party)က နိုင်ငံရေးတပ်ဦးတွင် ရပ်တည်နေသည်။ အခြေခိုင်မာလှသော ယင်းပါတီကြီးက လူထုအားဦးဆောင်မှုကို ပေးစွမ်းသည်။

ဓနရှင်ဝါဒကို နိုင်ငံတော်ကစီမံခန့်ခွဲကာ စီးပွားရေးဖြင့် သဟဇာတပြုပေါင်းစုကာ ကြွယ်ဝချမ်းသာလာအောင် ဆောင်ကြဉ်းသည်။

လီ၏မူဝါဒများနှင့်ပတ်သက်၍ အငြင်းအခုံအဖြစ်ရဆုံးမှာ လွတ်လပ်စွာပြောဆိုရေးသားခွင့်နှင့် ဆင်ဆာဖြတ်တောက်မှုတို့ဖြစ်သည်။ လီ၏ အစိုးရအဖွဲ့ကို အပျော့စားအာဏာရှင် အစိုးရအဖွဲ့အဖြစ် အနောက်တိုင်းသားတို့က ရှုမြင်သည်။

စင်ကာပူနိုင်ငံ၌ နိုင်ငံရေးပါတီများ တည်ရှိသော်လည်း အများပြည်သူဆန္ဒပြခွင့်ကို ကန့်သတ်ထားခြင်းကြောင့် အတိုက်အခံအင်အားစုတို့ အားကောင်းလာခြင်းမရှိဟု ဝေဖန်မှုများပေါ်ထွက်ခဲ့သည်။ သို့ဖြစ်စေကာမူ ၂၀၁၁ ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ အတိုက်အခံပါတီများက ထောက်ခံမဲ ၄၀ ရာခိုင်နှုန်းအထိရရှိ ခဲ့သည်ကို တွေ့ရသည်။

လီကွမ်ယူထားရစ်ခဲ့သော အမွေခံကောင်းမှာ ပညာရေးအဆင့်အတန်းမြင့်မားသော နိုင်ငံနှင့် ကမ္ဘာနှင့်ချိတ် ဆက်ကာ လုပ်ကိုင်သောနိုင်ငံအဖြစ် ရပ်တည်နိုင်ခြင်းဖြစ်သည်။

စီးပွားရေးအရ အောင်မြင်ခဲ့သော စင်ကာပူနိုင်ငံ၌ နိုင်ငံရေးအရ ဗဟုဝါဒကျင့်သုံးရေးမှာ ပြည်သူ့ဆန္ဒ ဖြစ်လာနိုင်သည်။ ထူးချွန်ထက်မြက်သည့် ခေါင်းဆောင်တစ်ဦး၏ စိတ်ကူးစိတ်သန်းများကို လူထုက အကောင်အထည်ဖော်ပေးရခြင်းထက် ပြည်သူအများစု၏ တူညီသောဆန္ဒနှင့်အညီ နိုင်ငံကို ထုဆစ်ပုံဖော်ခြင်းက သာလွန်ကောင်းမွန်မည်ဟု ပြည်သူများအတွင်း တွေးဆကြဖွယ်ရှိသည်။

မည်သို့ပင်ဆိုစေ စင်ကာပူနိုင်ငံ၏ နိုင်ငံရေးစနစ်ကို ပြောင်းလဲရန် ပြည်သူများ လိုလားလာကြသည့်တိုင်အောင် တရွေ့ရွေ့ ပြောင်းလဲလာမှုဖြစ်စဉ်ကို မျက်မှောက်ပြုရဖွယ်သာရှိလေသည်။

## ဆင်းကတ်နှင့် လက်ဗွေရာ

ပါကစ္စတန်နိုင်ငံ၌ အကြမ်းဖက်မှုတိုက်ဖျက်ရေး အစီအစဉ်တစ်ရပ်အရ ဆဲလ်ဖုန်းအသုံးပြုသူများသည် ၎င်းတို့၏ SIM ကတ်များကို အသုံးပြုသူ၏ လက်ဗွေရာနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ အမျိုးသားမှတ်ပုံတင် အာဏာပိုင်အဖွဲ့ထံတွင် မှတ်ပုံတင်ရတော့မည်ဖြစ်သည်။

ပါကစ္စတန်နိုင်ငံ၌ စစ်သွေးကြွများက တိုက်ခိုက်မှုများပြုလုပ်ရာတွင် ဆဲလ်ဖုန်းများကို အသုံးပြုလေ့ရှိခြင်းကြောင့် ယင်းသို့ မှတ်ပုံတင်ရန် စီစဉ်ခြင်းဖြစ်ခဲ့သည်။

ပြီးခဲ့သည့် ဒီဇင်ဘာလက ပတ်ရှ်ဝါမြို့၌ တာလီဘန်စစ်သွေးကြွများက စာသင်ကျောင်းတစ်ကျောင်းကို တိုက်ခိုက်ခဲ့ရာတွင် ဆဲလ်ဖုန်းများကို အသုံးပြုသည်။

ဆဲလ်ဖုန်းအသုံးပြုသူများ၏ လက်ဗွေရာကို မှတ်တမ်းရယူထားခြင်းဖြင့် အကြမ်းဖက်လှုပ်ရှားမှုများတွင် စစ်သွေးကြွများက ဆဲလ်ဖုန်းအသုံးပြုမှု အဆုံးသတ်ဖွယ်ရှိသည်။ တိုက်ခိုက်မှုပြုလုပ်ချိန်အတွင်း ဆက်သွယ်မှုပြုလုပ်နိုင်ရန် စစ်သွေးကြွများက ဆဲလ်ဖုန်းများကို အသုံးပြုလေ့ရှိခြင်း ခြိမ်းခြောက်ခြင်း၊ ငွေညှစ်ခြင်း၊ ဗုံးခွဲခြင်းတို့ပြုလုပ်ရာတွင်တွင် ဆဲလ်ဖုန်းများကို အသုံးပြုလေ့ရှိသည်။


ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့ရှိ မိုဘိုင်းဖုန်းအရောင်းဆိုင်တစ်ဆိုင်ကိုတွေ့ရစဉ်။


ယီမင်နိုင်ငံ အေဒင်မြို့၌ သမ္မတအား လိုလားသည့်အဖွဲ့များက စစ်ရေးဂိတ်တစ်ဂိတ်ကို စောင့်ကြပ်လျက်ရှိကြစဉ်။

## အာရေဗျကျွန်းဆွယ်ဒေသ

**ပဲ့နင်းဦးထောင်၊ ဦးနင်းပဲ့ထောင် ယီမင်**

အာရေဗျကျွန်းဆွယ်ဒေသ၌ ရန်သတ္တရုပြုမှုပြင်းထန်လာသည့် ပြယုဂ်တစ်ခုအဖြစ် အီဂျစ်ရေတပ်သင်္ဘောလေးစင်းသည် ယီမင်ပင်လယ်ကမ်းရိုးတန်းဒေသရှိ အေဒင်မြို့ဆီသို့ ဦးတည်လျက် မတ် ၂၆ ရက်တွက် ဆူးအက်တူးမြောင်းကို ဖြတ်သန်းသွားခဲ့သည်။

ယီမင်နိုင်ငံကို ကြည့်လတ်သော် စစ်မီးလျှံများ တောက်လောင်နေသည်ကို တွေ့ရသည်။ အတင့်ရဲလာသော ဟူသီသူပုန်အဖွဲ့ကို လက်ပိုက်ကြည့်နေနိုင်ခြင်းမရှိတော့သည့် ဆော်ဒီအာရေဗျနိုင်ငံက ယင်းနေ့မှာပင် လေကြောင်းတိုက်ပွဲတစ်ရပ်ဆင်နွှဲခဲ့သည်။

"ယီမင်နိုင်ငံရဲ့ တရားဝင်သမ္မတ ဟာဒီကိုကာကွယ်စောင့်ရှောက်ပေးနိုင်ဖို့ စစ်ရေးအရ ကြားဝင်ဆောင်ရွက်ရ ခြင်းဖြစ်ပါတယ်" ဟူ၍ ဆော်ဒီသံအမတ်ကြီးက အမေရိကန်ပြည်ထောင်စု ဝါရှင်တန်တွင် ထုတ်ပြန်ကြေညာသည်။

ဆော်ဒီအာရေဗျနှင့် ပင်လယ်ကွေ့ဒေသ မဟာမိတ်နိုင်ငံများ၏ ယီမင်နိုင်ငံနိုင်ငံရှိ ဟူသီသူပုန်အဖွဲ့ကို ချေမှုန်းနိုင်ရန် စစ်ဆင်ရေး စတင်လိုက်ပြီဖြစ်သည်။ ဆော်ဒီတိုက်လေယာဉ်များသည် မြို့တော်ဆာနားရှိ အဓိကလေဆိပ်ကို လေကြောင်းမှတိုက်ခိုက်ခဲ့သည်။ သမ္မတဟာဒီ၏ ပန်ကြားချက်အရ စစ်ရေးအရ ကြားဝင်စွက်ဖက်ရခြင်းဖြစ်သည်။

ဘုန်းတန်ခိုးဆုတ်ယုတ်လာသော သမ္မတ ဟာဒီမှာ နိုင်ငံတောင်ပိုင်းရှိ အေဒင်မြို့၌ ခိုလှုံနေရ၏။ အမေရိကန်ထောက်ခံသော သမ္မတဟာဒီမှာ အားမတန် မာန်လျှော့နေရခိုက် သူပုန်တို့၏ ဝိုင်းပတ်ပိတ်ဆို့မှုကို ခံနေရသည်။

ဟူသီသူပုန်အဖွဲ့ကို အီရန်က ထောက်ခံအားပေးလျက်ရှိပြီး သူပုန်တပ်ဖွဲ့က စစ်ရေးအရှိန်အဟုန်မြှင့်တင်မှုကို တန်ပြန်နိုင်ရန် သမ္မတ ဟာဒီက ပြည်ပမှ စစ်ကူခေါ်ရတော့သည်။

ယီမင်နိုင်ငံ၌ စစ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် တပ်ဖွဲ့ဝင်အင်အား ၁၅၀၀၀၀ နှင့် စစ်လေယာဉ်အစင်း ၁၀၀ အသုံးပြုမည်ဟု ဆော်ဒီအာရေဗျနိုင်ငံက ကြေညာလိုက်သည်။ အလားတူပင် ပင်လယ်ကွေ့ဒေသ မဟာမိတ်နိုင်ငံများဖြစ်ကြသော အာရပ်စော်ဘွားများပြည်ထောင်စု၊ ဘာရိန်း၊ ကူဝိတ်၊ ကာတာ၊ ဂျော်ဒန်၊ မော်ရိုကိုနှင့် ဆူဒန်နိုင်ငံတို့ကလည်း စစ်လေယာဉ်များ စေလွှတ်ပေးမည်ဟု ကြေညာခဲ့ကြသည်။

အာရပ်အဖွဲ့ချုပ်၏ ထိပ်သီးဆွေးနွေးပွဲကို မတ် ၂၈ ရက်မှ ၂၉ ရက်အထိ အီဂျစ်နိုင်ငံ အပန်းဖြေစခန်းဖြစ်သော ရှမ်အယ်လ်ရှိတ်၌ ကျင်းပသည့်အခါ အာရပ်ပူးတွဲတပ်ဖွဲ့တစ်ဖွဲ့ ထူထောင်ရေးကိစ္စကို အဓိကဆွေးနွေးရန် စီစဉ်ထားသည်။

အာရပ်အဖွဲ့ချုပ်၏ အဖွဲ့ဝင်နိုင်ငံများသည် ၁၉၅၀ ပြည့်နှစ်က အစ္စရေးရန်မှ ကာကွယ်ရေးအတွက် ကာကွယ်ရေး သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ သို့ရာတွင် ယခုအခါ ဒေသတွင်း၌ ဘာသာရေး အစွန်းရောက်များ ခေါင်းထောင်လာနေခြင်းကြောင့် ခေတ်ကာလ အခြေအနေနှင့်အညီ အာရပ်တပ်ပေါင်းစု ထူထောင်ရန် အချိန်အခါကျရောက်လာခြင်းဖြစ်သည်။ အဆိုပါ တပ်ပေါင်းစုသည် ယီမင်၌ မြေပြင်ထိုးစစ်ဆင်ပြီး ဆင်နွှဲဖွယ်ရှိနေသည်။

ဆီးရီးယား၊ အီရတ်နှင့်လစ်ဗျားနိုင်ငံတို့၌ ဘာသာရေးအစွန်းရောက်များဖြစ်ကြသော အိုင်အက်စ်စစ်သွေးကြွတို့ စစ်ရေးလှုပ်ရှားမှုများတိုးမြှင့်ပြုလုပ်လာချိန်တွင် ယီမင်နိုင်ငံ၌ ဆွန်နီနှင့် ရှီးယိုက်တို့ အင်အားတုပြိုင်စိန်ခေါ်ပွဲများ နွှဲလာကြခြင်းဖြစ်၏။

ယီမင်ပြည်တွင်းစစ်သည်လူမျိုးရေးဂိုဏ်းဂဏအပေါ် အခြေခံသည်။

ယီမင်နိုင်ငံ၌ လွန်ခဲ့သည့်လေးနှစ်ခန့်မှစ၍ နိုင်ငံရေးအကျပ်အတည်းဖြစ်ခဲ့သည်။ ဆင်းရဲမွဲတေမှု နက်ရှိုင်းခြင်း၊ အလုပ်လက်မဲ့များပြားခြင်း၊ အဂတိလိုက်စားခြင်းတို့သည် လူမျိုးရေးဂိုဏ်းဂဏ ကွဲပြားမှုအတွက်အခြေခံအကြောင်းတရားများဖြစ်၏။

မြေပုံရာကင်းမှောင့်ဟူဘိသို့ အာရေဗျကျွန်းဆွယ် အယ်လ်ခိုင်ဒါအဖွဲ့က ခြေရှုပ်လာသည့်အခါ ပြဿနာများပိုမို ရှုပ်ထွေးလာပြီး အကြမ်းဖက်မှု တိုက်ဖျက်ရေးစာမျက်နှာစာ ကျယ်ပြန့်လာရသည်။

ယီမင်နိုင်ငံ၌ တိုက်ပွဲများ ပြင်းထန်လာချိန်တွင် အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ စစ်ဆင်ရေးပြုလုပ်နေဆဲ အမေရိကန်တပ်ဖွဲ့ဝင်များကို ယီမင်နိုင်ငံမှ မကြာမီက ရုပ်သိမ်းစေခဲ့ရသည်။ အယ်လ်ခိုင်ဒါစစ်သွေးကြွများက နိုင်ငံတောင်ပိုင်းမြို့ကြီးတစ်မြို့ကို သိမ်းပိုက်လိုက်ပြီးနောက် ယင်းမြို့အနီးရှိ လေတပ်စခန်းမှ အထူးတပ်ဖွဲ့ ကွန်မန်ဒိုများ အပါအဝင် အမေရိကန်တပ်ဖွဲ့များကို ထွက်တော်မူနန်းက ခွာစေခဲ့ရသည်။

ယီမင်နိုင်ငံမှာ ရှုပ်ထွေးမှုနှင့် အခြေအနေတွင် ရောက်ရှိနေပြီး လူမျိုးရေးဂိုဏ်းဂဏကွဲပြားမှုအပေါ် အခြေခံ၍ အိမ်ကြက်ချင်း အိုးမဲသုတ်ကာ ခွပ်ခိုင်းသည့် ပုံစံမျိုးဖြစ်သည်ဟု ရှုမြင်ရသည်။

၂၀၁၁ ခုနှစ်က လစ်ဗျားပဋိပက္ခ၌နိုင်ငံတကာ၏ စစ်ရေးစွက်ဖက်မှုကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ကြရပြီးကာလရှည် နိုင်ငံမတည်မငြိမ်ဖြစ်မှုကို ရှောင်လွှဲလာမည်မဟုတ်ဟု ယူဆရသည်။ ပဋိပက္ခကြီးထွားမှုကို အခွင့်ကောင်းယူလိုသော တောကြောင်များအဖြစ် အကြမ်းဖက်သမားများကို တွေ့မြင်နိုင်သေးသည်။ သို့ဖြစ်၍ ပဲ့နင်းဦးထောင်၊ ဦးနင်းပဲ့ထောင်ဖြစ်ကာ အာရပ်ကမ္ဘာ၏ တည်ငြိမ်မှုကို ဂယက်ရိုက်ခတ်မည်သာဖြစ်သည်။

ယီမင်နိုင်ငံသည် ရေနံထုတ်လုပ်သော နိုင်ငံတစ်နိုင်ငံဖြစ်ရာ လတ်တလော ပင်လယ်ဆိပ်ကမ်းများပိတ်ထားလိုက်ရသည့်အကျိုးရလဒ်ကို တွေ့မြင်ရသည်။

ယီမင်ပဋိပက္ခ ရေရှည်မဖြစ်ပေါ်စေရန် နိုင်ငံရေးအရ ဖြေရှင်းချက်လိုအပ်မည်ဟု ယူဆရပါသည်။

# ညီမာရုံမင်းကျောင်း၌ အဖြူရောင်နှလုံးသား အခမဲ့ဆေးကုခန်း ပြောင်းရွှေ့ဖွင့်လှစ်

**မော်လမြိုင်ကျွန်း မတ် ၂၈**

မော်လမြိုင်ကျွန်းမြို့ အဖြူရောင်နှလုံးသားအဖွဲ့ အထွေထွေရောဂါကုအခမဲ့ဆေးခန်းအား မြို့နယ်တိုင်းရင်းဆေးရုံရှေ့ ညီမာရုံမင်းကျောင်းတိုက်ကျောင်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ပွဲကို မတ် ၂၆ ရက် နံနက် ၉ နာရီက ညီမာရုံမင်းကျောင်းတိုက်ကျောင်း၌ ကျင်းပသည်။

ယင်းအခမဲ့ ဆေးကုခန်းပြောင်းရွှေ့ဖွင့်လှစ်ပွဲသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဒုတိယမြို့နယ်အုပ်အုပ်ရေးမှူးဦးဝင်းဆန်းနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အခမဲ့ဆေးကုခန်းတာဝန်ခံဆရာဝန်ဒေါက်တာပြည့်စုံခန့်၊ ဒေါက်တာမင်းသူဟိန်းနှင့် ကျန်းမာရေးအဖွဲ့ တို့က လူနာပေါင်း၈၁ ဦးတို့အား အခမဲ့ဆေးစစ်ပေးခြင်းနှင့်အခမဲ့ဆေးကုသပေးကြသည်။

အဆိုပါ အဖြူရောင်နှလုံးသားအဖွဲ့ အထွေထွေရောဂါကုအခမဲ့ဆေးကုခန်းအားအဖွဲ့ဥက္ကဌ ဦးခင်မောင်ဇင်နှင့် အမှုဆောင်များက တာဝန်ယူဖွင့်လှစ်ခဲ့သည်။

ဖွင့်လှစ်ပြီး သုံးနှစ်ကျော် ကာလအတွင်း လူနာပေါင်း ၆၅၉၀၀ တို့အားအခမဲ့ ဆေးဝါးကုသပေးခဲ့ပြီး မြို့ပေါ်နှင့်ကျေးရွာ ရှစ်နေရာတို့တွင် အခမဲ့နယ်လှည့် ဆေးဝါးကုသပေးခဲ့ကြသည်။

**မော်ကျွန်းမြင့်အောင်**

# ပြည်သူ့ဆေးရုံ တိုးချဲ့နှစ်ထပ်ဆောင် ဆောက်လုပ်မှု ကြည့်ရှုစစ်ဆေး

**မြင်းခြံ မတ် ၂၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်ပြည်သူ့ဆေးရုံကြီးအတွင်း တိုးချဲ့ဆောက်လုပ်နေသော နှစ်ထပ်ဆောင်သစ် ဆောက်လုပ်ပြီးစီးမှုကို မတ် ၂၄ ရက် နံနက် ၉ နာရီက ခရိုင် တည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရေးကော်မတီဥက္ကဋ္ဌ၊ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ ဆည်မြောင်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်လွင်၊ ခရိုင်ပြည်သူ့ဆောက်လုပ်ရေးအင်ဂျင်နီယာမှူးကြီး ဦးသိန်းရွှေ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးကြည်မြင့်၊ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်တို့က သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် တာဝန်ယူဆောက်လုပ်နေသော ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက တည်ဆောက်ရေးလုပ်ငန်းများပြီးစီးမှု အခြေအနေများကို အဆောက်အအုံပုံစံငယ်များဖြင့် ရှင်းလင်းတင်ပြခဲ့ပြီး ခရိုင်တည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းရှင်းရေး၊ အရည်အသွေးပြည့်မီသော ပစ္စည်းများကို သုံးစွဲရေး၊ သတ်မှတ်ကာလအတွင်း ပြီးစီးရေးတို့ကို မှာကြားခဲ့သည်။

အဆိုပါ တိုးချဲ့ဆေးရုံနှစ်ထပ်ဆောင်သည် အလျား ၁၃၄ ပေ၊ အနံ ၅၆ ပေ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး ၂၀ ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးကြောင်း သိရသည်။ **ဇော်မင်းနိုင် (မြင်းခြံ)**



## မသန်စွမ်းတဲ့သားသမီးတွေရဲ့လိုအပ်ချက် (ယမန်နေ့မှအဆက်)

သူ့ဟာသူ လုပ်နိုင်ကြတယ်။ အထူးသဖြင့် သူတို့ကို ပိုပြီးတော့ သဘောကျတာ စိတ်ဓာတ်ခွန်အားပေါ့။ ရုပ်ပိုင်းဆိုင်ရာမှာ ချို့တဲ့နေတဲ့သူတွေက အသက်ရှည်ဖို့ ကျန်းမာဖို့ စိတ်ဓာတ်ခွန်အား ပိုအရေးကြီးတယ်။ သူတို့ကို ကြည့်ပြီးတော့ကိုယ်လည်း စိတ်ဓာတ်ခွန်အားတွေ တော်တော်လေး တက်လာတယ်။ သူတို့ရဲ့ စွမ်းရည်ပြပွဲ ဆိုတော့။

တပည့် မိတ်ဆွေတွေထဲမှာလည်း အဲဒီလို ကလေးတွေရှိကြတယ်။ ရှိတော့ သူတို့က ဒီအတိုင်းထားလိုက်ရင် တောင်ကြီးလိုနေရာမျိုးမှာ ဒီလိုအစီအစဉ်ရှိတာလဲ မသိဘူး။ ရန်ကုန်တို့ မန္တလေးတို့ကိုလည်း သူတို့ မပို့နိုင်ဘူး။ မပို့နိုင်တဲ့အခါကျတော့ ကလေးတွေက ဒီအတိုင်းပဲ။ တစ်ခါတစ်လေကျရင် လူကြီးမိဘတွေက စိတ်တိုတဲ့အခါကျရင် ရှုပ်လိုက်တာ နင့်အတွက် ဝန်လေးတယ်ဆိုတဲ့ ဟာမျိုးပေါ့နော်။ ဒါမျိုးတွေပြောမိကြတယ်။ အဲဒီလို မပြောရဘူး သူတို့လည်း ဒီလိုမျိုး ဘယ်ဖြစ်ချင်မလဲ။ ဒါကိုယ့်ဆီကို ရောက်လာတာလည်း ကိုယ်နဲ့သက်ဆိုင်လို့၊ ကိုယ်နဲ့ ရေစက်ရှိလို့ ကိုယ့်ဆီကိုရောက်လာတာ။

အဲတော့ သူတို့ကို ပြုစုစောင့်ရှောက်နိုင်တဲ့နည်းတွေရှိတယ်။ စောစောက ဆရာမ သန်းနွယ်အောင်တို့ရဲ့ Morning Star ဆိုတဲ့ အဖွဲ့လေးကိုပို့ပေးပါဆိုပြီးတော့ ဆက်ပေးလိုက်တယ်။ ဆက်ပေးလိုက်တဲ့အခါကျတော့ တချို့ဆိုခဏလေး ရောက်ခါရှိသေးတယ်။ တော်တော်ကိုပျော်ကြတယ်။

လူဆိုတာ သူတို့ကို သာမန်လူတွေကလည်း ဂရုစိုက်တာကို လိုချင်ကြတာပဲလေ။ အခု ဒီကလေးတွေဆိုလို့ရှိရင်လည်း အထူးသဖြင့် ဒီဂရုစိုက်တာ ခံချင်တာတယ်။ ခံလည်းခံထိုက်ပါတယ်။ သူတို့ကို ဂရုစိုက်တာမျိုးဘာမျိုးတွေ့တယ်ဆိုရင်လည်း လက်ဆောင်ပေးတယ်ဆိုတာကလည်း သိပ်ပြီးတော့ တန်ဖိုးကြီးတဲ့ဟာတွေမဟုတ်ပါဘူး။ အဲဒါကို ဝမ်းသာအားရပဲ။ တစ်ခါထဲပျော်လိုက်ကြပါးလိုက်ကြတာ။

တောင်ကြီးကို သွားလိုက်တဲ့အခါ သူစရိတ်အကုန်ခံပို့မယ်ဆိုတာပြောတယ်။ မချမ်းသာပါဘူး။ ကိုယ့်စရိတ်နဲ့ကိုယ် လာရမယ်ဆိုလည်း လာမယ်။ လာမယ့်နေ့ကိုလေယာဉ်ပျံနဲ့သွားတယ်။ ကျောင်းဆရာဆိုတော့နော် မခဲယဉ်းပါဘူး။ ဟိုကျတော့ ရွှေကျားပျံဆိုတဲ့နေရာမှာ တည်းတယ်။ ကျန်တဲ့တပည့်တွေကလည်း သွားချင်တဲ့နေရာတွေ အကုန်လုံးကို လိုက်ပို့ကြတယ်။ နောက်မွေတော်ကက္ကူဆိုတာလည်းကြားဖူးပြီးတော့ မရောက်ဖူးဘူး။ နောက်တစ်ခါ ထမ့်ဆန်းဂူဆိုတာလည်း တော်တော်နာမည်ကြီးတယ်လေ။ တော်တော်လည်း သဘာဝအလှအပတွေ အများကြီးရှိတယ်။အဲဒီလည်း ရောက်ခဲ့တယ်။ဒါ သွားရင်း ဟန်လွှဲပေ့ါ။

ပြန်တော့လည်း မနည်းပြန်ရတာ။ ကျောင်းသားတွေကိုလည်း ဆရာဟောပြောပွဲတစ်ပွဲ လုပ်တယ်။ နောက်တစ်ခါ အေးသာယာ။ အေးသာယာကတော့ ဝိုင်နဲ့နာမည်ကြီးတာပေ့ါ။ အေးသာယာဆိုင်က လည်း နာမည်ကြီးလွန်းလို့ ဆရာဝင်ကြည့်ပါတယ်။ တော်တော်လေးရှုခင်းကောင်းတယ်။ ပြီးတော့ အေးသာယာ စက်မှုဇုန်မှာလည်း ဟောပြောပွဲတစ်ပွဲ လုပ်ခဲ့သေးတယ်။ ကိုယ်သိသမျှလေးတွေ ဝေငှတာပေ့ါ။ အဲတော့ ဒီတစ်ခါ ခရီးထွက်ရတဲ့ဟာက ထူးထူးဆန်းဆန်းပဲ ကိုယ့်ရဲ့ခွန်အားတွေလည်း ပိုပြီး ပြည့်လာတယ်။

မိဘတွေ ဒီလို သားသမီးတွေဒီလိုမျိုးအခြေအနေနဲ့ကြုံခဲ့လို့ရှိရင် သားသမီးတွေကို ရှုပ်လိုက်တာ၊ ဝန်လေး လိုက်တာလို့ မမြင်ဘဲနဲ့ ဖြေရှင်းနိုင်တဲ့နည်းတွေ အခုခေတ်မှာ အများကြီးရှိတယ်။ ကိုယ်ကလုပ်ပေးရ ကောင်းမှန်းမသိတဲ့အတွက် ကလေးတွေ ဆုံးရှုံးတာတွေ နစ်နာတာတွေ ဖြစ်နိုင်ပါတယ်။ အဲ ဂရုတစိုက်နဲ့ သားသမီးတွေရဲ့ လိုအပ်ချက်တွေကို အထူးသဖြင့်တော့ မသန်စွမ်းတဲ့ သားသမီးတွေရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးကြပါလို့ မေတ္တာရပ်ခံချင်တာပါ။

## ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်း

ရန်ကုန်မြစ်ကြောင်း ဗိုလ်တထောင်ဘုရားမှ သန်လျင်ရေနံချက်စက်ရုံအကြားရှိ သန်လျက်စွန်းအတွင်း စည်းခုံရေလမ်းကြောင်းတွင် ၂၈-၃-၂၀၁၅ရက်မှ ၁၀-၄-၂၀၁၅ရက်အထိ အထူးသောင်တူးလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါ၍ အဆိုပါ သောင်တူးလုပ်ငန်းခွင်ဧရိယာအတွင်း သွားလာနေသောရေယာဉ်များသည် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်သွားရန် ရေကြောင်းသတိပေးချက်ထုတ်ပြန်အပ်ပါသည်-

(က) သောင်တူးလုပ်ငန်းခွင်ဧရိယာအတွင်း ရေယာဉ်များအားလုံးညဘက်(နေဝင်ချိန်မှ နေထွက်ချိန်အတွင်း)ဝင်ထွက် ခုတ်မောင်းသွားလာခြင်းမပြုရန်။

(ခ) နေ့ဘက်ဝင်ထွက်သောရေယာဉ်များသည် ဆက်သွယ်ရေးစက် VHF Channel-16 တွင် သောင်တူးရေယာဉ်အင်တီဂွန်နှင့် ကြိုတင်ဆက်သွယ်ပြီးမှ ဖြတ်သန်းသွားလာရန်။

(ဂ) တွဲဆွဲသွားလာနေသော တွဲရေယာဉ်များသည် ရေဆန်ဖြင့်နေ့ဘက်၌သာ ဝင်ထွက်သွားလာရန်နှင့် စက်အားကောင်းသည့် တွန်းရေယာဉ်များကိုသာ အသုံးပြုသွားလာရန်။

(ဃ) အခြေအနေအရ သောင်တူးရေယာဉ်လမ်းကြောင်းကို ဖြတ်သန်းပြီးဝင်ထွက်ရမည်ဆိုလျှင် ရေယာဉ်ဦးတည်လမ်းကြောင်း၏ရှေ့မှ ဖြတ်မဝင်ဘဲ နောက်ဘက်(ပဲ့ပိုင်း)မှသာ ဖြတ်သန်းရန်။

(င) သဲသမ္ဘန်များသည် ရေတက်ဦးဖြင့်စုပြုံဝင်ရောက်ခြင်းမပြုဘဲ ရေကျမကုန်မီ ရေဆန်ဖြင့် ကြီးကြပ်ရေးရေယာဉ်ဖြင့် ကြိုတင်ဆက်သွယ်ညှိနှိုင်းပြီး သောင်တူးရေယာဉ်နှင့် လွတ်ကင်းချိန်ကို ချိန်ဆ၍ဝင်ထွက်ရန်။

(စ) သောင်တူးရေယာဉ်သည် သောင်တူးကိရိယာများချထား၍ သောင်တူးနေစဉ် သတ်မှတ်လမ်းကြောင်းမှ ဖယ်ရှားတိမ်းရှောင်ပေးခြင်းမပြုနိုင်သဖြင့် ဖြတ်သန်းသွားလာသော ရေယာဉ်များသည် လုံလောက်သောအချိန်အတွင်း လုံလောက်သောအကွာအဝေးမှ ရှောင်တိမ်းသွားလာကြရန် လွတ်ကင်းနိုင်မှုမရှိဟု တွက်ဆရပါကအသွားနှုန်းလျှော့ခြင်း ရေဆန်ဘက်ဦးလှည့်၍ ရပ်တန့်ထားပြီး သောင်တူးရေယာဉ်နှင့် လွတ်ကင်းမှသာဖြတ်သန်းသွားလာရန်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

## အေးငြိမ်းသုခရိပ်သာ ဝိပဿနာ(၇)ရက်တရားစခန်းပွဲ ဖိတ်ကြားခြင်း

လယ်တီမူအနာဂါမ်ဆရာသက်ကြီးနည်း၊ အေးငြိမ်းသုခရိပ်သာ၌ ဆရာမဒေါ်အေးမင်းချို ဦးဆောင်၍ (ဆဌမ)အကြိမ်၊ ဆင်ယင်ကျင်းပအပ်သော ဝိပဿနာ(၇)ရက်တရားစခန်းပွဲကို ၁၂-၄-၂၀၁၅ရက် ညနေမှ ၂၀-၄-၂၀၁၅ရက် နံနက်အထိ ကျင်းပပြုလုပ်ပါမည်။ တရားစခန်းဝင်လိုသော ယောဂီများ ၁၂-၄-၂၀၁၅ ရက် ညနေ ၃ နာရီအရောက် အေးငြိမ်းသုခရိပ်သာ၊ အမှတ်(၁၁၃)၊ အမှတ်(၃)လမ်းမကြီး၊ ကျွန်းရွှေဝါလမ်း၊ ရွှေနံ့သာဘားလား၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့သို့ အရောက်လာရောက်ကြရမည်ဖြစ်ပါသည်။

(ဆွမ်းစားစရိတ်ပေးရန်မလိုပါ၊ ရိပ်သာမှကျွေးမွေးပါမည်။)

လမ်းညွှန်-ဆူးလေမှ (၁၀၂၊၁၃၀၊၂၃၆)ပုလဲ-၄၃၊ တပ်ရင်း-၉ကားများစီးလာ၍ ပုလဲမြို့သစ်၊ ပတ္တမြား-နီလာမှတ်တိုင် ဆင်းပါ။

ဆက်သွယ်ရန် ဖုန်း-၀၉-၄၃၁၃၄၁၅၈၊ ၀၉-၃၁၇၁၁၇၂၃၊ ၀၉-၅၀၅၅၆၅၅၊ ၀၉-၄၅၀၀၀၀၁၅၉

## အမည်ပြောင်း

ဦးလှရွှေ၏သား ရန်ကုန်မြို့၊ အထက(၁)ဒဂုံ၊ စတုတ္ထတန်း(F)မှ မောင်ဘုန်းပြည့်စုံအား မောင်မြတ်လင်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်မြတ်လင်း




23
မဆလာ
(ဟင်းခတ်အမွှေးအကြိုင်)
ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာအတွက် ဖြည့်စွက်နိုင်ပါသည်။
အမှတ်(၁၃၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁- ၅၄၆၃၂၂၊ ၀၉၇၃၀၀၅၆၃၈၊ ၀၉၈၆၃၆၇၆၅၊ ၀၉၂၅၀၄၉၉၇၂၆



## ဘားအံ၌ မဲဘောင်-နောင်ပလိန် ကတ္တရာလမ်းသစ်ဖွင့်

**ဘားအံ မတ် ၂၈**

ကရင်ပြည်နယ် ဘားအံမြို့နယ် လှာကမြင်ကွက်သစ်တွင် (၇၀)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် မဲဘောင်-နောင်ပလိန် ကတ္တရာလမ်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၆ ရက် ညနေ ၅ နာရီတွင် ကျင်းပခဲ့သည်။

ထို့နောက် ကတ္တရာလမ်းသစ်မုခ်ဦးအား ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစောခရစ္စတိုဖာ၊ ဘားအံခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဝင်းနှင့် ဘားအံမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစောဘူဒီမန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

အဆိုပါ ဖွင့်လှစ်လိုက်သော မဲဘောင်-နောင်ပလိန်ကတ္တရာလမ်းမှာ ယခင်မြေနီလမ်းဖြစ်ပြီး မိုးရာသီတွင် သွားလာရခက်ခဲသောကြောင့်ဒေသခံပြည်သူများ၏တင်ပြချက်အရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၁၇၈ ဒသမ ၁၆ သန်းဖြင့် လမ်းအရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေဖြင့် ကတ္တရာလမ်းဖြစ်ပြီး မြို့နယ်ချင်းဆက်လမ်းမကြီးများ၊ ကျေးရွာများသို့ဆက်သွယ်သွားလာနိုင်ကြောင်းသိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

# အင်းစိန်မြို့နယ်၌ စေတနာအခမဲ့ ဆေးကုခန်းဖွင့်လှစ်

**ရန်ကုန် မတ် ၂၈**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် (၈)လမ်း (မြောက်)တွင် မတ် ၂၁ ရက် နံနက် ၇ နာရီက ယိုင်သူကိုတွဲ၊ လဲသူကိုထူပေးမည့် စေတနာအခမဲ့ ဆေးခန်းဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့ကြောင်းသိရသည်။

ယင်းဖွင့်ပွဲအခမ်းအနားကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနု၊ မြို့မိ၊မြို့ဖ ဆေးခန်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းကြည်၊ ကြို့ကုန်းအရှေ့ရပ်ကွက် သံဃမဟာနာယက ဆရာတော်ကြီးများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အလှူရှင်များ၊ စေတနာဖြင့် ကူညီကြမည့် ဆရာဝန်ကြီးများ၊ ပရဟိတလူငယ်အဖွဲ့နှင့် ရပ်ကွက်သူ၊ ရပ်ကွက်သားများ တက်ရောက်ကြသည်။

၎င်းစေတနာအခမဲ့ ဆေးခန်းသည် ကြို့ကုန်းအရှေ့ရပ်ကွက်ရှိ ဆရာတော်၊ သံဃာတော်များ၏ ဩဝါဒကိုခံယူ၍ ရပ်ကွက် အုပ်ချုပ်ရေးမှူးအဖွဲ့နှင့် ရပ်မိရပ်ဖများ၊ ပံ့ပိုးကူညီလှူဒါန်းခဲ့ကြသည့် အလှူရှင်များအားလုံး စုပေါင်း ဆောင်ရွက်ခဲ့ကြသည်။

ကြို့ကုန်းအရှေ့တွင် ဘုန်းတော်ကြီးကျောင်းနှင့် စာသင်တိုက် ၂၀၊ သီလရှင်စာသင်တိုက်လေးတိုက်၊ စာသင်တိုက်သံဃာတော်နှင့် သီလရှင်စာသင်တိုက် စာသင်သား ဆရာလေး ၂၀၀ နီးပါးရှိပြီး ၎င်းတို့ အခမဲ့ဆေးဝါး ကုသနိုင်တော့မည်ဖြစ်ပြီး စေတနာအခမဲ့ဆေးခန်း ကြို့ကုန်းအရှေ့ (၈) လမ်းမြောက်ဘက်ရှိကာ တစ်ထပ်၊ အဆောက်အအုံ၊ အုတ်ကာ၊ အုတ်ခင်း၊ သွပ်မိုး၊ သုံးပင် နှစ်ခန်း၊ ကျပ်သိန်း ၅၀ ကျော်တန်ဖိုးရှိ ရပ်ကွက်သံဃနာယကဥက္ကဋ္ဌ ဆရာတော်နှင့် စေတနာရှင်များ စုပေါင်းဆောက်လုပ်ထားသည်။

၎င်းဆေးခန်းကိုရဟန်းရှင်၊ လူ၊ ပုဂ္ဂိုလ်မရွေး အခမဲ့ဆေးဝါးကုသနိုင်ရန် ဆရာဝန်ကြီး လေးဦးတို့က ကုသပေးမည်ဖြစ်ကြောင်းနှင့် 'နာမကျန်းဖြစ်ပါက လာစမ်းပါ ၎င်းနေရာ' ဆိုသည့် ဆောင်ပုဒ်နှင့်အညီ မည်သူမဆို ကျန်းမာရေးမကောင်းပါက အခမဲ့ လာရောက် ဆေးကုသနိုင်ကြောင်း ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌကပြောကြားခဲ့သည်။ **(ဗဇ၄)**

# ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲ အခမ်းအနား ညောင်လေးပင်မြို့နယ်တွင် ကျင်းပ

**ညောင်လေးပင် မတ် ၂၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် အလယ်ရွာကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲ အခမ်းအနားကို မတ် ၂၅ရက် နံနက်က အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အခမ်းအနားတွင် ဖဲကြိုးအား မဒေါက်မြို့ ပန်းငွေရုံတောရကျောင်းတိုက်မှ (အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဘဒ္ဒန္တသုမနာဘိဝံသ ပြွန်တန်ဆာမြို့ ဇမ္ဗူအေး အင်းဝိုင်းဆရာတော်(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဘဒ္ဒန္တဝိဇယ၊ အလယ်ရွာကျောင်းတိုက် ဆရာတော် (သာသနဓဇ ဓမ္မာစရိယ) ဦးခေမာစာရ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးရဲအောင်၊ မြို့နယ်လျှပ်စစ် ဦးစီးမှူး ဦးကျော်ဇေယျ၊ ပြွန်တန်ဆာမြို့ လျှပ်စစ်မှူး ဦးခင်မောင်ထွန်း၊ အလှူရှင်များဖြစ်ကြသော ရန်ကုန်မြို့နေ ဦးမျိုးထွန်းဦးနှင့် အလယ်ရွာ အုပ်ချုပ်ရေးမှူး ဦးဇော်နိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။

အဆိုပါ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးနှင့် ပတ်သက်၍ အဓိက အလှူရှင်များဖြစ်ကြသော ရန်ကုန်မြို့နေ ဦးမျိုးထွန်းဦးနှင့် ညီမဒေါ်လဲ့လဲ့မော်မိသားစုက ငွေကျပ်သိန်း ၁၃၀၊ ဦးလှမြင့်မောင်နှမတစ်စုတို့က ငွေကျပ်သိန်း၅၀၊ ဦးသိန်းလွင်-ဒေါ်သီသီညွန့် မိသားစုတို့က ငွေကျပ် သိန်း ၃၅ သိန်း၊ ဦးမြတ်မင်း မိသားစု ကငွေကျပ် ၁၄ သိန်း၊ ဒေါ်ရွှေသက် မိသားစုကငွေကျပ်ငါးသိန်း၊ ဒေသခံပြည်သူများ စုပေါင်းထည့်လှူငွေ စုစုပေါင်း ငွေကျပ်သိန်း ၃၁၀ ကျော် ကုန်ကျခဲ့ကြောင်း သိရသည်။

လက်ရှိအသုံးပြုမည့် ထရန်စဖော်မာသည် KV 100 အားရှိကာ အိမ်ထောင်စု ၃၀၀ အထိ မီးသုံးစွဲခွင့်ရမည်ဖြစ်သည်။ ထိုသို့ လျှပ်စစ်မီးရရှိခြင်းကြောင့် စီးပွားရေး၊ ပညာရေးတို့အတွက် အထောက်အကူရရှိကာ ကျေးရွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ **နေလင်း(ညောင်လေးပင်)**



## ခမောက်ကြီးမြို့နှင်းဆီလမ်း ကျောက်ချောလမ်းခင်း

**ခမောက်ကြီး မတ် ၂၈**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့ရှိ မြို့တွင်းလမ်းတစ်ခုဖြစ်သည့် နှင်းဆီလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို မတ် ၂၄ ရက် နံနက်ပိုင်းက စတင်ဆောင်ရွက်ခဲ့သည်။

အဆိုပါ လမ်းအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်မှ အကုန်အကျခံကာ အရှည် ၁၀၀၀ပေ ၊ ထု ၈ လက်မ အကျယ် ၁၂ ပေ ကျောက်ချောလမ်း အဖြစ် ယွန်းနဒီကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခြင်းဖြစ်သည်။

နှင်းဆီလမ်း ကျောက်ချောခင်းလမ်းပြီးစီးပါက မြို့ခံပြည်သူလူထု သွားလာမှုအဆင်ပြေလွယ်ကူလာပြီး လူနေမှု အဆင့်အတန်း မြင့်မားလာမည်ဖြစ်ကာ ယင်းဒေသ၏ စီးပွားရေး၊ ကျန်းမာရေးတို့ တိုးတက်လာမည်ဖြစ်သည်။ **ခမောက်ကြီး(ပြန်/ဆက်)**


### ရန်ကုန်စီးပွားရေးတက္ကသိုလ် မဟာဘွဲ့သင်တန်းများ ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း ကြေညာချက်

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ (၂၀၁၅-၂၀၁၆)ခု ပညာသင်နှစ်အတွက် ဖွင့်လှစ်မည့် အောက်ပါ မဟာဘွဲ့သင်တန်းများသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။
- (က) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု မဟာဘွဲ့ (MBA)
- (ခ) ပြည်သူ့ရေးရာစီမံခန့်ခွဲမှု မဟာဘွဲ့ (MPA)
- (ဂ) ဖွံ့ဖြိုးမှုပညာမဟာဘွဲ့(MDevS)

၂။ အဆိုပါ မဟာဘွဲ့သင်တန်းများအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-
- (က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
- (ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခု တက်ရောက်နေသူ မဖြစ်စေရ။
- (ဂ) သက်ဆိုင်ရာသင်ရိုးနှင့်အညီ သတ်မှတ်ထားသော အချိန်အတိုင်း ပြည့်မီစွာ တက်ရောက်နိုင်သူ ဖြစ်ရမည်။
- (ဃ) လုပ်ငန်းအတွေ့အကြုံ(၂)နှစ်ရှိသူ ဖြစ်ရမည်။

၃။ သင်တန်းနှင့် သက်ဆိုင်သောစာရွက်စာတမ်းများနှင့် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို ဖော်ပြပါဌာနများ၌ ၆-၄-၂၀၁၅ရက်မှ ၈-၅-၂၀၁၅ရက်အထိ ရယူပြီး ၈-၅-၂၀၁၅ရက် (သောကြာနေ့) နောက်ဆုံးထား၍ ပြန်လည်တင်သွင်း လျှောက်ထားနိုင်ပါသည်။
- (က) MBAသင်တန်းအတွက် စီမံခန့်ခွဲမှုပညာဌာန (ပတ္တမြားဆောင်)၊ ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ)။
- (ခ) MPA သင်တန်းအတွက် အသုံးချဘောဂဗေဒဌာန (အခန်း-၁၁၂)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ)၊ အင်းလျားလမ်း။
- (ဂ) MDevS သင်တန်းအတွက် ဘောဂဗေဒဌာန (အခန်း-၁၀၆)၊ ရန်ကုန်စီးပွားရေး တက္ကသိုလ် (ကမာရွတ်နယ်မြေ)၊ အင်းလျားလမ်း။

၄။ သင်တန်းဝင်ခွင့်ရေးဖြေ စာမေးပွဲများကို ၂၀၁၅ခုနှစ်၊ မေလအတွင်း အောက်ပါနေရာများ၌ ကျင်းပပါမည်။
- (က) MBAသင်တန်းစာမေးပွဲ ၁၇-၅-၂၀၁၅ ရက်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ)။
- (ခ) MPAသင်တန်းစာမေးပွဲ ၂၃-၅-၂၀၁၅ ရက်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ)။
- (ဂ) MDevS သင်တန်းစာမေးပွဲ ၂၄-၅-၂၀၁၅ ရက်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ)။

၅။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေးရွေးချယ်၍ သင်တန်းသားဦးရေ ကန့်သတ်လက်ခံပါမည်။

၆။ သင်တန်းများနှင့်ပတ်သက်၍ ဖုန်းအမှတ်(MBA-၆၆၁၇၃၆၊ ၆၆၄၆၈၄)၊ (MPA-၅၁၂၆၃၃)၊ (MDevS-၅၁၀၂၁၃)၊ (ရုံး-၅၈၅၀၇၂၊ ၅၈၅၀၇၃၊ ၅၃၆၄၃၆)တို့တွင် အသေးစိတ်မေးမြန်းစုံစမ်းနိုင်ပါသည်။

မော်ကွန်းထိန်းအဆင့်-၁
ရန်ကုန်စီးပွားရေးတက္ကသိုလ်



### အဘိဓဇမဟာရဋ္ဌဂုရုပူဇော်ပွဲ ဖိတ်ကြားလွှာ

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာန မဟာနာယကချုပ်ဆရာတော် ဘဒ္ဒန္တကေန္ဒောဘာသာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ) အား (အဘိဓဇ မဟာရဋ္ဌဂုရု)ဘွဲ့တံဆိပ်တော်ကို နိုင်ငံတော်အစိုးရမှ ၁/၂၀၁၅ဖြင့် ဇန်နဝါရီလ ၄ ရက်၊ လွတ်လပ် ရေးနေ့တွင် ကြော်ငြာ၍ ဘွဲ့တံဆိပ်တော်ကို (၁၃၇၆ခုနှစ်၊ တပေါင်းလပြည့်နေ့)၄-၃-၂၀၁၅ရက် တွင် နေပြည်တော်ဝယ် ခမ်းနားသိုက်မြိုက်စွာ ပူဇော်ဆက်ကပ်ခဲ့ပါသည်။ ယခုအခါ တပည့် သံဃာ ဒါယကာ/ဒါယိကာမများကလည်း ဆရာတော်၏ သီလသမာဓိပညာ ဂုဏ်သိက္ခာ အဖြာဖြာတို့ကို ကြည်ညိုသမှု မျှော်ထောက်ရှု၍ မြတ်နိုးသဒ္ဓါရိုသေစွာဖြင့် စစ်ကိုင်းမြို့နယ်၊ ဆားတောင်-ဂန္ဓာမြိုင်စံပြပရဟိတကျောင်းတိုက်အတွင်းဝယ် စည်ကားသိုက်မြိုက်စွာဖြင့် ထပ်ဆင့် ကာ လှူဒါန်းကော်ရော် ပူဇော်ကြမည်ဖြစ်ပါသောကြောင့် ကျွန်ုပ်တို့နှင့်အတူတကွ ပါဝင်ကုသိုလ် ပြု ပူဇော်နိုင်ရန်နှင့် အောက်ပါအတိုင်း ပူဇော်ကြမည်ဖြစ်ပါကြောင်း ရိုသေလေးမြတ်စွာ ဖိတ်ကြား အပ်ပါသည်။

အကြိုဓမ္မသဘင်

၁။ (၁၃၇၆ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်) ၁-၄-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)ည ၇နာရီတွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကြီးများ၏ အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ။

၂။ (၁၃၇၆ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်) ၂-၄-၂၀၁၅ရက်(ကြာသပတေးနေ့) ည ၇ နာရီတွင် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓတက္ကသိုလ်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ(သ. စ. အ)ဓမ္မာစရိယ။

၃။ (၁၃၇၆ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်) ညနေ ၄ နာရီတွင် ဆရာတော်ကြီးအား တပည့် သံဃာ၊ ဒါယကာ၊ ဒါယိကာမများက စစ်ကိုင်းမြို့နယ်၊ ဆားတောင်တိုက်နယ်၊ ကျားမင်းကြီး ကျေးရွာအဝင်မှ ကြိုဆိုကြပါမည်။

၄။ (၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်နေ့) ၃-၄-၂၀၁၅ ရက်၊ မွန်းတည့် ၁၂ နာရီတွင်

"အဘိဓဇမဟာရဋ္ဌဂုရုပူဇော်ပွဲ" အခမ်းအနားအစီအစဉ်ကို ဂန္ဓာမြိုင်ကျောင်းတိုက်၊ "သာသနာ့ရက္ခိတဓမ္မဗိမာန်တော်"တွင် စတင်မည်ဖြစ်ပြီး၊ ပင့်သံဃာ(၂၇၀)ကျော်တို့အား လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါသည်။ တေးထပ်၊ ရတုရေးသားပူဇော်လိုသော တပည့်များအနေဖြင့် တန်ခူးလဆန်း ၈ ရက် နောက်ဆုံးထား၍ ဆားတောင်၊ ဂန္ဓာမြိုင်သို့ ပို့ပေးပါရန် လျှောက်ထားပါသည်ဘုရား။



### နှစ်ထပ်လုံးချင်းအိမ်(၂)လုံးရောင်းရန်ရှိသည် (ပွဲစားမလို)

ပင်လုံအိမ်ရာဝင်း၊ ပင်လုံ(၂)လမ်း၊ ခရေ(၇)လမ်း၊ ခြံအမှတ်(၁၂၇၊ ၁၂၈)၊
မြောက်ဒဂုံမြို့နယ်
Sqft 3832၊ ရေ၊ မီး၊ ဆေး၊ ကြမ်းခင်း၊ ရေချိုးခန်းနှင့်
မီးဖိုချောင်သုံးပစ္စည်းများ အစုံပါဝင်ပြီး အသင့်နေထိုင်နိုင်သည်။
ဖုန်း-၀၉-၅၀၄၁၇၅၅၊ ၀၉-၇၃၁၇၆၃၃၉








### သတ္တုတွင်းဝန်ကြီးဌာနသို့ လုပ်ငန်းစာချုပ်အရ ရွှေပေးသွင်းရန်ကျန်ရှိသည့်ကုမ္ပဏီ(၅)ခုအား တရားစွဲဆိုအရေးယူမည် ဖြစ်ကြောင်း သတိပေးအကြောင်းကြားခြင်း

သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစား သည့်စနစ်ဖြင့် ရွှေသတ္တုအသေးစားထုတ်လုပ်မှုလုပ်ငန်းအား စာချုပ်ချုပ်ဆိုလုပ်ကိုင်ခဲ့ကြသည့် ကုမ္ပဏီများအနက် အောက်ပါကုမ္ပဏီ(၅)ခု-
- (၁) အံ့ဖွယ်ကမ္ဘာကုမ္ပဏီ
- (၂) မိုးသောက်ကြယ်သစ်ကုမ္ပဏီ
- (၃) ခုနစ်ခုသောရာစုနှစ်ကုမ္ပဏီ
- (၄) အောင်စစ်သွေးကုမ္ပဏီ
- (၅) မြန်မာထာဝရတည်တံ့သောကုမ္ပဏီတို့သည်

လုပ်ငန်းသဘောတူစာချုပ်အရ နိုင်ငံတော်သို့ပေးသွင်းရမည့် ရွှေစင်များအားပေးသွင်းရန် ပျက်ကွက်ခဲ့ပါသည်။ ဌာနမှစုံစမ်းစစ်ဆေးရေးအဖွဲ့များဖြင့် နိုင်ငံတော်သို့ပေးသွင်းရန်ကျန်ရှိသည့် ရွှေစင်များနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးခဲ့ပြီး ကုမ္ပဏီများ၏ ဒါရိုက်တာအဖွဲ့များသို့ ပေးသွင်းရန်ကျန်ရှိသည့် ရွှေစင်များအား ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်အတွင်း အပြီးပေးသွင်းရန် အကြောင်းကြားခဲ့ပြီး ဖြစ်ပါသည်။

အထက်ပါ ကုမ္ပဏီ(၅)ခုသည် လုပ်ငန်းစာချုပ်အရ နိုင်ငံတော်သို့ပေးသွင်းရန်ကျန်ရှိသည့် ရွှေစင်များအား ဌာနသို့ လာရောက်ပေးသွင်းခြင်းမရှိသဖြင့် ကုမ္ပဏီ(၅)ခု၏ အုပ်ချုပ်မှုဒါရိုက်တာ နှင့်ဒါရိုက်တာအဖွဲ့ဝင်များအား မကြာမီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားပါသည်။

အလားတူ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့် ရွှေသတ္တုအသေးစားထုတ်လုပ်မှုလုပ်ငန်း စာချုပ်ချုပ်ဆိုလုပ်ကိုင်ခဲ့ပြီး လုပ်ငန်းစာချုပ်အရ နိုင်ငံတော်သို့ ရွှေပေးသွင်းရန် ကျန်ရှိသည့် ကုမ္ပဏီ များမှ ပေးသွင်းရမည့် ရွှေစင်များအား ပေးသွင်းခြင်းမရှိပါက အထက်ပါအတိုင်း တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

# မြန်မာ့စီးပွားရေးလုပ်ငန်းကဏ္ဍ ပွင့်လင်းမြင်သာမှုအစီရင်ခံစာတွင် ကုမ္ပဏီကြီး ၁၀၀ ကိုသုတေသနပြုလုပ်ကာ ၂၀၁၅ ခုနှစ်သုတေသနအစီရင်ခံစာထုတ်ပြန်မည်

**ရန်ကုန် မတ် ၂၈**

၂၀၁၅ ခုနှစ်အတွက် ပွင့်သစ်စစီမံချက် (သို့မဟုတ်) မြန်မာ့စီးပွားရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုရှိရေး စီမံချက် (TiME) ၏သုတေသနအဆင့်တွင် (MCRB)က ကုမ္ပဏီများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအား မြန်မာ့စီးပွားရေးလုပ်ငန်းများ၌ ပါဝင်ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ထားပြီး ၂၀၁၅ ဇွန်တွင် နောက်ဆုံးထားထုတ်ပြန်မည့် ပွင့်သစ်စအစီရင်ခံစာ (MCRB) တွင် ကုမ္ပဏီကြီး ၁၀၀ ကို သုတေသနပြုလုပ်ကာ သုတေသနအစီရင်ခံစာ ထုတ်ပြန်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေး၊ အဖွဲ့အစည်းဆိုင်ရာ ပွင့်လင်းမြင်သာမှု၊ လူ့အခွင့်အရေးလေးစားလိုက်နာမှု၊ ကျန်းမာရေး၊ လုံခြုံစိတ်ချရမှုနှင့် ပတ်ဝန်းကျင်အပေါ်သက်ရောက်မှု စသည့် နယ်ပယ်များတွင် ပိုမိုပြီး ပွင့်လင်းမြင်သာစေရန် ရည်ရွယ်၍ ယင်းကုမ္ပဏီများ၏ အင်တာနက်ဝက်ဘ်ဆိုက်ပေါ်တွင် ဖော်ပြသော သတင်းအချက်အလက်များကို အခြေခံပြီး အစီရင်ခံစာ ထုတ်ပြန်ခြင်းဖြစ်သည်။

၂၀၁၄ ခုနှစ် အစီရင်ခံစာမှ တွေ့ရှိချက်အရ သုတေသနပြုလုပ်ခဲ့သော ကုမ္ပဏီ ၆၀ အနက် ၂၅ ခုတွင် ဝက်ဘ်ဆိုက်မရှိဘဲ ယင်းကုမ္ပဏီများအနက်မှ ၁၀ ခုသာ တိကျလျော်ညီသော သတင်းအချက်အလက်များ ထုတ်ပြန်ထားသည်။

(MCRB) မှ ကုမ္ပဏီတစ်ခုချင်းစီအား ၎င်းတို့၏ တရားဝင် ဝက်ဘ်ဆိုက် (သို့မဟုတ်) လူမှုကွန်ရက် (Social Media) စာမျက်နှာများတွင် ထုတ်ပြန်ထားသည့် သတင်းအချက်အလက်များပေါ် မူတည်အကဲဖြတ်အမှတ်ပေးသွားမည်ဖြစ်သည်။

၂၀၁၅ ခုနှစ် မေလတွင် ကုမ္ပဏီဝက်ဘ်ဆိုက်များမှ စုဆောင်းရရှိသော သတင်းအချက်အလက်များကို (MCRB) က ကုမ္ပဏီတစ်ခုချင်းစီကို ပြန်လည်အကြောင်းကြားမည်ဖြစ်ပြီး ကုမ္ပဏီများအနေဖြင့် ထိုအချက်အလက်များအပေါ် မှတ်ချက်ပေးပို့နိုင်မည်ဖြစ်သည်။

(MCRB) က ကုမ္ပဏီများအား ပိုမိုပြည့်စုံသောအချက်အလက်များ ထုတ်ပြန်ရန်နှင့် ၎င်းတို့၌မရှိသေးသော မူဝါဒများချမှတ် အကောင်အထည်ဖော်ရန် အားပေးတိုက်တွန်းသွားမည်ဖြစ်သည်။ ၂၀၁၅ ခုနှစ် ဇွန်တွင် ကုမ္ပဏီဝက်ဘ်ဆိုက်များကို နောက်ဆုံးအကြိမ် အကဲဖြတ်ပြီးသည့်အခါ ရလဒ်များကို ဇူလိုင်တွင် ထုတ်ပြန်မည်ဖြစ်သည်။

ယခုနှစ်တွင် ပထမဆုံးအကြိမ်အဖြစ် အများပြည်သူနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများထံမှ ကုမ္ပဏီများ၏ လုပ်ဆောင်ချက်များနှင့်ပတ်သက်ပြီး မကျေနပ်ချက်များအား (MCRB) မှ စနစ်တကျတောင်းခံသွားမည်ဖြစ်သည်။ မကျေနပ်ချက်များ (သို့မဟုတ်) တိုင်ကြားမှုများရှိပါက transparency@myanmar-responsiblebusiness.org သို့ ဧပြီ ၃၀ ရက် နောက်ဆုံးထားပြီး ပေးပို့ရမည်ဖြစ်သည်။

အစီရင်ခံစာနှင့်ပတ်သက်ပြီး (MCRB) ၏ ဒါရိုက်တာ ဗစ်ကီဘိုမန်က "မနှစ်က အစီရင်ခံစာကို အစိုးရလုပ်ငန်းတွေသာမကဘဲ စီးပွားရေးလုပ်ငန်းတွေ၊ လူမှုအဖွဲ့အစည်းတွေက အသုံးကျတယ်လို့ မြင်ကြတယ်။ ဥပမာ နိုင်ငံခြားကုမ္ပဏီတွေက ပြည်တွင်းစီးပွားဖက်တွေ၊ ပူးပေါင်းရင်းနှီးမြှုပ်နှံမယ့်ကုမ္ပဏီတွေ ဘယ်လိုအကဲဖြတ်ရလဒ်တွေ ရတယ်ဆိုတာ စိတ်ဝင်စားလာကြတယ်၊ သိချင်ကြတယ်။ ပြီးတော့ ဒီအစီရင်ခံစာက မြန်မာကုမ္ပဏီတွေကို စီးပွားရေးလုပ်ငန်းတွေမှာ ပိုပြီးတာဝန်ယူမှုရှိအောင် နိုင်ငံတကာအဆင့်နဲ့ညီတဲ့ စည်းတစ်ခု၊ ဘောင်တစ်ခု သတ်မှတ်ပေးသလိုဖြစ်တယ်။ မနှစ်က အစီရင်ခံစာ ထုတ်အပြီးမှာ ကုမ္ပဏီတော်တော်များများက သူတို့ထုတ်ပြန်တဲ့သတင်းအချက်အလက်တွေကို ပိုပြီးတော့ စိစစ်လာကြတာ၊ ပိုပြီးပြည့်စုံအောင် ထုတ်ပြန်လာတာကို တွေ့ရတယ်"ဟု ပြောသည်။

(MCRB) သည် စီးပွားရေးလုပ်ငန်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ အစိုးရများနှင့် ပူပေါင်းဆောင်ရွက်နေသော ဘက်လိုက်မှုကင်းသည့် အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း သိရသည်။

**ဖိုးသန့်**

## တပ်မတော်သားစစ်သည်များသွေးလှူဒါန်း

**ရန်ကုန် မတ် ၂၈**

မတ် ၂၁ ရက် နံနက် ၈ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အထွေထွေရောဂါကုဆေးရုံ အမျိုးသားသွေးလှူဘဏ်ဌာနတွင် နှစ် (၇၀) ပြည့်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီးဆွေဝင်း ဦးဆောင်၍ ရန်ကုန်တပ်နယ်မှ တပ်မတော်သား အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များနှင့် ၎င်းတို့ဇနီးများက စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။ သွေးလှူဒါန်းခဲ့ကြသော တပ်မတော်သားများနှင့် မိသားစုများအား အင်းစိန်ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ ဆရာမများက သွေးစစ်ပေးခြင်း၊ ကိုယ်အလေးချိန်များ ချိန်ပေးခြင်းနှင့် အာဟာရဒါနများပေးခဲ့သည်။

**မြင့်ဦး(အင်းစိန်)**

## မလှိုင်မြို့ မေတ္တာပေါင်းကူး သစ်သားတံတား တည်ဆောက်မှု ၈၀ ရာနှုန်း ပြီးစီး

**မလှိုင် မတ် ၂၈**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်သည် မတ် ၂၅ ရက် မွန်းလွဲပိုင်းက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းလှိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးလင်းထက်မြင့်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖျောက်ဆိပ်ကုန်းကျေးရွာရှိ မေတ္တာပေါင်းကူးသစ်သားတံတား တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

အဆိုပါ သစ်သားတံတားမှာ အရှည်ပေ ၄၀၀၊ အကျယ် ပေ ၁၄၊ အမြင့် ၉ ပေရှိပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နိုင်ငံတော် ခွင့်ပြုငွေကျပ်သိန်း ၁၀၈၀ ဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနမှ တင်ဒါအောင်မြင်သော ထွန်းတောက်ရောင်နီကုမ္ပဏီက တာဝန်ယူတည်ဆောက်နေခြင်းဖြစ်သည်။



ယခင် သစ်သားတံတားအဟောင်းမှာ အကျယ်ရှစ်ပေသာရှိ၍ ယာဉ်ငယ်များသာ ဖြတ်သန်းနိုင်ပြီး တံတားအသစ်၏ ခံနိုင်ဝန်မှာ ၁၃ တန် ထိ ခွင့်ပြုထားကြောင်းနှင့် ယခုအခါ တံတားမှာ ၈၀ ရာနှုန်းပြီးစီးနေပြီဖြစ်၍ တံတားကြီးပြီးသွားပါက ဒေသခံများ ကြွေ့ပတ်သွားလာခဲ့ရသော ဒုက္ခများမှ ကင်းဝေးတော့မည်ဖြစ်ပေသည်။

**အောင်ဌေး(မလှိုင်)**


## ရန်ကုန်စက်မှုတက္ကသိုလ်/ရန်ကုန်နည်းပညာတက္ကသိုလ် (၁၉၆၄-၂၀၁၄) နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနား ကျင်းပရေးကော်မတီမှ လှိုက်လှဲစွာဖြင့် ကျေးဇူးတင်ရှိခြင်း

ရန်ကုန်စက်မှုတက္ကသိုလ်၊ ရန်ကုန်နည်းပညာတက္ကသိုလ် (RIT/ YIT/ YTU) ကျောင်းတော်ကြီး၏ နှစ်(၅၀)ပြည့်ရွှေရတုအခမ်းအနားကြီးကို ၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလ(၂၇)ရက် (စနေနေ့)တွင် ခမ်းခမ်းနားနားနှင့် အောင်မြင်စွာကျင်းပပြီးစီးခဲ့ပါသည်။

ရွှေရတုအခမ်းအနားနှင့်ပတ်သက်၍ ကျင်းပခဲ့သော၊ ရွှေရတုအခမ်းအနားဖွင့်လှစ်ပွဲ၊ ရွှေရတုလမ်းနှင့် ရွှယ်တော်မြိုင်တန်းဖွင့်လှစ်ပွဲ၊ ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ရွှယ်တော်ရိပ်အငြိမ့်ဖျော်ဖြေပွဲတို့တွင် တက်ရောက်ချီးမြှင့်ပေးခဲ့ကြသော၊ ရန်ကုန်စက်မှုတက္ကသိုလ်၊ ရန်ကုန်နည်းပညာတက္ကသိုလ်တို့တွင် ပညာသင်ကြားပေးခဲ့ကြသော၊ ဆရာကြီး၊ ဆရာမကြီးများ ယခုလက်ရှိသင်ကြားပေးနေသော ဆရာ၊ ဆရာမများ၊ ပညာသင်ကြားခဲ့ကြဖူးသော ကျောင်းသူ၊ ကျောင်းသားဟောင်းများ၊ ယခုလက်ရှိသင်ကြားနေကြသော ကျောင်းသူ၊ ကျောင်းသားများ၊ ယင်းတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြဖူးသော ဝန်ထမ်းဟောင်းများ၊ လက်ရှိတာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများ၊ တက်ရောက်အားပေးချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အခမ်းအနားကြီးဖြစ်မြောက်ရေးအတွက် လူအား၊ ငွေအားဖြင့် ပံ့ပိုးကူညီပေးကြသော ပုဂ္ဂိုလ်များအားလုံးကို ရန်ကုန်စက်မှုတက္ကသိုလ်၊ ရန်ကုန်နည်းပညာတက္ကသိုလ်(၁၉၆၄-၂၀၁၄) နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနား ကျင်းပရေးကော်မတီမှ လှိုက်လှဲစွာဖြင့် အထူးကျေးဇူးတင်ရှိပါကြောင်း။



### ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုထိန်ဝင်း[၁၂/တတန(နိုင်) ၀၀၂၅၉၄]၏ SID ကတ်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၆၂၄၀၀၁၇






### လှိုင်မဟာစည် သင်္ကြန်တရားစခန်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ ယောဂီကျောင်းလမ်း၊ လှိုင်တက္ကသိုလ်အနီးရှိ လှိုင်မဟာစည် ဝိပဿနာကျောင်းတိုက်ကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော မဟာသတိပဋ္ဌာန် မိဂဒါဝုန်ဝိပဿနာသင်တန်း မဟာသင်္ကြန်တရားစခန်းကြီးကို (၃၆)ကြိမ်မြောက်အဖြစ် ယခုနှစ်တွင်လည်း ၁၁-၄-၂၀၁၅ရက်မှ ၂၇-၄-၂၀၁၅ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပါသည်။ ကျေးဇူးရှင် လှိုင်မဟာစည်ဆရာတော်ကြီးကိုယ်တိုင် အခြေခံမှစ၍ ဟောကြားသင်ပြပေးတော်မူမည်ဖြစ်ပြီး မည်သူမဆို လာရောက်၍ ဆွမ်း၊ရေမီး စရိတ်အခမဲ့ဖြင့် တရားစခန်းဝင်အားထုတ်နိုင်ကြပါသည်။ အသေးစိတ်သိလို သူများ တရားစခန်းဝင် ယောဂီများအတွက် ဆွမ်း၊ အဖျော်ရည်စသည့် လှူဒါန်းလိုသူများသည် လှိုင်မဟာစည်ရုံးခန်း-ဖုန်း-၀၁-၅၂၆၁၈၂၊ ၅၁၉၇၅၀၊ ၅၂၁၁၀၇တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြပါသည်။ ကြိုတင်ယောဂီစာရင်းကိုလည်း လက်ခံနေပါပြီ။

သင်တန်းဖြစ်မြောက်ရေးကော်မတီ



### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### စွမ်းအင်ဝန်ကြီးဌာန
### မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အဆိုပြုလွှာခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၂) ရေနံချက်စက်ရုံ(ချောက်)မှ အောက်ဖော်ပြပါ ရေနံထွက်ပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါ၍ အဆိုပြုလွှာတင်သွင်းလျှောက်ထားနိုင်ပါသည်-

| | | | |
|---|---|---|---|
| (က) | ရေနံချေး | ၆၁၄,၂၉၄ | ဂါလန် |
| (ခ) | ဖယောင်းစစ်ကျကျန်ရည် | ၁၀၀,၀၀၀ | ဂါလန် |
| (ဂ) | ဖယောင်း | ၂၀၀ | တန် |

၂။ တင်ဒါစည်းကမ်းချက်များကို ၁-၄-၂၀၁၅ ရက်မှ ၂၂-၄-၂၀၁၅ ရက်ထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါအဆိုပြုလွှာများကို ၂၃-၄-၂၀၁၅ ရက် ၁၂း၀၀နာရီထိ တင်သွင်းရန်နှင့် ယင်းနေ့ ၁၂း၃၀နာရီတွင် တင်ဒါစည်းကမ်းနှင့်ကိုက်ညီသော အဆိုပြုလွှာများအား ဖွင့်ဖောက်၍ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီမှ ရွေးချယ်သွားမည်ဖြစ်ပါသည်။

တင်ဒါခေါ်ယူရောင်းချရေးအဖွဲ့

မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်

ဖုန်း-၀၆၇-၄၁၁၀၅၉၊ ၀၆၇-၄၁၁၀၉၃၊ ၀၆၇-၄၁၁၁၂၇



### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### စွမ်းအင်ဝန်ကြီးဌာန
### မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
### နေပြည်တော်
### အဆိုပြုလွှာခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)နှင့် ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)တို့မှ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ပင်မစက်သုံးဆီသိုလှောင်ဖြန့်ဖြူးရေးဌာနကြီးများနှင့် ဌာနခွဲများသို့ စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်ဆီနှင့် ဂျက်လေယာဉ်ဆီ)များကိုလည်းကောင်း၊ ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)မှ အမှတ်(၂) ရေနံချက် စက်ရုံ(ချောက်)သို့ စီဂျီအိုကိုလည်းကောင်း သယ်ပို့မည့်လုပ်ငန်းကို ပြင်ပပုဂ္ဂလိက ရေယာဉ်/ဆီတွဲများဖြင့် ငှားရမ်းဆောင်ရွက်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ ရေယာဉ်/ ဆီတွဲလုပ်ငန်းရှင်များသည် မိမိတို့သယ်ပို့လိုသည့် စက်သုံးဆီအမျိုးအစားနှင့် သက်ဆိုင်ရာ တစ်ဂါလန် သယ်ပို့ခ နှုန်းထားများအား အဆိုပြုတင်သွင်းနိုင်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များကို ၁-၄-၂၀၁၅ရက်မှ ၂၃-၄-၂၀၁၅ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါအဆိုပြုလွှာများကို ၂၄-၄-၂၀၁၅ရက် ၁၂း၀၀နာရီတွင် ရေယာဉ်/ဆီတွဲပိုင်ရှင်ကိုယ်တိုင်တင်သွင်းရန်နှင့် ၂၄-၄-၂၀၁၅ ရက် ၁၂း၃၀နာရီတွင် တင်ဒါစည်းကမ်းနှင့်ကိုက်ညီသော အဆိုပြုလွှာများအား ဖွင့်ဖောက်၍ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီမှ ရွေးချယ်သွားမည်ဖြစ်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန

ရုံးအမှတ်(၄၄)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၀၅၉၊ ၀၆၇-၄၁၁၀၉၃၊ ၀၆၇-၄၁၁၁၂၇

ဖတ်စရာ

# စန္ဒာမုနိဘုရား အား အပေါ်စီးမှမြင်တွေ့ဖူးမြော်ရန် ဘိုးဘိုးကြီးနတ်နန်းစောင်းတန်းမှ တက်ရောက်သင့်

**à wdvref**



မန္တလေးမြို့သို့ ဘုရားဖူးလာကြသူများ မန္တလေးတောင်ပေါ်သို့ သွားရောက်၍ ဘုရားဖူးမြော် လေ့လာလေ့ရှိကြကာ ဘုရားဖူးများသည် မန္တလေးတောင်ပေါ်သို့ ဘုရားဖူးရာတွင် တောင်တက်ကားလမ်းမှ ကားများ၊ ဆိုင်ကယ်များဖြင့်သွားခြင်း ခြသေ့်ကြီးနှစ်ကောင်းစောင်းတန်းမှ ခြေလျင်တက်ခြင်း၊ မန္တလေးဘိုးဘိုးကြီးနတ်နန်းစောင်းတန်းမှ ခြေလျင်တက်ခြင်းစသည်ဖြင့် အမျိုးမျိုးတက်လေ့ရှိကြသည်။

ထိုသို့ တက်ရာတွင် မန္တလေးဘိုးဘိုးကြီးစောင်းတန်းမှ တက်သောသူများသည် မန္တလေးတောင်၏ သဘာဝပေါက်ပင်များနှင့် အလှအပများကို ခံစားနိုင်ကြပြီး အမြင့်ပေ ၇၇၆ ရှိသော မန္တလေးတောင်သည် မန္တလေးမြို့၏ဂုဏ်ဆောင် တောင်တစ်ခုဟု ဆိုနိုင်ပြီး မန္တလေးတစ်မြို့၏ ရှုခင်းကို အပေါ်စီးမှမြင်နိုင်သော သဘာဝမျှော်စင်ကြီးပင်ဖြစ်သည်။

မန္တလေးတောင်ပေါ်တွင် စိတ်ဝင်စားဖွယ်ရာ လေ့လာစရာများစွာရှိပေရာ မန္တလေးတောင်ထိပ်တွင် ဘုရားဖူးများအဆင်ပြေစွာသွားလာနိုင်ရန် ဓာတ်လှေကားများတပ်ဆင်ခြင်း၊ စက်လှေကားများတပ်ဆင်ခြင်းဖြင့် ခေတ်မီအောင် စွမ်းဆောင်ထားသည်။

တောင်ပေါ်တွင် မန္တလေးတောင်ရောက်အမှတ်တရ ပစ္စည်းဆိုင်များစွာဖြင့် စည်ကားလျက်ရှိရာ မန္တလေးတောင်ပေါ်သို့ ခြေလျင်တက်ရာတွင် အရှေ့ဘက်စောင်းတန်း(ဘိုးဘိုးကြီးနတ်နန်းရှိရာစောင်းတန်း)မှ တက်သွားလျှင် စွယ်တော်တိုက်ဂေါတမဘုရားကြီး ဆုတောင်းပြည့် သစ်ကနက်ဘုရားတို့ကို ဖူးမြော်ရင်း စန္ဒာမုနိဘုရား၊ ကုသိုလ်တော်ဘုရားတို့၏ အလှရှုခင်းကို ကြည့်ရှုနိုင်သည်။

ဆုတောင်းပြည့် သစ်ကနက်ဘုရားမှာ သစ်ကနက်သားဖြင့် ထုလုပ်ထားသည်ဟုသိရပြီး ယခင်က ဓာတ်တော်ဆောင်းတန်း မုခ်ဦးအနောက်ဘက် အနီးတွင် မင်းတုန်းမင်းကြီး ဆောက်လုပ် လှူဒါန်းခဲ့သော ၃၁ ဘုံဇရပ်ဆောင်ပေါ်တွင် ထားရှိပူဇော်ခဲ့သော ရုပ်ပွားတော်မြတ်ပင်ဖြစ်သည်။

နောက်ပိုင်း ဇရပ်ပျက်စီးသွားသည့်အတွက် မင်းတုန်းမင်းတရားကြီး၏ ကောင်းမှုသစ်ကနက်သား အစစ်ရုပ်ပွားတော်ကို ရသေ့ကြီးဦးခန္တီမှ ပြောင်းရွှေ့ကာ ယခုထားရှိရာနေရာတွင်သုံးခန်းပတ်လည် တန်ဆောင်းပြာသာဒ်ဖြင့် ပူဇော်ထားရှိခဲ့သည်။

မန္တလေးတောင်ပေါ်မှ သဘာဝပေါက်ပင်များ၊ ကုသိုလ်တော်ဘုရား စန္ဒာမုနိဘုရားတို့ကို အပေါ်စီးမှမြင်တွေ့ဖူးမြော်ကာလေ့လာလိုသူများအတွက် သွားရောက်သင့်သောနေရာတစ်ခုအဖြစ်တည်ရှိပြီး အခြားစိတ်ဝင်စားဖွယ်ရာ လေ့လာစရာများစွာကိုလေ့လာနိုင်ကြောင်း သိရသည်။

## ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း ညောင်ရွှေ၌ဖွင့်လှစ်

**ညောင်ရွှေ မတ် ၂၈**

ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို ညောင်ရွှေမြို့ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာတွင် မတ် ၂၆ ရက် နံနက်ပိုင်းက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အနာဂတ်ကို ပိုင်ဆိုင်သည့် မျိုးဆက်သစ်လူငယ်များ၏ နှလုံးအိမ်တွင် အနန္တော အနန္တငါးပါး၏ ဂုဏ်ကျေးဇူးနှင့် ဗုဒ္ဓ၏အဆုံးအမများ ကိန်းဝပ်တည်ရှိပြီး သားစဉ်မြေးဆက် အမျိုး၊ ဘာသာ သာသနာကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်၊ မိကောင်းဖခင်သားသမီး ဆရာကောင်းတပည့်ဖြစ်လာစေရန်နှင့် လိမ္မာသော၊ ယဉ်ကျေးသော သားကောင်းသမီးကောင်းများ နိုင်ငံသားကောင်းများဖြစ်လာစေရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ယင်းသင်တန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ သင်တန်းသို့ ကျောင်းသား၊ ကျောင်းသူ ၂၀၀ တက်ရောက်ပြီး ဧပြီ ၄ ရက်ထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **နေမျိုးသူရိန်**

## သရက်အကျဉ်းစခန်းနှင့်အချုပ်ခန်းများစစ်ဆေး

**မကွေး မတ် ၂၈**

မကွေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစိန်ထွန်းသည် မတ် ၂၅ရက် နံနက်၉နာရီ၌ သရက်ခရိုင်တရားသူကြီး ဒေါ်ညိုမိစံ ပါဝင်သည့်အဖွဲ့နှင့်အတူ သရက်အကျဉ်းစခန်းအတွင်းရှိ အကျဉ်းသား၊ အကျဉ်းသူများအား စားဝတ်နေရေး ကောင်းမွန်မှု ရှိ၊မရှိ၊ ကျန်းမာရေး ကောင်းမွန်မှု ရှိ၊ မရှိတို့အား လိုက်လံ စစ်ဆေးခဲ့သည်။

မကွေးမြို့ မကွေးမြို့မရဲစခန်းတွင် မကွေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်နုယဉ်နှင့် တာဝန်ရှိသူတို့က အချုပ်ခန်းများအတွင်းရှိ အချုပ်သား၊ အချုပ်သူများကိုလည်း အသီးသီးကွင်းဆင်း စစ်ဆေးမေးမြန်းမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ထိုအကျဉ်းစခန်းအတွင်းရှိ အကျဉ်းသူများ၏ကလေးငယ် ၁၂ ဦးအတွက် တစ်ဦးလျှင် ငွေကျပ်တစ်သောင်းစီ ထောက်ပံ့ပေးအပ်ခဲ့ပြီး သရက်မြို့ မရဲစခန်းရှိ အချုပ်ခန်းများမှ အချုပ်သားများကိုလည်းကောင်း၊ အောင်လံမြို့ မြို့မရဲစခန်းရှိ အချုပ်သား၊ အချုပ်သူများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် အခန်းအတွင်း နေထိုင်မှု သက်သောင့်သက်သာ ရှိ၊ မရှိ၊ အချုပ်ခန်းသန့်ရှင်းသပ်ရပ်မှု ရှိ၊မရှိ၊ တရားခံများ ကျန်းမာရေးကောင်းမွန် မှုရှိ၊မရှိ၊ ထမင်းစားရသည့်အကြိမ်ရေနှင့် အဟာရ ရှိ၊မရှိ၊ တရားခံညှဉ်းပန်းနှိပ်စက်ခံရမှု ရှိ၊မရှိတို့အား မေးမြန်းစစ်ဆေးခြင်း၊ အချုပ်ခန်းအတွင်း ခြောက်လကျော် အမှုရင်ဆိုင်နေရသည့် တရားခံများအား အမှုကြန့်ကြာနေရသည့် အကြောင်းအရင်းများအား မေးမြန်းခြင်းနှင့် အချုပ်သားများဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများရရှိမှု ရှိ၊ မရှိတို့အား မေးမြန်းခဲ့သည်။ **ကြေးမုံ**




**ကျေးဇူးဆပ်ပါမည်**

ကျွန်တော် ဦးနေလင်းအောင် [၁၂/ ပဇတ(နိုင်)၀၀၀၃၉၄]နှင့် ကျွန်မဒေါ်စိုးစိုး[၁၂/ပဇတ(နိုင်)၀၀၀၂၆၉] တို့၏မြန်မာ သီလဝါ SEZ တွင်ထည့်သွင်းထားသော အစုရှယ်ယာသက်သေခံလက်မှတ် ID 10778နှင့်8122တို့မှာ ခရီးသွားရင်းပျောက် ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း၀၉-၇၉၅၃၃၁၃၇၅၄

**လမ်းမတန်း မြေနေရာကောင်းရောင်းမည်**

ရန်ကုန်မြို့၊ စီးပွားရေးတက္ကသိုလ်အနီး အမှတ် (၂) လမ်းမကြီးပေါ် မျက်နှာလှည့် ဒီဇင်ဘာသီရိဂေဟာမြို့တော် မုခ်ဦး အနီး အကောင်းဆုံး မြေကွက်၊ ရွှေနဂါးအဆင့်မြင့် ဘော်ဒါဆောင်ခြံနှင့် ကပ်လျက် နေရာကောင်း။ လမ်းနှင့်အညီ အုတ်ရိုးစီ မြေဖို့ထားပြီး ပတ်ဝန်းကျင်ဖွံ့ဖြိုးသာယာရန် အလားအလာအလွန်ကောင်း မျက်နှာစာ အလျား ၅၅' x အနံ ၇၂' x နှစ်ကွက်တွဲ 1Sqft = ၃၀၀၀၀/-
ဖုန်း – ၀၉-၅၃၈၅၂၀၈ / ၀၉-၅၀၀၉၆၄၀

**ကော့ကရိတ်မြို့ အထက (၁)(ယခင် အထက)၏ တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်**

ကော့ကရိတ်မြို့၊ အထက(၁)(ယခင် အထက)မှ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများနှင့်တကွ ၁၉၈၅မတိုင်မီ ကော့ကရိတ်မြို့ အထကနှင့် ချိတ်ဆက်သင်ကြားခဲ့ကြသော အလက(၁၊၂)နှင့် အမက (၁မှ၉)အထိမှ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား တပည့်ကျောင်းသား၊ ကျောင်းသူဟောင်းများမှ ၂၀၁၅ခုနှစ်၊ မေလ(၉)ရက် (စနေနေ့)တွင် တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများအား ဖိတ်ကြားနိုင်ရေးအတွက် ဆရာကြီး၊ ဆရာမကြီးများမှ ၁၀-၄-၂၀၁၅ရက် မတိုင်မီ ဆက်သွယ်ပေးကြပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများမှ အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန်-
(ရန်ကုန်)ဖုန်း-၀၉-၄၅၀၀၄၃၇၂၂၊ ၀၉-၇၃၁၃၄၄၅၆၊ ၀၉-၇၉၃၁၃၄၁၅၅၊ ၀၉-၇၉၇၉၉၇၆၁၉၊ ၀၉-၄၂၅၀၄၇၉၉၉
(မော်လမြိုင်)ဖုန်း-၀၉-၂၅၅၈၁၁၂၉၃၊ ၀၉-၃၀၀၀၁၀၁၀





## ခွာနာလျှာနာရောဂါ ကြိုတင်ကာကွယ်ဆေးများ ကျောက်ဆည်မြို့တွင် အခမဲ့ထိုးပေးလျက်ရှိ

**ကျောက်ဆည် မတ် ၂၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့တွင်လည်း စီးပွားရေးအရေးပါမှု နွားကောင်ရေသိပ်သည်းမှုနှင့်တိရစ္ဆာန်ဝယ်ရောင်းဈေးများရှိသည့် တိရစ္ဆာန်ဖြတ်သန်းစီးဆင်းမှုများကို အခြေခံတွက်ချက်ပြီး ကျေးရွာအုပ်စု ၁၂ အုပ်စုအတွင်းရှိ ကျေးရွာပေါင်း ၃၅ ရွာအား မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ခွာနာလျှာနာ ကြိုတင်ကာကွယ်ဆေးများ ထိုးပေးလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၈ မြို့နယ်တို့တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (OIE)တို့ ပူးပေါင်းပြီး အခမဲ့ ကွင်းဆင်းထိုးပေးလျက်ရှိသည်။

အဆိုပါ ကာကွယ်ဆေးများကို မတ် ၂၃ ရက်မှ ဧပြီ ၁ ရက်အထိ ရွေးချယ်သတ်မှတ်ထားသောကျေးရွာများရှိ နွားကောင်ရေ တစ်ကောင်မကျန်အောင် ကွင်းဆင်းထိုးနှံပေးသွားမည်ဖြစ်ပြီး ယခုအကြိမ်သည် ဒုတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ်အဖြစ် ဖေဖော်ဝါရီကလည်း နွားကောင်ရေ ၁၁၀၃၇ကောင် အား ကာကွယ်ဆေးများအခမဲ့ ထိုးပေးခဲ့ကြောင်းသိရသည်။ **သက်မောင်**

## စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေး ဆွေးနွေး

**ငါန်းဇွန် မတ် ၂၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် ရပ်ကွက်၊ ကျေးရွာများရှိ စာကြည့်တိုက်များ ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို မတ် ၂၆ ရက် နံနက် ၉နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ဝန်ဆောင်မှုအလုပ်ရုံဆွေးနွေးပွဲတွင် ရပ်ကွက်၊ ကျေးရွာများမှ စာကြည့်တိုက်မှူး ၄၅ ဦးတို့က စာကြည့်တိုက်ဝန်ဆောင်မှု မြှင့်တင်နိုင်ရေးအတွက် မိမိတို့ဒေသအလိုက် လိုအပ်ချက်များ၊ အောင်မြင်မှုများကို အသီးသီးတင်ပြခဲ့သည်။

ယင်း ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြင်းခြံခရိုင်ဦးစီးမှူး ဒေါ်နှင်းရည်၊ မြို့နယ်ဦးစီးမှူး ဦးဇော်မင်းတို့က ပြန်လည်အကြံပြု ရှင်းလင်းဖြေကြားခဲ့သည်။ **သက်နောင်ဦး(ငါန်းဇွန်)**

## မကွေးမြို့နယ်ဧရာဝတီမြစ်ရိုးတစ်လျှောက် စိုက်ပျိုးထားသော ဖရဲသီးများ အရောင်းသွက်

**မကွေး မတ် ၂၈**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ဧရာဝတီမြစ်ရိုးတစ်လျှောက် စိုက်ပျိုးထားသော ဖရဲသီးများ ကျန်းမာရေးအတွက် အထောက်အကူပြုသဖြင့် မကွေးမြို့ရှိ ဈေးကြီးများတွင်လည်းကောင်း၊ မကွေးမြသလွန်ဘုရားကြီး သစ်သီးဈေး တန်းတွင်လည်းကောင်း မကွေးဒေသထွက် ဖရဲသီးများအရောင်းသွက်၍ စားသုံးသူ များပြားကြောင်း သိရသည်။



အဆိုပါ ဧရာဝတီမြစ်ရိုးတစ်လျှောက် စိုက်ပျိုးသော ဖရဲသီးများမှာ မိရိုးဖလာ သဘာဝမြေသြဇာဖြင့် စိုက်ပျိုး၍ သဘာဝအသီးအနှံများကို လတ်လတ်ဆတ်ဆတ်စားသုံးရပြီး ဈေးနှုန်းချိုသာသောကြောင့် ဝယ်ယူသူများပြားကြောင်း၊ မြန်မာနိုင်ငံအနှံ့အပြား ဘုရားဖူးများလည်း မကွေးမြသလွန်ဘုရားကြီး လာရောက်ဖူးမြော်ရင်း ကျွန်းသီးနှံ၊ ကျွန်းစိုက်ခင်းမှ ဖရဲသီးဦးများကို အိမ်ပြန်လက်ဆောင်အဖြစ်လည်းကောင်း၊ ဈေးနှုန်းချို၍ ကျန်းမာရေးအထောက်အကူပြု သဘာဝသီးနှံဖရဲသီးများကို မိသားစု စားသုံးရန် ဝယ်ယူကြကြောင်း သိရသည်။

"ဖရဲသီးတစ်လုံးကို ကျပ် ၅၀၀ ကနေ ကျပ် ၁၀၀၀ အထိရှိပါတယ်။ သဘာဝအချို အရသာထူးကြောင့် ထိုင်ဝမ်ဖရဲသီးများကတော့ အရောင်အသွေးအစုံအလင် အလုံးကြီးကြီးနဲ့လှပါတယ်။ လတ်လတ် ဆတ်ဆတ် စားရသောအသီးလောက်မချိုပါဘူး။ အရည်ရွှမ်းတာကလည်း မြန်မာကိုင်း၊ ကျွန်းကထွက်တဲ့ ဖရဲသီးက ပိုပြီး အရည်ရွှမ်းတယ်။ ကွမ်းချိုးချချင်သူတွေ၊ ဆီးနှင့် ပတ်သက်တဲ့ ရောဂါသည်တွေ၊ အသည်းရောဂါဝေဒနာရှင်တွေ၊ ဖရဲသီးစားသုံးသင့်ပါတယ်"ဟု ဒေသခံတစ်ဦးက ၎င်း၏အမြင်ကို ပြောသည်။

ယင်းဖရဲသီးများကို မြန်မာနိုင်ငံတွင်ရှိ ကိုင်း၊ ကျွန်းများမှလည်းကောင်း၊ ထိုင်ဝမ်မှလည်းကောင်း ဝယ်ယူတင်သွင်း၍ မြန်မာနိုင်ငံရှိ ဖရဲသီးများ ကိုလည်း ထိုင်ဝမ်မှ ဝယ်ယူကြောင်းနှင့် နွေရာသီတွင် ရာသီစာအဖြစ် ဝမ်းတွင်းအေးအောင်၊ အပူဒဏ် ကာကွယ်နိုင်ရန် ဖရဲသီးများ စားသုံးသူများ၍ ကျန်းမာရေး အထောက်အကူ ပြုသည့်အတွက် ဖရဲသီးရောင်းချသူများ ဖရဲစိုက်ပျိုးသူများပါ အရောင်းသွက်နေကြောင်း သိရသည်။

**ခင်သန်းဦး(ဖန်းခါးမြေ)**

IT COMPUTER TRAINING CENTER
ENGLISH Language
AutoCAD - 3ds Max
VIDEO EDITING
Computer Basic
LCCI I-II
MOBILE PHONE Software + Hardware
DESKTOP PUBLISHING
Service Technician
GRAPHIC DESIGN
HOT LINE - 09492907778, 385353, 253293

PUN HLAING HOSPITAL
မြန်မာ့နှစ်သစ်ကူးအထူးအစီအစဉ်
ပန်းလှိုင်ဆေးရုံကြီးနှင့်ပန်းလှိုင်ဆေးခန်းတို့တွင်အဆင်ပြေတိကျသောဝန်ဆောင်မှုများနှင့်ကျန်းမာရေး
စစ်ဆေးခြင်းအစီအစဉ်များကို အထူးသက်သာသောနှုန်းထားများဖြင့်ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း
သတင်းကောင်းပါးအပ်ပါသည်။
April 1st ~ 30th Only
'ကျန်းမာပျော်ရွှင်တဲ့မိသားစုဘဝကိုပိုင်ဆိုင်ဖို့ပုံမှန်ကျန်းမာရေးစစ်ဆေးကြပါစို့'
LIKE US ON facebook Pun Hlaing Hospital
ဆက်သွယ်ရန် - (၀၁) ၆၈၄ ၃၂၁၊ ၆၈၄ ၃၂၅၊ ၆၈၄ ၃၃၆၊ ၂၄၃ ၀၁၀၊ (၀၉) ၄၂၁၀ ၄၂၆၇၉ Email : marketing-phih@spa-mm.com

## ကြော်ငြာ


**ရွှေပြည်ဟိန်း ကုသိုလ်ဖြစ် ဆေးရုံ ဧပြီလ၊ ၂၅-၂၆၊ (၄၆)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

မတ်လ (၁၅)ရက် (၄၅)ကြိမ်အထိ မျက်စိဝေဒနာရှင် ဦးရေ(၅၀၀၀)ပြည့် အလင်းဒါနပြုလုပ်ပြီးဖြစ်ပါသည်။ ဧပြီလ (၂၅၊ ၂၆)ရက်တွင် ၄၆-ကြိမ်မြောက် မျက်စိခွဲစိတ် အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀/-ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - **သီတဂူ ရွှေပြည်ဟိန်း စေတနာ့ဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း ပြည်သာယာ၊ ရန်ကင်း၊** (ကျိုက္ကဆံစုပါဝင်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း- ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉ ရွှေဝိုင်တိုင်ကမ္ဘောဇဘဏ် အချိန်ဆိုင်းစာရင်း (AccountNo.00730200701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။



**သီတဂူရေအလှူတော်နှင့် ကျော်ကျော်အေးမေ့ဗိမာန်တော်ကြီးရေစက်သွန်းချအလှူတော်မင်္ဂလာ**





အနန္တောအနန္တငါးပါးနှင့် ကျေးဇူးရှင်များအားဦးထိပ်ထားလျှက် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်၊ ကွဲဆည်ကန် (၃)လမ်း၊ မိုးကုတ်ဝိပဿနာ မင်္ဂလာရိပ်သာ(တောင်ဘက်)အတွင်း၌ ဆောက်လုပ်လှူဒါန်းအပ်သော ကျော်ကျော်အေးမေ့ဗိမာန်တော်ကြီးကို သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရမှ ရေစက်သွန်းချအနုမောဒနာတရားဟောကြားချီးမြှင့်မည်ဖြစ်ပါ၍ ၁၃၇၆ ခု၊ တန်ခူးလဆန်း (၁၃) ရက်၊ (၁. ၄. ၂၀၁၅)ဗုဒ္ဓဟူးနေ့ နံနက် (၉:၀၀)နာရီအချိန်တွင် ကျော်ကျော်အေးမေ့ဗိမာန်တော်သို့ (KPK မိသားစု)နှင့်အတူတကွ နာယူကြည်ညိုနိုင်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

ဦးဖုန်းကျော် + ဒေါ်အေးအေးမာ

(KPK မိသားစု)

တမဝတီ - ကြေးသွန်းရပ်၊ မန္တလေးမြို့။



**သင်္ကြန်ကာလမိုးကုတ်ဝိပဿနာအထူးတရားစခန်းပွဲ**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ နန္ဒဝန်ဈေး၊ သာသနာ့နုဂ္ဂဟဓမ္မာရုံကြီးတွင် အဌမအကြိမ်မြောက် တရားစခန်းပွဲကြီးကို ၁၀-၄-၂၀၁၅ရက်မှ ၁၇-၄-၂၀၁၅ရက်ထိ (၇)ရက်တိုင်တိုင် ရွှေတောင်မော်ပရိယတ္တိစာသင်တိုက်မှ ဘဒ္ဒန္တဝိသုဒ္ဓ(ဓမ္မာစရိယ)ဆရာတော်မှ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ဝိပဿနာတရားတော်များကို ဟောကြားပို့ချမည်ဖြစ်ပါသောကြောင့် တရားစခန်းဝင်လိုသောယောဂီများ စာရင်းပေးသွင်းနိုင်ပါကြောင်း လေးစားစွာဖိတ်ကြားအပ်ပါသည်။

**သာသနာ့နုဂ္ဂဟဓမ္မာရုံအကျိုးဆောင်အဖွဲ့**



ပညာရေးဝန်ကြီးဌာနခွင့်ပြုချက်မှတ်ပုံတင်အမှတ် - တတ-၁၃/၁၀/၁၃၄ ထပ်မံဖွင့်လှစ်သည့် စာသင်ဝိုင်းများ **၂၀၁၅ - ၂၀၁၆ စာသင်နှစ်အတွက်**

**ဆရာယုန်ဘိုင်အို** တည်ထောင်သည့်

# အောင်တံခွန်

**အထက်တန်းအဆင့် ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် ဘော်ဒါ**

အားသုံးပြည်သူ့ကျောင်းသားမိဘမြို့
မေလအတွက် ဘာသာစုံ စာသင်ဝိုင်းများကိုလည်း စတင်လက်ခံနေပါပြီ။ ၇.၅.၂၀၁၅ ကိုယ်ပိုင် အထက်တန်းကျောင်းစဖွင့်မည်။

- ၈၊၉၊၁၀ တန်းဘာသာစုံစာသင်ဝိုင်းများ
- ၉တန်း၊၁၀တန်းကိုယ်ပိုင်အထက်တန်းကျောင်း
- တစ်လချင်းပေးဘော်ဒါ
- သင်ကြား + နေထိုင် (စားစရိတ်မပါ) ဘော်ဒါ
- တစ်ပတ်လျှင် အင်္ဂလိပ်စာ ၄ ချိန်၊ သင်္ချာ ၄ ချိန်နှင့် အားနည်းသည့် ဘာသာရပ်တိုင်းထပ်ဆောင်းသင်ကြားသည်။

အတန်းထိန်း ဆရာမများ အလိုရှိသည်။ အတွေ့အကြုံရှိရန်မလို။

၁။ တိုက်(၄)၊ အခန်း(၂၀၃)၊ ကျိုက်ဒေါ်အိမ်ယာ၊ ပုဇွန်တောင်။ ဖုန်း - ၀၉ ၇၃၁၂၉၇၂၂၊ ၀၉ ၅၀၂၂၈၇၉
၂။ မြေအမှတ် (၈၈၂)၊ ကျုံစစ်သား(၂)လမ်း၊ ကဟကသွယ်ရပ်ကွက်၊ ဒလမြို့။ ဖုန်း - ၀၉ ၄၂၀၁၃၇၉၄၃





# စွယ်တော် စီးတီး အိမ်ရာ

မင်္ဂလာဒုံမြို့နယ်






■ ရန်ကုန်မြို့တော်၏ မြောက်ဖက် အဓိကဝင်ပေါက်၊ အမှတ် (၃) လမ်းမကြီးအနီး ၊အောင်မင်္ဂလာ အဝေးပြေး ကားဂိတ်၊ သီရိရတနာ လက်လီလက္ကားဈေး၊ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တို့နှင့် အနီးဆုံးနေရာတွင် တည်ရှိပြီး ရန်ကုန်စက်မှုဇုန် ၊ မင်္ဂလာဒုံစက်မှုဇုန် ၊ Royal Mingalardon Golf Resort တို့ တည်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်၏ အလယ်တွင်တည်ရှိသည့် စီးပွားရေးအရ အချက်အခြာကျသောနေရာ ဖြစ်သည်။



■ မင်္ဂလာဒုံဥယျာဉ်မြို့တော်ရှိ မြေကေ (၃၀)ပေါ်တွင်တည်ဆောက်သွားမည့် စီမံကိန်း ဖြစ်ပြီး တိုက်ခန်းပိုင်ရှင်များ အနေဖြင့် အချိုးကျ မြေပိုင်ဆိုင်မှု ရစေမည့် စုပေါင်းအိမ်ရာ ဖြစ်သည်။

■ ထိုင်းနိုင်ငံ G4 Architect မှ ရေးဆွဲသော ဗိသုကာဒီဇိုင်း၊ ခေတ်မီ Post -Tensioned စနစ်ဖြင့် 10" Concrete Slab၊ ငလျင်ဒဏ်ခံနိုင်သည့် Shear wall များ ထည့်သွင်း ဆောက်လုပ်မည့် (ဂ)ထပ် အဆင့်မြင့် ကွန်ဒိုမီနီယံဖြစ်ပြီးအဆောက်အအုံတိုင်းတွင် 2500 sq-ft ခန့် ကျယ်ဝန်းသော Lobby ပါရှိပါမည်။



900 sq-ft for 2 Bedrooms
1300 sq-ft for 3 Bedrooms


■ အဆောက်အအုံတိုင်းတွင်Schindler အမျိုးအစား ဓာတ်လှေကား (၄)စီး၊ Security System, CCTV, Fire protection & Fire alarm system,Back up Generator systemများ ပါဝင်ပြီး အိမ်ရာဝင်း တစ်ခုလုံး အတွင်းUnder ground cable များ ကိုသာအသုံးပြုသွားပါမည်။

■ ရေကူးကန်များ၊စားသောက်ဆိုင်၊ Fitness center ၊ SPA၊ Steam၊ Sauna၊ Jacuzzi၊ Convenience Store၊ကလေးကစားကွင်း၊ဘတ်စကက်ဘောကွင်းနှင့် လူ(၃၀၀)ခန့် စုဝေးနိုင်သော မြက်ခင်းပြင်/ခန်းမများ ပါဝင်သော Clubhouse တစ်ခု ပါဝင်ပါမည်။



■ (၃)ကေခန့် အကျယ်အဝန်းရှိ သဘာဝရေကန် ပတ်လည်တွင် လမ်းလျှောက်လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ စက်ဘီးစီးခြင်းများ ပြုလုပ်နိုင်သည့် လမ်းများနှင့် အဆောက်အအုံပတ်လည်တွင် သာယာလှပသော ပန်းခြံ ဥယျာဉ်နှင့် ယာဉ်ရပ်နားရန် နေရာများ အလုံအလောက် ပါဝင်ပါသည်။






Starting from 1Sq-Ft MMK 75,000ks/-

Early Register Now!

ဆက်သွယ်ရန် - ဂမုန်းပွင့်ကုမ္ပဏီလီမိတက်၊ အမှတ် (၂၄၅)၊ဘားကရာလမ်း၊ မြေနီကုန်း၊စမ်းချောင်း၊ရန်ကုန်မြို့။ ဖုန်း ၀၁ - ၅၁၆၅၃၃၊ ၅၁၆၅၃၄၊ ၅၁၆၅၃၅၊ ၅၁၆၅၃၆

ကြော်ငြာ





| | |
|---|---|
| Model | : R906 |
| Operating Weight | : 23 Tons |
| Engine Output | : 105 kW/ 143 HP |
| Bucket Capacity | : 1.2 $m^3$ (Heavy Duty) |
| Low Fuel Consumption | : 12 - 15 Liter per hour |

Contacts : 09 2501068632, 09 450055445, 09 402600766
www.facebook.com/LiebherrMyanmar

**LIEBHERR**

| | |
|---|---|
| Mixing Drum Size | : 3 $m^3$ to 9 $m^3$ |
| Mixing Spirals + Drum | : High Tensile Steel LH 37 (IMPORTED FROM GERMANY) |

**SUITABLE FOR ALL TRUCK CHASSIS.** (UD,FUSO, HINO, VOLVO, MAN,SCANIA,MERCEDES, IVECO AND ANY OTHER CHASSIS)

**Price Starting From**

| | Installation in Thailand (Ex-Factory) | Installation in Yangon (Included tax and installation ) |
|---|---|---|
| 3 $m^3$ | Euro 13,800 | Euro 20,000 |
| 5 $m^3$ | Euro 15,000 | Euro 20,900 |
| 7 $m^3$ | Euro 16,300 | Euro 21,500 |
| 9 $m^3$ | Euro 20,500 | Euro 26,300 |




**Octagon Automobiles & Machinery Services - The Exclusive Authorised LIEBHERR Dealer in Myanmar.**

Contacts : 09 420122330, 09 250796160, www.facebook.com/LiebherrMyanmar

**LIEBHERR**


ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်

# 68 RESIDENCE CONDOMINIUM

68 Residence
WE DEFINE LIFESTYLE

DEVELOPED BY:
UNITED GP
Development by GOLDEN PALACE

ကမ္ဘာအေးစေတီလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဘိုးဘွားပိုင်မြေ တစ်ကေပေါ်ရှိ
အထပ်ပေါင်း (၂၇)ထပ်၊ အခန်းပေါင်း (၃၇၅)ခန်းပါရှိမည့် ကမ္ဘာ့အဆင့်ကွန်ဒိုမီနီယံနှင့်
SOMERSET SERVICED RESIDENCE ပါရှိသော
မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကမ္ဘာ့အဆင့်အိမ်ရာစီမံကိန်း







## 5 % Discount
## +
## Interior Decoration Package with fully furnished facilities

( 5th February - 12th April, 2015)
*Terms & Conditions

- မြန်မာနိုင်ငံ၏ ပထမဆုံးသော Infinity Sky Swimming Pool & Garden @ 27th Storey
- မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ရည်ရွယ်ချက်မျိုးစုံအသုံးပြုနိုင်သည့် Dual Key System Unit များ
- အပူဒဏ်နှင့် အသံဆူညံမှုတို့ကို အပြည့်အဝကာကွယ်ပေးသည့် မှန်နှစ်ထပ်ပါ Loe E-Glass System
- တစ်နေရာတည်းတွင် ရုံးခန်းနှင့်လူနေအိမ်ခန်းတွဲလျက်ပါရှိမည့် Duplex System
- အဆင့်မြင့် Smart Home System နှင့် လုံခြုံရေး Finger Print Access System
- အဆင့်မြင့်မီးဘေးအန္တရာယ် ကာကွယ်ရေးစနစ်နှင့် အလိုအလျောက် မီးငြိမ်းသတ်စနစ်

More than
## 84 %
Sold Out

**အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးနေပါသည်။**

ငလျင်ဒဏ်ကိုရစ်ချက်တာစကေးအနည်းဆုံး(8)ခံနိုင်အောင်
တည်ဆောက်ထားပါသည်။

CONDOMINIUM LAW အရ မြေပိုင်ဆိုင်မှုကိုလည်း
အခန်းဝယ်ယူသူအားလုံး ရာသက်ပန် စုပေါင်းအချိုးကျပိုင်ဆိုင်နိုင်မည့်
အလွန်ရိုင်မာသေချာရေးနှင့်မြဲ့ပြဲ့ပမှ

| ROOM TYPES | SQFT |
|---|---|
| 1 BEDROOM | 750 Sqft |
| 2 BEDROOMS | 1000 - 1100 Sqft |
| 2 BEDROOMS + STUDY | 1200 - 1300 Sqft |
| 3 BEDROOMS + STUDY | 1380 - 1580 Sqft |
| DUPLEX (3 BEDROOMS + 1) | 2100 Sqft |
| DUAL KEY (2 BEDROOMS + 1 BEDROOM) | 2100 Sqft |

SHOWROOM :
44/A, SAYAR SAN ROAD, BAHAN TOWNSHIP, YANGON, MYANMAR.
01-8604477, 09-4253 10993, 09-730 40513, 09-4500 21758, 09-540 7541, 09-2501 41060

# YANGON TYRE အတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

ရန်ကုန်တာယာစက်ရုံ (ဘီးလင်း) မှ စတင်ထုတ်လုပ်သော **STEEL RADIAL TYRE** များ ဈေးကွက်သို့ မိတ်ဆက်ခြင်းနှင့် **YANGON TYRE** အရောင်းဆိုင်ပိုင်ရှင်ကြီးများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ၂၆ - ၃ - ၂၀၁၅ နေ့ **SEDONA HOTEL** တွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် လုပ်ငန်းများဆတက်ထမ်းပိုး ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ရန်ကုန်တာယာအရောင်းကိုယ်စားလှယ်ကြီးများ

ဦးမောင်မောင် - B.S တာယာဆိုင်၊ မန္တလေးမြို့။
ဦးသန်းမြင့် - မန်းပါဝါကုမ္ပဏီ၊ မန္တလေးမြို့။
ဦးအီဆပ် - ရွှေမြိုင်တာယာဆိုင်၊ ရန်ကုန်မြို့။
ဦးတော်မီ - ဇကာဒီပါတာယာရောင်းဝယ်ရေး၊ ရန်ကုန်မြို့။

**MTSH Myanmar Thilawa SEZ Holdings Public Limited**

## အိတ်ဖွင့် တင်ဒါ ခေါ်ယူခြင်း

၁။ Myanmar Thilawa SEZ Holdings Public Ltd ၏ သံလျင်/ ကျောက်တန်း မြို့နယ်ရှိ အထူးစီးပွားရေးဇုန်အိမ်ရာစီမံကိန်း(Residential and Commercial Area) အတွင်းတွင် လမ်းဖောက်လုပ်ခြင်းနှင့် ရေမြောင်းတူးဖော်သွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် အောက်ဖော်ပြပါ အရည်အချင်းနှင့်ပြည့်စုံသော မြန်မာနိုင်ငံသားလုပ်ငန်း ရှင်များ၊ ပြည်ပနိုင်ငံခြားသားလုပ်ငန်းရှင်များနှင့် ပြည်တွင်းပြည်ပဖက်စပ် လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည် -

(က) လမ်းဖောက်လုပ်ခြင်းနှင့် ရေမြောင်းတူးဖော်သွယ်တန်းခြင်း လုပ်ငန်းတွင် အတွေ့ အကြုံ (၃)နှစ်နှင့် အထက်ရှိရမည်။

(ခ) ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီနှင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် လုပ်ကိုင်ခွင့်လိုင်စင် ရရှိသူဖြစ်ရပါမည်။

(ဂ) လျှောက်လွှာတင်သွင်းရာတွင် တင်ဒါ အာမခံစပေါ်ငွေသည် ကျပ်သိန်း (၁၀၀) သို့မဟုတ် အမေရိကန်ဒေါ်လာ (၁၀,၀၀၀)ပေးသွင်းရပါမည်။ တင်ဒါအောင်မြင် ခြင်းမရှိပါက ပြန်လည်ထုတ်ပေးပါမည်။

၂။ တင်ဒါဖောင်ဝယ်ယူချိန်၌တင်ဒါစည်းကမ်းနှင့်အတူ Detail Design နှင့် Scope of Work တို့ကိုပူးတွဲပေးအပ်မည်ဖြစ်ပါသည်။

၃။ တင်ဒါပုံစံစတင်ရောင်းချမည့် နေ့မှာ၂၀၁၅ခုနှစ် မတ်လ(၃၀)ရက်နေ့ ဖြစ်ပြီး တင်ဒါ ပိတ်မည့်နေ့မှာ ၂၀၁၅ခုနှစ် ဧပြီလ (၆)ရက်နေ့ မွန်းတည့်(၁၂)နာရီဖြစ်ပါသည်။

၄။ တင်ဒါပုံစံတစ်စောင်လျှင် ကျပ်(၁၀၀,၀၀၀/-)ဖြင့် အောက်ပါလိပ်စာအတိုင်း ရုံး ချိန်အတွင်းလာရောက်စုံစမ်းဝယ်ယူနိုင်ပါသည် -

- အမှတ်(၂၉)၊၁၁လွှာ၊မြန်မာနိုင်ငံစက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် မင်းရဲကျော်စွာလမ်း၊လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
  ဖုန်း- ၀၁-၂၃၀၁၇၇၂ ၊ ၂၃၀၁၇၇၃
  မိုဘိုင်းဖုန်း- ၀၉-၄၂၁၀၂၅၅၅၂
  Gmail address -trc.pcoordinator@gmail.com




ဖုန်း 537895, 502775
549590, 09254148006
www.getc-languageschool.com
Thingyan Promotion 25 % OFF in April! Enroll Now!

၂၀၁၅ နှစ်သစ်ကူး မဟာသင်္ကြန်တွင်
သင်္ကြန်မဏ္ဍပ် တပ်ဆင်ဆောက်လုပ်လိုသူများအတွက်

ငါးထပ်သားပြား(4' x 7')များ ရောင်းရန် ရှိသည်။
၁ ချပ် – ၉၅၀၀ ကျပ်
ဆက်သွယ်ရန် – ဖုန်း ၂၄၂၀၅၃၊၃၈၅၅၃၆၊၂၄၆၈၄၅၊ ၃၈၅၅၅၀၊၀၉၂၅၀၆၅၀၀၄၉၊

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

လှိုင်၊ အုတ်ကျင်းဘုရားလမ်း အဆင့်မြင့် Condo (အင်းစိန်လမ်းမအနီး),(1875 sqft),MB(3)ခန်း,AC(5), Water-Heater, Lift,ကားပါကင်,အဆင့်မြင့်ပြင်ဆင်ပြီး
ဈေးနှုန်း = 2650 သိန်း

လှိုင်သာယာ၊ ရွှေကမ်းသာယာအိမ်ရာ (25' x 75')၊ ပါမစ်မြေ ဝင်ပေါက်မျက်နှာဦးအနီး
ဈေးနှုန်း = 650 သိန်း

မြန်မာ့အကောင်းဆုံး နဂါးနီကုမ္ပဏီ

လုပ်ငန်းသုံး ဘီးနပ် ၁၀လုံး၊ ၈လုံး၊ ၆လုံးDumper မျိုးစုံကို Warranty ဖြင့်ဝယ်ယူနိုင်ပါသည်။




73104046
73104047
448026388

အမှတ်(၁၅) ကျန်စစ်သားစက်မှုဇုန် အမှတ်၂ လမ်းမကြီး၊ မဂ္ဂလာလှိုင်း(၃) ကားဂိတ်အနီး၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ရန်ကုန်မြို့။

# ရန်ကုန် – ဘန်ကောက် အသွားအပြန်ခရီး အပျော်တမ်းစက်ဘီးစီးနှင်းမည်



**ရန်ကုန်　　မတ်　　၂၈**

ပြည်တွင်းမှ စက်ဘီးစီးဝါသနာရှင်သုံးဦးတို့သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ အသွားအပြန်ခရီးအဖြစ် စက်ဘီးဖြင့် အပျော်တမ်းစီးနှင်းကြမည်ဖြစ်ပြီး ယင်းခရီးစဉ်မှာ ရက်ရှည်ခရီးဝေးစီးနှင်းရသော အစီအစဉ်မျိုးလည်းဖြစ်ကြောင်း သိရသည်။

အဆိုပါခရီးစဉ်မှာ အသွား ၁၀ ရက်၊ အပြန် ၁၀ ရက် ကြာမြင့်မည်ဟုသိရပြီး ပြည်တွင်းရှိ ကျိုက်ထို၊ ဘားအံ၊ ကော့ကရိတ်၊ မြဝတီစသောမြို့များ၌ ညအိပ်ရပ်နားရန်စီစဉ်ထားကာ အသွားခရီးစဉ်တစ်ခုတည်းပင် ကီလိုမီတာ ၉၅၀ ခန့်ရှိကြောင်း ယင်းခရီးစဉ်တွင် ပါဝင်စီးနင်းမည့် ကိုမျိုးနိုင်ဦးက ပြောသည်။

၎င်းက ဆက်လက်ပြောကြားရာတွင် "ကျွန်တော်တို့ မတ် ၂၉ ရက် နံနက် ၅ နာရီမှာ အင်းစိန်လမ်းသစ်လမ်းမှာရှိတဲ့ ရွှေကောင်းကွယ်ရှေ့ကနေထွက်မယ်။ ၅ နာရီခွဲမှာ ဝါယာလက်ကရွှေခရားဆိုင်ရှေ့ကနေ ထွက်ခွာကြမှာ ဖြစ်ပါတယ်။ ပြည်တွင်းခရီးစဉ်တော်တော်များများကိုလည်း စက်ဘီးစီးပြီးတာမို့ ပြည်ပခရီးအဖြစ် အခုလို စီးနင်းကြတာဖြစ်ပါတယ်" ဟု ရှင်းပြသည်။ ထိုခရီးစဉ်သည် ၎င်းတို့အတွက် ပထမဆုံးခရီးစဉ်တစ်ခုဖြစ်ပြီး ခရီးစဉ်အတွက် လိုအပ်သောပြင်ဆင်မှုများလုပ်ဆောင်ထားကြောင်း၊ ခရီးဝေးစက်ဘီးစီးနင်းသူအများအပြားရှိသော်လည်း ငွေကုန်ကြေးကျရှိခြင်းနှင့် ရက်ရှည်စီးနင်းရသောကြောင့် **စာမျက်နှာ ၉ ကော်လံ ၅ သို့ ✳**

ယနေ့ ● မာတိကာ

ပြည်သူလူထုအခြေပြု ကျန်းမာရေး
စာမျက်နှာ - ၂

စီးပွားရေးလုပ်ငန်းတိုင်း ပြည်ပဈေးကွက် ဦးတည်ထုတ်လုပ်လာရေး
စာမျက်နှာ - ၆

နိုင်ငံတကာစာနယ်ဇင်းအဖွဲ့ အစည်း ကမ္ဘာ့ညီလာခံ ဒုတိယနေ့ ဆက်လက်ကျင်းပ ဘင်္ဂလားဒေ့ရှ်မှ ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ပါဝင်ဆွေးနွေး
စာမျက်နှာ - ၈

# အာရှယူ-၂၃ ခြေစစ်ပွဲများ ယနေ့ ဆက်လက်ယှဉ်ပြိုင်မည်



တရုတ်(တိုင်ပေ)နှင့်ပွဲ၌ ဂိုးသွင်းအပြီး အောင်ပွဲခံနေသည့် မြန်မာအသင်း။

**သတင်းနှင့်ဓာတ်ပုံ - ရှိုင်းထက်ဇော်**

အာရှဘောလုံးအဖွဲ့ချုပ်(AFC)မှ ကြီးမှူးကျင်းပလျက်ရှိသည့် အာရှယူ-၂၃ ပြိုင်ပွဲခြေစစ်ပွဲစဉ်များကို မတ် ၂၉ ရက်တွင် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

တရုတ်(တိုင်ပေ)တွင် ကျင်းပလျက်ရှိသည့် အုပ်စု(စ) ဒုတိယပွဲစဉ်များအဖြစ် မြန်မာစံတော်ချိန်မွန်းလွဲ ၂ နာရီခွဲတွင် မြန်မာနှင့် ဟောင်ကောင်၊ ညနေ ၅ နာရီခွဲတွင် ဩစတြေးလျနှင့် တရုတ်(တိုင်ပေ)အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းနှင့် ဩစတြေးလျအသင်းတို့မှာ ပွဲဦးထွက် ပွဲစဉ်များတွင် ဂိုးပြတ်နိုင်ပွဲများရရှိထားသည့်အသင်းဖြစ်ပြီး ဒုတိယပွဲ၌ အနိုင်ရသော အသင်းများမှာ ခြေစစ်ပွဲအောင်မြင်ရန် အခြေအနေ ကောင်းသွားမည်ဖြစ်သည်။ မြန်မာအသင်းသည် ပထမပွဲ၌ အိမ်ရှင်တရုတ်(တိုင်ပေ) အသင်းကို **စာမျက်နှာ ၅ ကော်လံ ၃ သို့ ○**

# နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impluse-2 မတ် ၃၀ ရက်တွင် မန္တလေးမြို့မှ ထွက်ခွာမည်

**မန္တလေး　　မတ်　　၂၉**

နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impluse-2 သည် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ တရုတ်နိုင်ငံ ချုံကျင်းမြို့သို့ မတ် ၃၀ ရက် နံနက် ၄ နာရီတွင် ကမ္ဘာတစ်ပတ်ခရီးစဉ်အဖြစ် ဆက်လက်ပျံသန်းမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဆက်လက်ပျံသန်းခြင်းမပြုမီ မတ် ၂၉ ရက် မွန်းတည့် ၁၂ နာရီတွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကမ္ဘာတစ်ပတ်ခရီးစဉ် ပျံသန်းနိုင်ရေးအစီအစဉ်များကို ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

လေယာဉ်ထွက်ခွာချိန်တွင် သတင်းနှင့်ဓာတ်ပုံရယူကြမည့် မီဒီယာများအနေဖြင့် မတ် ၂၉ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအတွင်း မန္တလေး အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ် (၂၀ × ၂၁)လမ်း၊ (၈၂ × ၈၃) လမ်းကြား ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)၌ လေဆိပ်ဝင်ခွင့်မီဒီယာကတ်များ လာရောက်ထုတ်ယူနိုင်ပြီး မတ် ၃၀ ရက် နံနက် ၂ နာရီတွင် မန္တလေး ဘူတာကြီးစုရပ်မှ ကြို/ပို့ယာဉ်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

Solar Impluse Team အဖွဲ့ဝင်တစ်ဦးက "Solar လေယာဉ် ကမ္ဘာတစ်ပတ်ခရီးစဉ် ဆက်လက်ပျံသန်းနိုင်ဖို့အတွက် ပျံသန်းရာလမ်းကြောင်းတစ်လျှောက်မှာရှိတဲ့ မြန်မာနိုင်ငံက ရာသီဥတုအခြေအနေတွေနဲ့ တရုတ်နိုင်ငံရဲ့ ရာသီဥတုအခြေအနေတွေကိုပါ ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ ရရှိလာတဲ့ ရာသီဥတုခန့်မှန်းချက်တွေအပေါ် မူတည်ပြီး မြန်မာနိုင်ငံကနေ ဆက်လက်ပျံသန်းဖို့ ပြင်ဆင်ဆောင်ရွက်ရမှာဖြစ်ပါတယ်"ဟု ပြောသည်။ **မင်းမင်းဇော်(ကလေး)**







themirror.npt@gmail.com
www.facebook.com/themirrordaily